# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဉစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၁၄၃)

## ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့် အတူ ချင်းတိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က**
**(၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ**
**၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်**

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သည့် (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့ မင်္ဂလာအခါသမယ၌ ချင်းပြည်နယ်အတွင်းသာမက မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောက်ရှိနေထိုင်လျက်ရှိကြသော ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်ကျွန်ပြုပြီးသည့်နောက် တောင်တန်းနှင့် မြေပြန့်ဒေသများကို သွေးခွဲအုပ်ချုပ်ခဲ့ပါသည်။ ချင်းတိုင်းရင်းသားတို့သည် ကိုလိုနီလက်အောက်ကနေ လွတ်မြောက်ရန် အသက် သွေး ချွေး အိုးအိမ်စည်းစိမ်များစွာကို

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ငြိမ်းချမ်းရေး၏ အရှက်ဦး နေခြည်သစ်များ မွန်ပြည်နယ်တစ်ခုလုံး၌ လင်းလက်တောက်ပလျက် နွေးထွေးစွာလွှမ်းခြုံလာနေသည်မှာ အားလုံးအသိပင်ဖြစ်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ**
**(၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**
**၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်**
**(၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်)**

ယနေ့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်သည် မွန်တိုင်းရင်းသားအပေါင်းတို့ အလေးအမြတ်ဂုဏ်ယူတန်ဖိုးထားသည့် နေ့ထူးနေ့မြတ်ဖြစ်သော မွန်အမျိုးသားနေ့ ဖြစ်ပါသည်။ ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာနိုင်ငံနေရာ အနှံ့အပြားတွင် နေထိုင်ကြသော မွန်တိုင်းရင်းသားများနှင့် နိုင်ငံတကာသို့ ရောက်ရှိနေသော မွန်တိုင်းရင်းသားအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သလိုက်ပါသည်။

သာမလနှင့် ဝိမလ မွန်ညီနောင်နှစ်ပါးတို့က ဟံသာဝတီ ပဲခူးမြို့တော်ကို စတင်ထူထောင်ခဲ့သော သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် ၁၉၄၆ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် သံဖြူဇရပ်မြို့နယ် ပင်ရွာတွင် ကျင်းပသော မွန်အမျိုးသားညီလာခံက ဆုံးဖြတ်ခဲ့ပြီး နှစ်စဉ် မွန်အမျိုးသားနေ့အခမ်းအနားများကို ကျင်းပခဲ့ရာ ယခုဆိုလျှင် (၇၂)ကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ အင်ဒရီရာ ဖော့ခ်နာသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



### သံအမတ်ခန့်အပ်လွှာ ပေးအပ်

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စ အင်ဒရီရာ ဖော့ခ်နာက ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**

သတင်းစဉ်

KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ဝေဖန်ရေးမှ တိုးတက်ရေးသို့

ဝေဖန်ရေးတွင် အင်အားရှိသည်။ ဝေဖန်ရေးက ပိုမိုမှန်ကန်ရေး ပိုမိုတိုးတက်ရေးကို ရှေးရှုသည်။ ဝေဖန်ရေးကို နိုင်ငံရေး၊ စီးပွားရေး၊ စာပေ အနုပညာနှင့် ယဉ်ကျေးမှု နယ်ပယ်အသီးသီးတွင် တွေ့မြင်ရသည်။ ယေဘုယျအားဖြင့်ဆိုရလျှင် ဝေဖန်ရေးသည် ကြိုဆိုရမည့်လုပ်ငန်း ဖြစ်သည်။ အားပေး မြေတောင်မြှောက်ပေးရမည့် ကိစ္စဖြစ်သည်။

ထို့ပြင် ဝေဖန်ရေးဟူသည် ဒီမိုကရေစီနှင့် ယှဉ်တွဲပေါ်ထွန်းနေသည့် လုပ်ငန်းဖြစ်သည်။ ဒီမိုကရေစီမရှိဘဲ ဝေဖန်ရေးမကျယ်ပြန့်နိုင်။ ဒီမိုကရေစီ မရှိဘဲ ဝေဖန်ရေးအင်အား၏ အားသာချက်များ၊ တိုးတက်မြင့်မားမှုများကို မရနိုင်။

ဒီမိုကရေစီ ဆိတ်သုဉ်းနေသည့် ကာလများတွင် ဝေဖန်ရေးသည်လည်း မှိန်ဖျော့တိတ်ဆိတ်သွားခဲ့သည်ကို ဖြတ်သန်းခဲ့ရသည့် အာဏာရှင်ခေတ်များကို လည်ပြန်ကြည့်လျှင် တွေ့ရသည်။

ဒီမိုကရေစီ ရေစီးကြောင်း အရှိန်ရလာသည့်အခါတွင် ဝေဖန်ရေးများ အင်နှင့်အားနှင့် တိုးထွက်လာသည်ကို သတိပြုမိပါသည်။ ဝေဖန်ရေးရေစီးကြောင်းက အရှိန်ကောင်းလိုက်သည်မှ နိုင်ငံရေး ခေါင်းဆောင်များသည်ပင် ပွင့်လင်းပြင်းထန်သော ဝေဖန်ရေးလှိုင်းတံပိုးအောက်တွင် ရှိနေကြသည်ကို သတိပြုမိပါသည်။

ဒီမိုကရေစီ ပွင့်လင်းလာမှုနှင့်အတူ ဆိုရှယ်မီဒီယာတို့ဖွံ့ထွား ကျယ်ပြန့်လာမှုကလည်း ဝေဖန်ရေးရေစီးကြောင်းကို ပိုမိုမြန်ဆန် အရှိန်ပြင်းစေသည်ကို တွေ့မြင်ရပါသည်။

ရေစီးကြောင်းက မြန်သည့်အတွက် ဝေဖန်ရေးနှင့် ယှဉ်တွဲပါလာသည့် အောက်လုံးထိုးမှုများ၊ အထောက်အထားမဲ့ အမနာပဆိုမှုများ၊ ရုန့်ရင်းကြမ်းတမ်း ပြောဆိုမှုများကိုလည်း သတိပြုမိပါသည်။ အချက်အလက်ပေါ်တွင် အခြေမပြုဘဲ ဘက်ခွဲခြားထားပြီး သူ့ဘာဆိုဆို၊ သူ့ဘာလုပ်လုပ် ဝေဖန်ရေးလက်နက်ကို အချွန်ဆုံးထားပြီး ထိုးနှက်ရန် အဆင်သင့်ပြင်နေသည်တို့လည်း ရှိလာသည်။

ဝေဖန်ရေးအင်အားကောင်းလာမှုက ဝေဖန်သည့် နယ်ပယ်အားလုံးအတွက် တိုးတက်ဖွံ့ဖြိုးရေးကို ဖြစ်စေသည်ဆိုသော်လည်း အချက်အလက်မှန်ကန်သည့် ဝေဖန်ရေး၊ စေတနာအစစ်အမှန် ပြည့်ဝသည့် ဝေဖန်ရေးဖြစ်ဖို့တော့ လိုမည်ဟု ထင်ပါသည်။

ဝေဖန်ရေးတွင်လည်း ဆန္ဒ၊ ဘယ၊ ဒေါသ၊ မောဟာ ဟူသည့် အဂတိကင်းစင်ရေးသည်လည်း အရေးကြီးသော လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ချစ်၍၊ ကြောက်၍၊ မုန်း၍၊ အမှားအမှန်ကို သေချာစွာ ခွဲခြားမသိမြင်နိုင်၍ စသည်တို့ဖြင့် ပြောဆိုနေခြင်းက ဝေဖန်ရေးဟု မဆိုနိုင်ပါ။

လူမှုအဖွဲ့အစည်းထဲ အလုပ်လုပ်နေသူတစ်ဦး သို့မဟုတ် အစုအဖွဲ့တစ်ခုကို ဝေဖန်ထောက်ပြခြင်းက တိုးတက်မှုကိုဖြစ်စေမည် ဖြစ်သော်လည်း အချက်အလက် မမှန်ကန်ဘဲ၊ အထောက်အထား မယ်မယ်ရရ မရှိဘဲ လက်ညှိုးထိုး အပြစ်ပြောဆိုနေခြင်းက တိုးတက်မှုဆီသို့ မသွားနိုင်ပါ။

ဝေဖန်ခြင်းသည် အခြေခံအားဖြင့် မတူကွဲပြားမှုက လာ၏။ အယူအဆမတူ၊ အတွေးအခေါ် မတူ၊ သဘောထားမတူ၊ အမြင်မတူ စသည့် မတူညီမှုများကို အခြေခံကာ ပို၍ ကောင်းအံ့ဟူသည့် သဘောဖြင့် စေတနာထားကာ ထောက်ပြ ဝေဖန်ခြင်းဖြစ်၏။ ဒီမိုကရေစီ ရေချိန်မြင့်လာလေလေ မတူကွဲပြားမှုများကို ပြောဆိုဆွေးနွေးရန် အခွင့်အရေးပိုရလာလေဖြစ်ရာ မတူကွဲပြားမှုကို နားလည်လက်ခံသည့် သဘောထားရှိကြရန်လည်း လိုပါမည်။ မတူကွဲပြားမှုများရှိသော်လည်း အခြားတစ်ဖက်ကို နားလည်ရန်ကြိုးစားသည့် စိတ်ရင်းအခြေခံလည်း လိုအပ်မည်ဟု မြင်ပါသည်။

ထို့ပြင် မတူကွဲပြားမှုပေါ်အခြေခံ၍ မှန်ကန်သော စေတနာပါသော ထိရောက်သော လေးနက်သော ဝေဖန်ခြင်းမျိုးသည်ပင်လျှင် ရန်သူအနေဖြင့် မဟုတ်ဘဲ ဂါရဝဝါစ နိဝါတောစထားကာ ယဉ်ကျေးဖွယ်ရာခြင်း၊ အပြုသဘောဆောင်ခြင်းတို့ဖြင့် ဝေဖန်ရေးမှ တစ်ဆင့် တိုးတက်ရေးဆီသို့ ဆက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသတည်း။ ။

## ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးသိပ္ပံဘွဲ့ကြိုသင်တန်း ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ၌ ပထမဆုံးသော ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးသိပ္ပံဘွဲ့ကြိုသင်တန်း ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဌာနတွင် ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် MYSAP စီမံကိန်းမှ တာဝန်ရှိသူများက ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အား စီမံကိန်းနှင့် ပတ်သက်သည့် လက်ဆောင်ကားချပ်များကို ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဌာနတွင် ပထမနှစ်တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများက ကျောင်းတွင်းပြဇာတ်ဖြင့် ဖျော်ဖြေခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အသစ်ထပ်မံဖွင့်လှစ်သည့် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးသိပ္ပံဘွဲ့ကြိုသင်တန်းကို ဥရောပသမဂ္ဂ (EU) နှင့် ဂျာမနီနိုင်ငံတို့၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသော မြန်မာရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MYSAP) မှ ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ရေသတ္တဝါမွေးမြူရေးနှင့် ငါးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ ခေတ်မီနည်းပညာဗဟုသုတများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ဟာ သဘာဝကနေ ဖမ်းယူစားသုံးခြင်းကနေပြီးတော့ ပညာနဲ့ မွေးမြူစားသုံးနိုင်တဲ့ အခြေအနေကို ပြောင်းလဲချင်တဲ့အတွက် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်ကို ရန်ကုန်တက္ကသိုလ်မှာ စတင်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် ပါမောက္ခ ဒေါက်တာကေလွင်ထွန်းက ပြောကြားသည်။



ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးကျောင်းသား ကျောင်းသူများက ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်နေစဉ်။

လက်ရှိတွင် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးသိပ္ပံ ဘွဲ့ကြိုသင်တန်းတွင် ကျောင်းသား ကျောင်းသူ ၄၁ ဦး တက်ရောက်လျက်ရှိပြီး အခြေခံ ငါးရောဂါဗေဒ၊ ငါးအစာအာဟာရဆိုင်ရာ၊ အဆင့်မြင့်ငါးမွေးမြူနည်းပညာ၊ ရေအရည်အသွေးထိန်းသိမ်းသည့်ပညာ စသည့် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်များကို ဆရာ ဆရာမ ၁၈ ဦးက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**

## မန္တလေးမြို့တွင် ပထမဆုံးအကြိမ် ဟိုတယ်အိပ်ရာခင်းပြင်ဆင်ခြင်းနှင့် အလှဆင်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပမည့် ဟိုတယ်အိပ်ရာခင်းပြင်ဆင်ခြင်းနှင့် အလှဆင်ပြိုင်ပွဲ (Bed Making and Decoration Competition) ကို မန္တလေးမြို့ရှိ မန္တလေးမြို့တော်ခန်းမ (၁) ၌ မတ် ၉ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဟိုတယ်ဝန်ဆောင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်နှင့် အိပ်ခန်းဆောင်ပြင်ဆင်ထိန်းသိမ်းသူများ၏ ကျွမ်းကျင်မှုကို ဖော်ထုတ်ပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး မန္တလေးမြို့တော်အတွင်း ဖွင့်လှစ်ထားသည့် ဟိုတယ်များမှ အိပ်ခန်းထိန်းသိမ်းရေးဝန်ထမ်းများမှ တစ်သင်းလျှင် နှစ်ဦးနှုန်းဖြင့် အသင်းပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် သတ်မှတ်ထားကြောင်း ယင်းပြိုင်ပွဲနှင့် ပတ်သက်သည့် အမှတ်ပေးစည်းမျဉ်းပုံစံများရှင်းလင်းပွဲတွင် ဟိုတယ်အိပ်ရာခင်းပြင်ဆင်ခြင်းနှင့် အလှဆင်ပြိုင်ပွဲကျင်းပရေး ဥက္ကဋ္ဌ ဦးမျိုးဌေးဦးက ပြောသည်။

"ပြိုင်ပွဲကို မန္တလေးမြို့မှာရှိတဲ့ ဟိုတယ်တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုပြီးများစေဖို့နဲ့ အိပ်ခန်းပြင်ဆင်ရေးမှာ ညှော်သည်ရဲ့ လိုအပ်ချက်နဲ့အညီ ဝန်ဆောင်မှုကောင်းတွေပေးနိုင်ဖို့ ရည်ရွယ်ပြီး ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်းတွေက ကိုယ်ပိုင်တီထွင်မှုတွေပေါင်းစပ်ပြီးတော့ အိပ်ရာခင်းပြင်ဆင်မှုနဲ့ အလှဆင်ပြိုင်ပွဲတွေ ယှဉ်ပြိုင်ရမယ်။ အသင်း ၂၄ သင်းထဲကနေ နောက်ဆုံးဆန်ခါတင် ခြောက်သင်းရွေးချယ်ပြီး အဲ့ဒီခြောက်သင်းက Final မှာ လက်ရှိမန္တလေးမြို့တော်ရဲ့ ဦးတည်ချက်ဖြစ်တဲ့ Green and Clean ခေါင်းစဉ်နဲ့ ဆက်လက်ယှဉ်ပြိုင်သွားရမှာပါ။ ပြိုင်ပွဲဝင်တွေကို ပညာအရည်အချင်းနဲ့ အသက်အရွယ် ကန့်သတ်ထားတာ မရှိပါဘူး" ဟု ၎င်းက ပြောသည်။

Hotel Magic Mandalay မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုခိုင်လင်းအောင်က "ဟိုတယ်ဝန်ထမ်းလုပ်သက် လေးနှစ်ကျော်ရှိပြီ။ အိပ်ရာပြင်ဆင်တာတွေကို ကိုယ်ပိုင်ဖန်တီးမှုတွေနဲ့လည်း လေ့ကျင့်ပြီး လုပ်ဆောင်နေပါတယ်။ ဒါပေမယ့် ပြိုင်ပွဲမှာ ယှဉ်ပြိုင်ရမယ့်ခေါင်းစဉ်က တစ်ခါမှ မလုပ်ဖူးဘူး။ ဒါကြောင့် ပြန်ပြီး လေ့လာမှုတွေနဲ့အတူ တီထွင်ဖန်တီးမှုတွေလုပ်ပြီး လေ့ကျင့်ဖို့တော့ လိုသေးတယ်။ ဒီပြိုင်ပွဲကနေ ကိုယ်မသိသေးတဲ့ ပညာတွေလည်း ပြိုင်ပွဲဝင်တဲ့သူတွေ အားလုံးရသွားမယ်။ ကျွန်တော်တို့ထက် တော်တဲ့၊ တတ်တဲ့သူတွေ အများကြီးပါလာမှာဖြစ်လို့ သူတို့ဆီက ပညာတွေရမယ်။ တကယ်လို့ ကျွန်တော်တို့ နိုင်ခဲ့မယ်ဆိုရင်လည်း ကျွန်တော်တို့ဟိုတယ်အတွက် ဂုဏ်တက်တာပေါ့" ဟု ပြောသည်။

ပြိုင်ပွဲတွင် အိပ်ရာခင်းပြင်ဆင်ခြင်းအတွက် အချိန် ၅ မိနစ်နှင့် အလှဆင်ခြင်းအတွက် အချိန် ၁၅ မိနစ် သတ်မှတ်ပေးထားပြီး ပြိုင်ပွဲဝင်အသင်းများအားလုံးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်ကာ ဆန်ခါတင် ခြောက်သင်းအနက် အထူးဆုတစ်သင်းကို ရွေးချယ်၍ ကျန်ငါးသင်းကို ပထမဆုမှ ပဉ္စမဆုအထိ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ်ပွဲ ကျင်းပ

**ဆီဆိုင် ဖေဖော်ဝါရီ ၁၉**

တစ်ရွာနှင့် တစ်ရွာ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန် အားကစားစိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး စုပေါင်းလုပ်ဆောင်မှုစွမ်းအား တိုးတက်လာစေရန်အတွက် ဖေဖော်ဝါရီ ၁၈ ရက်က ဆီဆိုင်မြို့နယ်လုံးဆိုင်ရာ ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ပုံးလောင်းကျေးရွာရှိ တပေါင်းကွင်း၌ ကျင်းပသည်။

ယင်းနောက် ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဗဟိုအတွင်းရေးမှူး ဦးခွန်ထွန်းရွှေနှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစောမောင်ဇေ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်ဘောလုံး အသင်းပေါင်း ၁၁၃ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၂၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး (ဆီဆိုင်)**

## စစ်ကိုင်းမြို့တွင် ဘဲဥထုပွဲတော် ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်အတွင်းရှိ ဇိနမာရ်အောင် လောကချမ်းသာ(ကြေးဘုရားကြီး)၏ ဗုဒ္ဓပူဇနီယပွဲတော်၌ ရိုးရာအစဉ်အလာမပျက် ထည့်သွင်းကျင်းပလာသည့် ဘဲဥထုပွဲတော်ကို ယမန်နေ့က စတင်ကျင်းပနေပြီဖြစ်သည်။

အဆိုပါဗုဒ္ဓပူဇနီယပွဲတော်၌ ရိုးရာအစဉ်အလာမပျက် ဘဲဥထုပွဲ ထည့်သွင်းကျင်းပလေ့ရှိပြီး ဘဲဥထုပွဲတွင် ဘဲဥရောင်းချသူများက ဘဲဥပြုတ်ပြီးသားတစ်လုံးလျှင် ငွေကျပ် ၂၅၀ ဖြင့် ရောင်းချကြကြောင်း၊ ဘဲဥထုပွဲတွင် ထုမည့်သူနှစ်ယောက် ပါဝင်ရမည်ဖြစ်ကာ ထုသည့်အခါ ပိန်ရာအက်ရာဖြစ်သည့် ဘဲဥပိုင်ရှင်က ဘဲဥဖိုးရှင်းရပြီး နိုင်သည့်သူက ပိန်သည့်ဘဲဥကို ရရှိမည်ဖြစ်ကြောင်းနှင့် ဘဲဥနှစ်လုံးစလုံး ပိန်ပါက အောက်ကခံသည့် ဘဲဥပိုင်ရှင်က အနိုင်ရရှိကြောင်း လောကချမ်းသာ (ကြေးဘုရားကြီး)၏ ဓမ္မရက္ခိတလူမှုရေးအသင်း နာယက ဦးစံထွန်းက ပြောသည်။



ဘဲဥထုပွဲတော် ကျင်းပနေစဉ်။

"ဒီဘဲဥထုပွဲက မြန်မာတစ်နိုင်ငံလုံးမှာမှ စစ်ကိုင်းမြို့ ဇိနမာရ်အောင်လောက ချမ်းသာကြေးဘုရားကြီးရဲ့ဘုရားပွဲတော်မှာပဲ ရှိတာပါ။ ဒီပွဲကတော့ နှစ်ပေါင်းက အတိမကျမသိဘူး။ ရှေးမြန်မာဘုရင်မင်းတွေလက်ထက်က အစေခံ၊ ခံတပ်၊ ကင်းသမားတွေ၊ လေ့တော်သားတွေ ညဘက်အပျော်ဆော့ကြရင်း ဖြစ်လာတဲ့ပွဲပါ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဇိနမာရ်အောင် လောကချမ်းသာ (ကြေးဘုရားကြီး) ကို ဇေယျတုသက္ကရာဇ် ၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက် ကြာသပတေးနေ့ နံနက် ၉ နာရီအချိန်တွင် ပြည်သူအများ၏ ကောင်းမှုကုသိုလ်ဖြင့် စဥ့်ပုံစံစတင်ပြုလုပ်၍ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် သောကြာနေ့တွင် စတင်ကြေးသွန်းလောင်းခဲ့ပြီး ၁၂၆၇ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကြေးဘုရားကြီး ပြီးမြောက်ခဲ့ပြီး နှစ်စဉ်မပျက် ဗုဒ္ဓပူဇနီယပွဲတော်ကို ကျင်းပလာခဲ့သည်မှာ ယနေ့အချိန်ထိ တိုင်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ကိုမင်း (အင်းတော်)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တင်မ်အန်ဒါလင်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ တင်မ်အန်ဒါလင်သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျိုးဆက်ပ် အန်တိုနီ ကောတာ က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျိုးဆက်ပ် အန်တိုနီ ကောတာသည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**“သမိုင်းကြောင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် ခါးသီးသော အတွေ့အကြုံများအား သင်ခန်းစာရယူပြီး မိမိတို့ နိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်တောင့်တလျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို ပြည်သူများနှင့်အတူ စုပေါင်းအင်အားဖြင့် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ နိုင်ငံရေးစားပွဲဝိုင်းများ ကျင်းပလျက်ရှိ”**

❐ *ရှေ့ဖုံးမှ*

စတေးပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့၌ လူထုညီလာခံ ကျင်းပပြီး တိုက်သူကြီးများ (စော်ဘွားများ) အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အုပ်ချုပ်ရေးစနစ်ဟောင်းမှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့သည့် ဖလမ်းမြို့၊ လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို **“ချင်းအမျိုးသားနေ့”** အဖြစ် ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည့် သတ္တမအကြိမ် ချင်းရေးရာကောင်စီညီလာခံက ရွေးချယ် သတ်မှတ်အတည်ပြုခဲ့ပါသည်။ ၁၉၄၈ ခုနှစ်မှ အစပြုပြီး သတ်မှတ်ခဲ့သည့် ချင်းအမျိုးသားနေ့သည် ယခုအခါ(၇၁)နှစ်မြောက်ရှိခဲ့ပြီ ဖြစ်ပါသည်။ ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှုသမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ ထုံးတမ်းအရတူညီသည့် ချင်းမျိုးနွယ်စုဝင်အားလုံးအတွက် သမိုင်းဝင်နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့ သွယ်တန်းနေသည့် တောင်တန်းများ၊ ရှားပါးအပင်များ ပေါက်ရောက်ပြီး ရှားပါး သတ္တဝါများ ခိုအောင်းရာ ခေါ်နူးစုမ်တောင်၊ လှပသည့် ရိဒ်ရေကန်၊ ကုလားတန်မြစ်၊ မဏိပူရမြစ်၊ ဘွေနူးမြစ်၊ ဘုံတလာရေတံခွန် စသည့်လှပသည့် သဘာဝအရင်း အမြစ်များတည်ရှိရာ ပြည်နယ်တစ်ခုဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ သဘာဝခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ တောင်တန်းထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းတောင်တန်းများအပေါ်တွင် ဆက်သွယ်သွားလာရေး အဆင်ပြေစေရေးအတွက် မိမိတို့အစိုးရအနေဖြင့် လမ်းများအသစ်ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာ ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများ ပြုပြင်ပေးခြင်းနှင့် ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန် လိုအပ်မှုဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ချင်းပြည်နယ်အနှံ့အပြားတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး၊ ဖလမ်းမြို့တွင် ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်း တည်ဆောက်ရေး စီမံကိန်းနှင့် ပလက်ဝမြို့တွင် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီ ဖြစ်ပါသည်။ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော် အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ ချင်းတိုင်းရင်းသားပြည်သူများကလည်း လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ဗြိတိသျှနယ်ချဲ့တော်လှန်ရေးတွင် ဦးဆောင်ဆင်နွှဲခဲ့ကြသည့် ချင်းအမျိုးသား ခေါင်းဆောင်ကြီးများဖြစ်သော ဗိုလ်ကြွန်ဘိခ်(ခ)ဗိုလ်ဆွန်ပက်နှင့် ဗိုလ်ခိုင်ကမ်းတို့ သည်လည်းကောင်း၊ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် ချင်းအမျိုးသားကိုယ်စားလှယ်များဖြစ်သော ဦးလှုရ်မှုန်၊ ဦးထောင်ဇာချုပ်နှင့် ဦးကီယိုမန်းတို့သည်လည်းကောင်း၊ ရန်ကုန်မြို့ကန်တော်ကြီးစောင်းရှိ နေသူရိန် ညီလာခံ၌ တောင်တန်းသားများကိုယ်စား မြန်မာနိုင်ငံလွတ်လပ်ရေး အဆိုကို တင်သွင်းခဲ့သည့်အပြင် ရွှေတိဂုံအလယ်ပစ္စယံ၌ကျင်းပသော ပြည်လုံးကျွတ်(ဖဆပလ) ညီလာခံကြီးတွင် အဖွဲ့ချုပ်ကိုယ်စား တောင်တန်းပြည်မလွတ်လပ်ရေးတစ်ချိန်တည်းပေးရန် တောင်းဆိုခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲများတွင် ရှေ့တန်းမှ ပါဝင်ခဲ့သော သတိုးမဟာသရေစည်သူ၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်) ဦးဝမ္မသူးမောင်းသည် လည်းကောင်း၊ နိုင်ငံ့တာဝန်များကို သက်စွန့်ဆံဖျား ရှုပ်ရှုပ်ချွံချွံထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်၏ အမြင့်ဆုံးစွမ်းရည်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ခြင်းခံရသော ဗိုလ်ကြီးသူရအောင်ဆန်းသူရိယ တိုက်ချွန်းသည် လည်းကောင်း ချင်းအမျိုးသားတိုင်းရင်းသားများအတွက် ဂုဏ်ယူဖွယ်ရာ ပုဂ္ဂိုလ်ကြီးများအဖြစ် နိုင်ငံ့သမိုင်းစဉ်တွင် မော်ကွန်းဝင်နေမည်ဖြစ်ပါသည်။

သမိုင်းကြောင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် ခါးသီးသော အတွေ့အကြုံများအား သင်ခန်းစာရယူပြီး မိမိတို့နိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်တောင့်တလျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ပြည်သူများနှင့်အတူ စုပေါင်း အင်အားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ နိုင်ငံရေးစားပွဲဝိုင်းများ ကျင်းပလျက် ရှိပါသည်။ ချင်းတိုင်းရင်းသားတို့အနေနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ပါဝင်ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်နေရပါသည်။

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မည့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး စသည်တို့အတွက် ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**

❍ ရွှေဖုံးမှ

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးဝင်ရောက်နေထိုင်ခဲ့သော သမိုင်းအစဉ်အလာကြီးမားသည့် တိုင်းရင်းသားလူမျိုး ဖြစ်ပါသည်။ မြန်မာနိုင်ငံသမိုင်းတွင် တစ်ဦးတည်းသောဘုရင်မ ရှင်စောပု၊ သာသနာပြု မင်းကောင်းမင်းမြတ် ဓမ္မစေတီမင်း၊ ကိုလိုနီခေတ်တွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးကို လှုံ့ဆော်ခဲ့သည့် ဂျီ-စီ-ဘီ-အေ အသင်းကြီး၏ ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးချစ်လှိုင်ကဲ့သို့ ဦးစီးဦးဆောင်အဖြစ် ထူးခြားထင်ရှားသည့် မွန်အမျိုးသားများ ရှိသကဲ့သို့ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးအတွက် မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းသည့်အချိန်တွင် ထိုင်းနိုင်ငံရောက် မွန်တိုင်းရင်းသားများ များစွာ ပါဝင်ခဲ့ကြပါသည်။ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲနှင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုများတွင်လည်း မွန်တိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း (၇၀)ကျော် သက်တမ်းရှည်ကြာခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းစေရေးအတွက် မူလဇာစ်မြစ်ဖြစ်သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းနိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးပေး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ရရှိနိုင်မှသာ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မည်ဟုလည်း အခိုင်အမာယုံကြည်ထားပါသည်။ ဤသည်မှာ မိမိတို့ပြည်ထောင်စုတိုင်းရင်းသားများအနေဖြင့် နှစ်ပေါင်း (၇၀)ကျော်ကြာ မက်ခဲ့ရသော အိပ်မက်လည်း ဖြစ်ပေသည်။ ထိုပြည်ထောင်စုအိပ်မက် ပြည့်ဝလာရေးအတွက် အရေးကြီးလှသော နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ နိုင်ငံရေးဆွေးနွေးမှုများကိုလည်း မိမိတို့အစိုးရလက်ထက် စတင်ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါသည်။

**"နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း (၇၀)ကျော် သက်တမ်းရှည်ကြာခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းစေရေးအတွက် မူလဇာစ်မြစ်ဖြစ်သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းနိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးပေး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိ"**

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက် ပထမဦးဆုံး ပေါ်ထွန်းပေါ်ပေါက်လာခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုများတွင် ပါဝင်နိုင်ရေးအတွက် မွန်ပြည်သစ်ပါတီကလည်း ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ယနေ့အချိန်အခါတွင် ပြည်ထောင်စုသားသမီးများဖြစ်ကြသော မိမိတို့အားလုံးအနေဖြင့် မိမိတို့ဘိုးဘွားများ၏ ပြည်ထောင်စုအိပ်မက်များ ပြည့်ဝအောင်မြင် အရာထင်လာစေရေးအတွက် မတူကွဲပြားမှုများကို စုပေါင်းအားအဖြစ် စုစည်းနိုင်ရန် အထူးပင်အရေးကြီးလှပါသည်။

မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ဖြတ်သန်းလာခဲ့ရသည့် နှစ်ပေါင်း (၇၀)ကျော်ကာလအတွင်း ကမ္ဘာ့အခြေအနေ၊ ဒေသတွင်းအနေအထားများသည်လည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲလာခဲ့ရပါသည်။ သို့သော်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ မချုပ်ငြိမ်းနိုင်သေးခြင်း၏ အကျိုးဆက်အားဖြင့် ငြိမ်းချမ်းရေးနှင့် အလုမ်းဝေးကွာလျက် ဖွံ့ဖြိုးတိုးတက်မှုများလည်း နှောင့်နှေးခဲ့ရသည်ကို များစွာ ဝမ်းနည်းဖွယ်ရာမြင်တွေ့နေရပါသည်။ ဤသို့သောအချိန်အခါတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ မွန်ပြည်သစ်ပါတီ အပါအဝင် မွန်တိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်လာမှုသည် မွန်ပြည်နယ်အတွက်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်လည်း များစွာအားတက်ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။

ဤနေ့ဤအခါတွင် ငြိမ်းချမ်းရေး၏ အရုဏ်ဦး နေခြည်သစ်များ မွန်ပြည်နယ်တစ်ခုလုံး၌ လင်းလက်တောက်ပလျက် နွေးထွေးစွာ လွှမ်းခြုံလာနေသည်မှာလည်း မွန်တိုင်းရင်းသားများအားလုံး အသိပင်ဖြစ်ပါသည်။ မိမိတို့လျှောက်လှမ်းနေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းတွင် စိန်ခေါ်မှုများ ရှိနေသည်မှန်သော်လည်း ပြည်ထောင်စုသားသမီးများ၏ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဟုလည်း အခိုင်အမာယုံကြည်ထားပါသည်။

သို့ပါ၍ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်လျှောက်လှမ်းရာတွင် မွန်တိုင်းရင်းသားများအနေဖြင့် အခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူလက်တွဲပြီး စုစည်းညီညွတ်စွာဖြင့် တက်ကြွစွာ ဆက်လက်ပါဝင်နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက် ဝမ်းမြောက်ဂုဏ်ယူစွာ သဝဏ်လွှာပေးပို့အပ်ပါသည်။

**အောင်ဆန်းစုကြည်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁၄-၂-၂၀၁၉) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၄-၁၂-၂၀၁၈) ရက်နေ့မှ (၂၅-၁-၂၀၁၉) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် သုံးဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၂၁ ဦး ပေါင်း ၂၆ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ၁၀ ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၅၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၅၅၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၅၈ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၂၆၈ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**



**ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း (၅၅)ကြိမ်မြောက် မြူးနစ်လုံခြုံရေးညီလာခံသို့ တက်ရောက်




**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပသည့် (၅၅)ကြိမ်မြောက် မြူးနစ်လုံခြုံရေးညီလာခံ တက်ရောက်စဉ်။** သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် အဖွဲ့သည် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သော (၅၅)ကြိမ်မြောက် မြူးနစ်လုံခြုံရေးညီလာခံသို့ တက်ရောက်ခဲ့သည်။

(၅၅)ကြိမ်မြောက် မြူးနစ်လုံခြုံရေးညီလာခံသို့ နိုင်ငံ့ခေါင်းဆောင်ပေါင်း ၃၅ ဦး၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် ဝန်ကြီးအဆင့်ပုဂ္ဂိုလ် ၈၀ နှင့် ကိုယ်စားလှယ် စုစုပေါင်း ၆၀၀ ကျော်ခန့် တက်ရောက်ခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်က စတင်၍ မြူးနစ်လုံခြုံရေးညီလာခံ၌ ကမ္ဘာကြီး၏လက်ရှိနှင့် အနာဂတ်လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ပတ်သက်၍ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံရေး၊ စစ်ရေးမူဝါဒချမှတ်သူများနှင့် လုံခြုံရေးပညာရှင်များက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖရန့်ဖွတ်မြို့ရှိ ဂျာမန်အာရှ - ပစိဖိတ် စီးပွားရေးအသင်း (OVA) နှင့် KfW Banking Group အဖွဲ့ဝင်တို့အား မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

(၅၅)ကြိမ်မြောက် မြူးနစ်လုံခြုံရေးညီလာခံသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အဖွဲ့သည် ဂျာမနီနိုင်ငံမှ ရန်ကုန်မြို့သို့ ယနေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သစ်တောကဏ္ဍတွင် FAO နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ၏ Assistant Director General, Ms. Kundhavi Kadiresan နှင့် အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် အဆိုပါ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် သစ်တောကဏ္ဍတွင် FAO နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များ၊ သစ်တောပြန်လည်ပြုစုပျိုးထောင်ရေး (၁၀)နှစ်စီမံကိန်း အကောင်အထည်ဖော်မှုနှင့် FAO မှ အကူအညီပေးနိုင်မည့် Technical Cooperation Program (TCP) များ၊ ပဲခူးရိုးမ ပြန်လည်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံဆိုင်ရာအစီအစဉ်မူဘောင် လက်မှတ်ရေးထိုးပွဲကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံဆိုင်ရာအစီအစဉ်မူဘောင် (Country Programming Framework-CPF) လက်မှတ်ရေးထိုးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အစီအစဉ်အရ **နိုင်ငံဆိုင်ရာအစီအစဉ်မူဘောင်**ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ FAO ကိုယ်စားလှယ် Ms. Xiaojie Fan တို့က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် FAO လက်ထောက်ညွှန်ကြားရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ Ms. Kundhavi Kadiresan တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။ **(ဝဲပုံ)**

အဆိုပါ နိုင်ငံဆိုင်ရာအစီအစဉ်မူဘောင်ကို ခန့်မှန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၇၅ သန်းဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မြေယာ၊ သစ်တော၊ ရေအရင်းအမြစ်နှင့် ဂေဟစနစ်ဆိုင်ရာ အုပ်ချုပ်မှု အားကောင်းရေးနှင့် ရေရှည်စီမံခန့်ခွဲရေး၊ ဒေသခံလူထုနှင့် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုများအတွက် သဘာဝဘေး၊ ရာသီဥတုပြောင်းလဲမှု၊ အပင်နှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုများအပေါ် ကြံ့ကြံ့ခံနိုင်မှု တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# J&M သံမဏိစက်ရုံမှ သံမဏိသံပေါင်များ ပြည်တွင်း၌သုံးစွဲနိုင်ရုံမက ပြည်ပသို့ပင် တင်ပို့နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

**မကြာမီဖွင့်လှစ်မည့် မြောင်းမြတံတား အပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တည်ဆောက်ဆဲတံတားများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဇော်ကဲ၊ ကျွန်းပြဿဒ်၊ ပင်လယ်လေးနှင့် ပုသိမ်တံတား၊ မွန်ပြည်နယ်ရှိ အတ္တရံတံတား၊ ချင်းပြည်နယ်ရှိ ပလက်ဝတံတားနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ သန်လျင်တံတား အမှတ်(၃)တို့တွင် J&M သံမဏိစက်ရုံထုတ် သံမဏိသံပေါင်များကို အသုံးပြုတည်ဆောက်လျက်ရှိကြောင်း တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပြောသည်။**

မြန်မာနိုင်ငံ၏ သံမဏိသံပေါင် လိုအပ်ချက်အရ J&M Steel Solutions Co. Ltd. မှ သံမဏိစက်ရုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation တို့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံက ၆၀ ရာခိုင်နှုန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံ၍ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ မြေ ၁၆ ဧကပေါ်၌ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလတွင် ဖွင့်လှစ်ခဲ့ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့သည်။

**အဆင့်မီထုတ်လုပ်တည်ဆောက်**

"အရင်က နိုင်ငံအတွက် လိုအပ်နေတဲ့ သံမဏိသံပေါင်တွေ၊ အထူးသဖြင့် တံတားကြီးတွေဆောက်ဖို့ သံမဏိသံပေါင်တံတားတွေကို နိုင်ငံခြားငွေနဲ့ မှာယူတင်သွင်းရတယ်။ အချိန်ပေးရတယ်။ အခုဆိုရင် ပြည်တွင်းမှာပဲ မြန်မာကျပ်ငွေနဲ့ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်တယ်။ အနည်းဆုံးက သယ်ယူပို့ဆောင်စရိတ် သက်သာသွားတယ်။ လိုအပ်တဲ့ပစ္စည်းကို လိုအပ်တဲ့အချိန်မှာ အလွယ်တကူ ရရှိနိုင်ပါတယ်။ (ဥပမာ) မြောင်းမြတံတားလိုမျိုး အရေးပေါ်ဖြစ်သွားတဲ့ အခြေအနေမျိုးဆိုရင် မူလဆောက်နေတာက ပုံစံတစ်မျိုး၊ အရေးပေါ်ဖြစ်သွားတဲ့အခါ ပုံစံပြန်ပြောင်းရတယ်။ ဒီစက်ရုံရှိနေတဲ့အတွက် စက်ရုံက ကျွမ်းကျင်ပညာရှင်၊ ဒီဇိုင်းပညာရှင်တွေနဲ့ တိုင်ပင်၍ ပုံစံပြန်ပြောင်းပြီး တစ်နှစ်အတွင်းမှာ ပေးရမယ်ဆိုတဲ့ သတ်မှတ်ချက်ကြောင့် တံတားကို ရှစ်လအတွင်း ပြီးစီးအောင် မူလပုံစံကနေ ပုံစံပြန်ပြောင်းပြီး အဆင့်မီ ထုတ်လုပ်တည်ဆောက်နိုင်ခဲ့ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ဆိုသည်။



J&M Steel Solutions Co. Ltd. မှ ဝန်ထမ်းများ ကွန်ပျူတာဖြင့် တံတားပုံစံဒီဇိုင်းများ ရေးဆွဲနေကြစဉ်။

စက်ရုံစတင်ချိန်က တစ်နှစ်လျှင် တန်ချိန် တစ်သောင်း ထုတ်လုပ်နိုင်ခဲ့ပြီး ယနေ့အချိန်ထိ သံမဏိသံပေါင် စုစုပေါင်းတန်ချိန် ရှစ်သောင်း ထုတ်လုပ်နိုင်ခဲ့ကာ တစ်နှစ်တန်ချိန် သုံးသောင်း ထုတ်လုပ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

"အခု တည်ဆောက်ပြီးတဲ့ တံတားတွေ တော်တော်များများက ပြီးစီးသွားပါပြီ။ Plate Girder အမျိုးအစား သံမဏိသံပေါင်တံတားအစင်း ၇၀ ကျော်ပါပြီ။ Steel Truss Type Bridge ဆိုတဲ့ သံမဏိသံပေါင်ရိုးတံတား ၁၅ စင်း ကျော်သွားပါပြီ။ Box Gider Type Bridge ဆိုတဲ့ သံမဏိသံပေါင် တံတားဆိုရင် ၁၃ စင်း၊ အခုဆိုရင် ထုတ်လုပ်ပြီးတဲ့ သံမဏိသံပေါင်တံတားပေါင်းက အစင်း ၁၀၀ ဝန်းကျင်ရှိသွားပါပြီ" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပြောသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တံတားများအပြင် ရန်ကုန်မြို့ ကုက္ကိုင်းခုံးကျော်တံတားနှင့် ဆိပ်ခံတံတားများကိုလည်း J&M Steel Solutions Co.Ltd စက်ရုံကထုတ်သည့် သံမဏိသံပေါင်များနှင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ပြည်ပသို့ သံမဏိသံပေါင်တင်ပို့**

ပြည်ပပို့ကုန်များအနေဖြင့် လာအိုနိုင်ငံသို့ ၂၀၁၄ ခုနှစ်က တန်ချိန် ၂၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၇-၂၀၁၈ တွင် တန်ချိန် တစ်သောင်းနှင့် သီရိလင်္ကာနိုင်ငံသို့ ၂၀၁၆ ခုနှစ်တွင် တန်ချိန် ၃၀၀ တင်ပို့နိုင်ခဲ့ပြီး လက်ရှိ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တန်ချိန် ရှစ်ထောင် ထပ်မံပေးပို့လျက်ရှိရာ အိန္ဒိယနိုင်ငံသို့လည်း သံမဏိသံပေါင်များ ဆက်လက်တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သံမဏိစက်ရုံတွင် မြန်မာနိုင်ငံမှ အင်ဂျင်နီယာများ အပါအဝင် ဝန်ထမ်းအင်အား ၆၀၀ နီးပါး တာဝန်ထမ်းဆောင်လျက်ရှိပြီး မြန်မာနိုင်ငံသားဝန်ထမ်းများ အရည်အသွေးပြည့်ဝရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရရှိရေးအတွက် ဂျပန်ပညာရှင်များက ပြည်တွင်း၌ သင်တန်းများ ပို့ချပေးလျက်ရှိသကဲ့သို့ ဂျပန်နိုင်ငံသို့လည်း နှစ်စဉ်စေလွှတ်ကာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဝင်းမော်**



**J&M သံမဏိစက်ရုံမှ ထုတ်လုပ်သော သံမဏိသံပေါင်များဖြင့် တည်ဆောက်ထားသည့် ဧရာဝတီတိုင်းဒေသကြီးရှိ မြောင်းမြတံတားပြီးစီးမှုကို တွေ့ရစဉ်။** ဓာတ်ပုံ-ဇော်မင်းလတ်

❐ *ကျောဖုံးမှ*

ညနေ ၄ နာရီ အချိန်နောက်ဆုံးထား၍ နာယကထံ ပေးပို့နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ရုံးတွင်းစာများ ထုတ်ပြန်အကြောင်းကြားခဲ့သည်ကို တင်ပြအပ်ပါကြောင်း။

## စုစုပေါင်း ၄၄ ဦး ပါဝင်ဖွဲ့စည်းမည်

ပူးပေါင်းကော်မတီကို ကော်မတီဝင် ၄၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သည့်နေရာတွင် ဒုတိယနာယကသည် ရာထူးအလျောက် ပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ပြည်သူ့လွှတ်တော်မှ ပါဝင်ဖွဲ့စည်းမည့် ကိုယ်စားလှယ်အရေအတွက်တွင် ဒုတိယ နာယကကို ထည့်သွင်းရေတွက်ခြင်းမပြုပါကြောင်းကို တင်ပြအပ်ပါကြောင်း၊ ပူးပေါင်းကော်မတီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦး၊ ရာထူးအလျောက် ပူးပေါင်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂၁ ဦး စုစုပေါင်း ၄၄ ဦး ပါဝင်ဖွဲ့စည်းမည်ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံရေးပါတီ ၁၄ ခုကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၄၈၆ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ငါးဦး၊ တပ်မတော်သားကိုယ်စားလှယ် ၁၆၆ ဦး စုစုပေါင်း ၆၅၇ ဦး ရှိကြောင်းကို တင်ပြလိုပါကြောင်း။

ကိုယ်စားလှယ်ဦးရေ ၁၀ ဦးအထက်ပါဝင်သည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့အတွက် အချိုးကျအရေအတွက် သတ်မှတ်ဖွဲ့စည်းထားပါကြောင်းနှင့် ကိုယ်စားလှယ်ဦးရေတစ်ဦးမှ ငါးဦးအထိ ပါဝင်သည့် နိုင်ငံရေးပါတီများအတွက် တစ်ဦးကျစီ ဖွဲ့စည်းထားပါကြောင်းကို တင်ပြအပ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ကိုယ်စားလှယ်အရေအတွက် ပါဝင်မှုနည်းပါးသည့် နိုင်ငံရေးပါတီများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲပြုစုခြင်းလုပ်ငန်းစဉ်များတွင် ပါတီကြီးများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန်အတွက်ဖြစ်ပါကြောင်း။

ပူးပေါင်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ဒုတိယနာယကမှအပ ပူးပေါင်းကော်မတီဝင် ၄၅ ဦးအနက် ကော်မတီဝင် ၄၄ ဦးကျန်ရှိကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေ တစ်ဦးမှ ငါးဦးအထိပါဝင်သည့် နိုင်ငံရေးပါတီ ၁၀ ခု ရှိသည့်အတွက် ၎င်းပါတီများအတွက် ပါတီတစ်ခုလျှင် တစ်ဦးကျစီဖြင့် စုစုပေါင်း ၁၀ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦး၊ ရာထူးအလျောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌတစ်ဦးအပါအဝင် စုစုပေါင်း ၁၂ ဦးကို ၄၄ ဦးထဲမှ နုတ်လိုက်သည့်အခါ ပူးပေါင်းကော်မတီဝင် ၃၂ ဦးဖြည့်စွက်ရန် ကျန်ရှိကြောင်းကို တင်ပြအပ်ပါကြောင်း။

ကျန်ရှိသည့် ပူးပေါင်းကော်မတီဝင် ၃၂ ဦးအတွက် ပြည်ထောင်စုလွှတ်တော်အတွင်း ကိုယ်စားလှယ် ၁၀ဦးအထက်ပါဝင်သည့် ပါတီနှင့် တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့တို့အတွက် အချိုးကျတွက်ချက် ဖွဲ့စည်းထားပါကြောင်း၊ အချိုးအစားနှင့် တွက်ချက်ရာတွင် ဒသမဂဏန်းများ ပါရှိနေသည့်အတွက် ပူးပေါင်းကော်မတီဝင်တစ်ဦး နေရာလိုနေပါကြောင်း၊ ယင်းတစ်နေရာကို ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားပြုကိုယ်စားလှယ်တစ်ဦးကို ထည့်သွင်းဖွဲ့စည်းထားပါကြောင်း၊ ထို့ကြောင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပူးပေါင်းကော်မတီဝင်နှစ်ဦး ပါဝင်ခွင့်ရရှိပါကြောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအနေဖြင့် ရာထူးအလျောက်ပါဝင်ခွင့် ရရှိထားသည့်အတွက် ရခိုင်အမျိုးသားပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်းပေးပို့လာသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အချိုးအစားအရ ရရှိထားသည့် ပူးပေါင်းကော်မတီဝင် ၁၉ ဦးအစား ၁၈ ဦးဖြင့်သာ ထည့်သွင်းဖွဲ့စည်းထားပါကြောင်း။

ပါတီများမှ ကိုယ်စားပြုကော်မတီဝင်များကို ထည့်သွင်းဖွဲ့စည်းရာတွင် တစ်ဦးထက် အမည်စာရင်း ပိုမိုတင်သွင်းပိုင်ခွင့်ရှိသည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သား ကိုယ်စားလှယ်အစုအဖွဲ့တို့မှ ကိုယ်စားပြုကော်မတီဝင်များကို ပူးပေါင်းကော်မတီဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် (၂)ရပ်မှ တူညီသည့်အရေအတွက်ဖြင့် ထည့်သွင်းဖွဲ့စည်းထားပါကြောင်း။


ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန် ရှင်းလင်းတင်ပြစဉ်


ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ရှင်းလင်းတင်ပြစဉ်


ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင် အကြံပြု ဆွေးနွေးစဉ်


မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် ထောက်ခံဆွေးနွေးစဉ်

ပူးပေါင်းကော်မတီ၏ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ဒေါပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချိုတို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း။

ဦးတည်ချက် (၅)ရပ်၊ တာဝန်(၁၄) ရပ်၊ လုပ်ပိုင်ခွင့် (၆)ရပ်၊ လုပ်ထုံးလုပ်နည်း (၄) ရပ်၊ ရပိုင်ခွင့် (၄)ရပ်တို့ပါရှိပြီး ပူးပေါင်းကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်အချိန်မှ အစီရင်ခံစာတင်သွင်းခြင်း၊ ယင်းအစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ ဆောင်ရွက်ပြီးမြောက်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပြီးသည့် အချိန်အထိဖြစ်သည်ကို တင်ပြပါကြောင်း။

ပူးပေါင်းကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ပြီး လွှတ်တော်ကို အစီရင်ခံစာတင်သွင်းရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ အစီရင်ခံစာတင်ပြသည့်အခါ သဘောကွဲလွဲသည့် ပူးပေါင်းကော်မတီဝင်များရှိပါက သဘောမတူသည့် အချက်များကို တစ်ပါတည်းပူးတွဲတင်ပြဆောင်ရွက်ခွင့်ရမည်ဖြစ်ပါကြောင်း။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ် ဆက်လက်ပြုစုရေးဆွဲမည်

လွှတ်တော်အတွင်း အစီရင်ခံစာပါအချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီးသည့်အခါ လွှတ်တော်၏အတည်ပြုချက်ကို ရယူဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ လွှတ်တော်၏အတည်ပြုချက်များအပေါ်တွင် အခြေခံပြီး ပူးပေါင်းကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ဆက်လက်ပြုစုရေးဆွဲသွားမည်ဖြစ်ပါကြောင်း။

ယခုပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၂) ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်ကို ရှင်းရှင်းလင်းလင်းတင်ပြအပ်ပါကြောင်း။

ပူးပေါင်းကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့်ဥပဒေကြမ်းကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်သွားမည်မဟုတ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်၏ အဓိကအကျဆုံးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ် ပေါ်ပေါက်လာရေးကိုသာ ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြတ်လမ်းနည်းနှင့် ပြင်ဆင်ရန် ကြိုးပမ်းဆောင်ရွက်မည် မဟုတ်ပါကြောင်း၊ တစ်ပါတီ၊ တစ်စုတစ်ဖွဲ့မှ ဆောင်ရွက်ခြင်းထက် ပြည်သူ့ဆန္ဒအစစ်အမှန်နှင့် ကိုက်ညီသည့် ပြင်ဆင်ရေးလုပ်ငန်းများကို အားလုံးအတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို လေးနက်စွာ တင်ပြလိုပါကြောင်း။

## ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ပူးပေါင်းကော်မတီတွင် ပါဝင်ဖွဲ့စည်းပြီးဖြစ်

ယခုအချိန်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၁၈ ဦး၊ ရခိုင်အမျိုးသားပါတီမှ ကိုယ်စားလှယ်နှစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ ချုပ်ပါတီမှ ကိုယ်စားလှယ်နှစ်ဦး၊ တအာင်း (ပလောင်) အမျိုးသားပါတီ၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မွန်အမျိုးသားပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီတို့မှ ကိုယ်စားလှယ်တစ်ဦးစီ စုစုပေါင်း နိုင်ငံရေးပါတီ ၁၃ ခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးတို့၏ အမည်စာရင်းပေးပို့ခဲ့ပြီးဖြစ်သည့်အတွက် ယင်းကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ပူးပေါင်းကော်မတီတွင် ပါဝင်ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသည့် ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာမူကြမ်းတွင် ပါရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားပြုတနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဥက္ကာမင်း အနေဖြင့် ပူးပေါင်းကော်မတီတွင် ပါဝင်ခြင်း မရှိတော့ပါကြောင်းနှင့် ရခိုင်အမျိုးသားပါတီကိုယ်စားပြု ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင်၊ တစ်သီးပုဂ္ဂလအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးတင်အောင်ထွန်းတို့ကို ပါဝင်ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ အမည်စာရင်း ပေးပို့လာခြင်း မရှိသေးသည့်အတွက် အမှတ်စဉ်အလိုက် နေရာများချန်လှပ်ဖွဲ့စည်းထားပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများ ပူးပေါင်းကော်မတီဖွဲ့စည်းခြင်း၊ ဦးတည်ချက်၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ရပိုင်ခွင့်များနှင့် သက်တမ်း သတ်မှတ်ခြင်းတို့ကို ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း။

ပူးပေါင်းကော်မတီကို All Inclusive အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း တစ်ပါတည်း အလေးအနက်ပြုတင်ပြအပ်ပါကြောင်း။

## လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြ

သို့ဖြစ်ပါ၍ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပြင်ဆင်ရေး ပူးပေါင်းကော်မတီ" ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း အမိန့်ကြော်ငြာစာမူကြမ်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ သဘောမတူသူရှိသည့်အတွက် စက်ခလုတ်အသုံးပြုသည့် နည်းလမ်းဖြင့်ဆောင်ရွက်ရာ ထောက်ခံမဲ ၃၈၉ မဲ၊ ကန့်ကွက်မဲ ၁၉၂ မဲ၊ ကြားနေမဲ ၃ မဲ ဖြစ်၍ ထောက်ခံဆန္ဒမဲများသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင် ရေးပူးပေါင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း အမိန့်ကြော်ငြာစာမူကြမ်းကို လွှတ်တော်က အတည်ပြုကြောင်းနှင့် ဖွဲ့စည်းမိန့်၏ နိုင်ငံရေးပါတီအစုအဖွဲ့ အချို့နေရာတွင် ကျန်ရှိနေသည့် အမည်စာရင်းများအတွက် အမည်စာရင်း ရရှိချိန်တွင် ထပ်မံ ထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က **ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးက လက်မှတ်ရေးထိုးတင်ပြလာသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း** လွှတ်တော်သို့ အသိပေးတင်ပြရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းအပါအဝင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် ၃၈ ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၀၅ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးက လက်မှတ်ရေးထိုးပြီး ပေးပို့ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်က လက်ခံရရှိခဲ့ပါကြောင်း။

## "ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ထား

အဆိုပါ ဥပဒေ (မူကြမ်း) တင်ပြလာမှုနှင့် စပ်လျဉ်း၍ စိစစ်ရာတွင် လက်ရှိပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၇ ဦး၏ ၂၀ ရာခိုင်နှုန်းကျော်က လက်မှတ်ရေးထိုးထားသည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ နှင့်အညီ လက်ခံဆွေးနွေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါ ဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ နှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အားလုံး ပါဝင်သည့် "ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ" ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၉) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း။

ယင်း အမိန့်ကြေညာစာနှင့်အတူ ဦးသိန်းထွန်းနှင့်အဖွဲ့ တင်ပြထားသည့် "ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)" မိတ္တူတို့ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်အုန်းကြည်က **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ** ကို ဖတ်ကြားတင်ပြသည်။

*စာမျက်နှာ ၇ သို့*

# ရှေးဟောင်းသမိုင်းဝင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် မော်တင်စွန်းအငူတွင် တည်ထားကိုးကွယ်ထားသည့် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ စေတီတော်မြတ်ကြီးရှိရာ ကမ်းခြေတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို မော်တင်စွန်းဆရာတော်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဗဟိုဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့ တက်ရောက်ကာ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချအခမ်းအနားကို ဆက်လက်ပြုလုပ်ခဲ့ပြီး တက်ရောက်လာကြသည့် ဆရာတော်သံဃာတော်များမှ ဆုတောင်းမေတ္တာပို့သပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြခြင်းနှင့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်သည်။

မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်အား ဖေဖော်ဝါရီ ၁၉ ရက်မှ စတင်ကာ တစ်လတိုင် ကျင်းပသွားမည်ဖြစ်ပြီး ဘုရားဖူးလာရောက်ကြမည့် ပြည်သူများ အနေဖြင့်လည်း ပုသိမ်မြို့မှတစ်ဆင့် ကားလမ်း၊ ရေလမ်းတို့ဖြင့် အလွယ်တကူ လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**





# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တပို့တွဲလပြည့် သြဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရွှေတိဂုံစေတီတော် ၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့် မြန်မာ့ရိုးရာ ထမနဲ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲနှင့် သြဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ထမနဲ၊ ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး သြဝါဒပါတိမောက် ဒေသနာတော်နှင့် သြဝါဒပါတိမောက် အနှစ်ချုပ်တို့ကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ရင်ပြင်တော် ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဆရာတော်ကြီးနှင့် သံဃာတော်များအား ထမနဲဆွမ်းတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

ယင်းနောက် ရေစက်ချအနုမောဒနာ အခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင် ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် အလုပ်အမှုဆောင်ကျ သဘာပတိ ဦးစိုးဝင်းက ဇေယျမင်္ဂလာ အနုမောဒနာစကားလျှောက်ထားပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားပူဇော်သော ပရိတ်တရားတော်များ နာကြားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသထံမှ အနုမောဒနာ နာကြားပြီး ရေစက်ချတရား နာယူကြသည်။

ဆက်လက်၍ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့် သြဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ် အသင်းအဖွဲ့များက သြဝါဒပါတိမောက်အခမ်းအနားဆိုင်ရာ အမေး၊ အဖြေများ ပြုလုပ်ခြင်း၊ သြဝါဒပါတိမောက် ရွတ်ဆိုပူဇော်ခြင်း၊ အခါတော်နေ့ အဓိဋ္ဌာန်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို ပြုလုပ်ကြသည်။

**သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ကျောက်ဖြူမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကျောက်ဖြူ ဖေဖော်ဝါရီ ၁၉**

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဘယာကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် ပြည်နယ်ညွှန်ကြားရေးမှူးတို့က သွားရောက်ကြည့်ရှု ကွင်းဆင်းစစ်ဆေးခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျောက်ဖြူမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာ ၁၄ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါကျေးရွာများအနေဖြင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

*စာမျက်နှာ ၆ မှ*

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာ ဖတ်ကြားတင်ပြ

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ စာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၃/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်**များနှင့် စပ်လျဉ်း၍ မူဝါဒနှင့် သက်ဆိုင်သည့် အပိုင်း၊ စီမံခန့်ခွဲကြီးကြပ်မှုနှင့် သက်ဆိုင်သည့်အပိုင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် သက်ဆိုင်သည့် အပိုင်း(၃)ပိုင်းအနက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် သက်ဆိုင်သည့် စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး လုပ်ငန်းဗဟိုကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သန်းက အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ အကြံပြုချက်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များ၊ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများအား ပြင်ဆင်ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသနေပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ချက်ထားရှိပြီး ပြည်သူ့ကိုယ်စားလှယ်အပေါင်းက မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကို လက်တွဲတည်ဆောက်နိုင်ပါစေကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောသန်းထွင်က အဆိုပါအစီရင်ခံစာ (၃/၂၀၁၉)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၃/၂၀၁၉) ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

## အခြေပြစာချုပ်ငယ်(၂)၏ အတည်ပြုစာချွန်လွှာအား အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန် ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အခြေပြစာချုပ်ငယ် (၂)၏ အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က တိုင်းပြည်၏ ပထဝီအနေအထားအရ မဟာဗျူဟာမြောက် အားသာချက်ကို ယခုလို ဒေသတွင်းနှင့် နိုင်ငံတကာကူးသန်းရောင်းဝယ်မှု သဘောတူညီချက်များနှင့် ပေါင်းစပ်ပြီးဒေသတွင်း နယ်စပ်ဖြတ်ကျော် ကုန်စည်စီးဆင်းမှု ကွင်းဆက်အတွက် ကုန်တွင်းပိတ်နိုင်ငံများ၊ သင်္ဘောဆိပ်ကမ်းများနှင့် ကမ်းရိုးတန်းနိုင်ငံများအကြား အချက်အချာ ဒေသတစ်ခုဖြစ်သည်အထိ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် အကြံပြုဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်နွယ်နွယ်အောင်က ဖြတ်သန်းကုန်စည်များ လွယ်ကူချောမွေ့စေရေးဆိုင်ရာ အာဆီယံ မူဘောင် သဘောတူညီချက်အရ နယ်စပ်စခန်းများ သတ်မှတ်ခြင်းနှင့် အာဆီယံအကောက်အခွန် ဖြတ်သန်းကုန်သွယ်မှုစနစ်ကိုသာ သေချာကျင့်သုံးနိုင်မည်ဆိုပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ကုန်စည်များ သယ်ယူပို့ဆောင်မှုတွင် အာဆီယံမူဘောင် သဘောတူညီချက်အရ ဥပဒေနှင့်အညီ ဆောင်ရွက်သွားနိုင်မည် ဖြစ်သည့်အတွက် တရားမဝင်ကုန်စည် ဖြတ်သန်းဝင်ရောက်မှုကို တားဆီးနိုင်မည်ဖြစ်ပြီး နိုင်ငံအတွက်လည်း အကျိုးရှိနိုင်မည်ဖြစ်သည့်အတွက် အခြေပြစာချုပ်ငယ်(၂)၏ အတည်ပြုစာချွန်လွှာကို လွှတ်တော်က အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းနှင့် မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အာဆီယံအတွင်း ဖြတ်သန်းကုန်သွယ်မှုကဏ္ဍ လွယ်ကူချောမွေ့စေရန် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံဖြတ်သန်းကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ လိုအပ်သော အကောက်ခွန်စည်းမျဉ်း၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍတို့တွင် လွယ်ကူရှင်းလင်းစေခြင်းဖြင့်လည်းကောင်း တစ်ပြေးညီဖြစ်သော စနစ်နှစ်ခု ဖြစ်ထွန်းစေရန်နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကို အကောင်အထည်ဖော်ခြင်းတွင် အထောက်အကူဖြစ်စေရန်တို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊

သို့ဖြစ်ပါ၍ ဖြတ်သန်းကုန်စည်များ လွယ်ကူချောမွေ့စေရေး အာဆီယံ မူဘောင် သဘောတူညီချက်၏ အခြေပြစာချုပ်ငယ်(၂)အတွက် အတည်ပြုစာချွန်လွှာ (Instrument of Ratification) လက်မှတ်ရေးထိုး၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ(က)၏ နောက်ဆက်တွဲဇယား ၁၊ အမှတ်စဉ် ၈ ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အခြေပြစာချုပ်ငယ်(၂) ၏ အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်မော်၊ အေးအေးသန့်(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးတွေ့မြင်ရတဲ့ အပြောင်းအလဲကတော့ ပြည်သူတွေရဲ့မျက်နှာမှာ အပြုံးတွေ၊ လွတ်လပ်စွာ ပြောဆိုနေကြတာတွေ၊ ပျော်ရွှင်စွာသွားလာလှုပ်ရှားကြတာတွေ၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိလာကြတာတွေကို မြင်တွေ့ရပါတယ်

**နီပေါသံအမတ်ကြီး Mr. Bhim Udas**

## ဘာသာပြန်ဆိုသူ - ဒေါက်တာသာစိန်

**ဖေဖော်ဝါရီလ ၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Udas နှင့် တွေ့ဆုံမေးမြန်းမှုကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။**

**မေး ။ သံအမတ်ကြီးအနေနဲ့ ၂၀၀၃ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ မြန်မာနိုင်ငံမှာရှိတဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရဲ့ အကြီးအကဲတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်လို့ သိရပါတယ်။ ဂုဏ်ပြုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ တာဝန်ထမ်းဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲ့ အပြောင်းအလဲနှင့် ပတ်သက်ပြီး သံအမတ်ကြီးအမြင်ကို သိပါရစေ။**

ဖြေ ။ မှန်ပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရဲ့ အကြီးအကဲတစ်ဦးအဖြစ် သုံးနှစ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီတုန်းက စစ်အစိုးရအုပ်ချုပ်တဲ့ကာလဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ချထားခံရတဲ့ ကာလဖြစ်ပါတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံဟာ အနောက်နိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့မှုခံနေရပြီး ပြည်သူတွေ ဆင်းဆင်းရဲရဲနေရတဲ့ ကာလဖြစ်ပါတယ်။ နိုင်ငံရေးအရတည်ငြိမ်ပြီး လုံခြုံရေးအရ ကောင်းမွန်နေသော်လည်း ပြည်သူတွေက အကြောက်တရားတွေနဲ့ နေထိုင်ခဲ့ကြရပါတယ်။

ပထမဦးဆုံး သတိပြုမိတာကတော့ ပြည်သူတွေဟာ ယခင်ကနဲ့မတူဘဲ စိုးရိမ်သောကကင်းပြီး မျက်နှာမှာအပြုံးတွေနဲ့ တွေ့ရသလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုအပြည့်နဲ့ ပြောဆိုဆွေးနွေးကြတာတွေ တွေ့ရပါတယ်။ လမ်းပေါ်မှာနဲ့ ဈေးဆိုင်၊ စတိုးဆိုင်ကြီးတွေမှာ ယခင်ကထက်လူတွေကို ပိုပြီး တွေ့လာရတာတွေဟာ အလုပ်အကိုင်တွေ၊ ဝင်ငွေတွေ ရှိနေကြတာကို မှန်းဆလို့ရပါတယ်။ သူတို့တွေဟာ ပိုပြီးကောင်းမွန်တဲ့ ဘဝအခြေအနေတွေကို ရှာဖွေနေကြပါတယ်။ ယခင်က မရှိခဲ့တဲ့ မြင့်မားတဲ့ အဆောက်အဦတွေ၊ ဟိုတယ်တွေနဲ့ အိမ်ရာတွေ အစီအရီ ပေါ်ထွက်လာတာ တွေ့နေရပါတယ်။ လမ်းတွေဟာလည်း ကျယ်ကျယ်ဝန်းဝန်း သန့်သန့်ပြန့်ပြန့် ရှိလာပါတယ်။ လမ်းပေါ်မှာ ယခင်ကထက် ယာဉ်အသွားအလာတွေ အဆမတန် များပြားလာတာ တွေ့ရပါတယ်။

### လူငယ်တွေအင်္ဂလိပ်စကားပြောနိုင်

ပြည်သူတွေရဲ့ မျက်နှာမှာလည်း ပျော်ရွှင်မှုတွေနဲ့အတူ ကြောက်ရွံ့တဲ့စိတ်တွေ ကင်းမဲ့သွားတာတွေ့ရပါတယ်။ အရင်က ဆိုရင် အင်္ဂလိပ်စကားပြောနိုင်တဲ့ လူငယ်တွေ နည်းပါးပေမယ့် အခုအခါမှာတော့ လူငယ်တွေဟာ အင်္ဂလိပ်စကား ပြောလာနိုင်ကြပြီး ပွင့်လင်းမှုလည်း ရှိလာကြပါတယ်။ အရင်က ဆယ်စုနှစ်များစွာကြာအောင် နိုင်ငံတကာနဲ့ အဆက်အသွယ်ပြတ်ခဲ့တဲ့အတွက် လူငယ်တွေ အင်္ဂလိပ်စကားပြောတတ်သူ နည်းပါးခဲ့တယ်လို့ ယူဆရပါတယ်။

လူတိုင်းဟာလည်း လက်ကိုင်ဖုန်းတွေနဲ့ တွေ့ရတော့ ဒါဟာ ကြီးမားတဲ့ အပြောင်းအလဲတစ်ခုပါပဲ။ ဒီအချက်ကတော့ ခင်ဗျားလည်း သဘောတူမယ်ထင်ပါတယ်။ အရင်ကဆိုရင် လူအနည်းစုလောက်သာ လက်ကိုင်ဖုန်းကို သုံးနိုင်ကြပြီး အဲဒီလို သုံးနိုင်တဲ့သူထဲမှာ အစိုးရဌာန၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းက လူအချို့ ပါဝင်ပါတယ်။ အဲဒီတုန်းက ဆင်းကတ်တစ်ခုကို ဒေါ်လာ ၂၀၀၀ အထိ ဈေးကြီးကြီးဝယ်ခဲ့ရတာကို ကျွန်တော်မှတ်မိပါသေးတယ်။

အခုအချိန်မှာတော့ ဆင်းကတ်တစ်ခု တစ်ဒေါ်လာလောက်ပဲ ရှိပါတော့တယ်။ ဒါဟာ ကြီးမားတဲ့ အပြောင်းအလဲတစ်ခုပါ။ ဒီအပြောင်းအလဲနဲ့ အတူ ပြည်သူတွေရဲ့စိတ်နေစိတ်ထား၊ အပြုအမူနဲ့ တီထွင်ကြံဆမှုတွေကို ပြောင်းလဲစေနိုင်ပါတယ်။ ပြည်သူတွေအနေနဲ့ လက်ကိုင်ဖုန်းတွေနဲ့ ကမ္ဘာကြီးတစ်ခုလုံးကို မြင်နိုင်သိနိုင်တဲ့အတွက် အကြားအမြင်တွေ၊ ဗဟုသုတတွေ ကျယ်ပြန့်လာခဲ့ကြပါတယ်။ လိုအပ်တဲ့အချိန်မှာ မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ဆက်သွယ်ပြောဆိုနိုင်ကြလို့ ကမ္ဘာကြီးတစ်ခုလုံးနဲ့ ချိတ်ဆက်နိုင်ခဲ့ကြပါပြီ။ ဒါဟာ မြန်မာ့ဒီမိုကရေစီရဲ့ တိုက်ရိုက် လက်ငင်းအကျိုးတရားပါပဲ။

**မေး ။ လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေအပေါ် သံအမတ်ကြီးရဲ့ အမြင်ကို သိလိုပါတယ်။**

ဖြေ ။ လက်ရှိအခြေအနေကတော့ အားရစရာ ကောင်းပါတယ်။ စစ်ဘက်ကနေ အရပ်ဘက်အစိုးရအဖြစ် အသွင်ကူးပြောင်းရေးကို သွေးထွက်သံယိုမရှိ ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရပါတယ်။ ရွေးကောက်ပွဲနဲ့အတူ အစိုးရသစ်တိုင်းပြည်တာဝန်ကို ရယူခဲ့ပါတယ်။ အသွင်ကူးပြောင်းတဲ့ကာလဖြစ်တဲ့အတွက် ဒီမိုကရေစီ စဉ်ဆက်မပြတ် ရှင်သန်ရေးဟာ ပြည်သူတွေအပေါ်မှာပဲ မူတည်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသော့ချက်ပါပဲ။ ပြည်သူတွေဟာ ကောင်းမွန်တဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ အလုပ်အကိုင်ဖန်တီးနိုင်မှုကနေ ပိုမိုကောင်းမွန်တဲ့ အခြေအနေကောင်းတစ်ရပ်ကို လိုလားကြပါတယ်။

### ဦးစားပေးလုပ်ငန်းစဉ်ငါးခု

အစိုးရအနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ အလုပ်အကိုင်ဖန်တီးပေးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစတဲ့ ဦးစားပေးလုပ်ငန်းစဉ် ငါးခုကို ချမှတ်ခဲ့ပါတယ်။ အရေးကြီးဆုံးကတော့ သဘာဝအရင်းအမြစ်တွေကို နှိုင်းနှိုင်းချိန်ချိန် သုံးစွဲတတ်ဖို့ လိုအပ်ပါတယ်။

တပ်မတော်အနေနဲ့ အပစ်အခတ်ရပ်စဲရေးကို ထုတ်ပြန်ကြေညာခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက် ထားရှိလိုက်ခြင်းနဲ့ မြောက်ပိုင်းမဟာမိတ်ရစ်ဖွဲ့က အစိုးရနဲ့ စေ့စပ်ဆွေးနွေးလိုခြင်းစတဲ့ အချက်တွေဟာ ကြိုဆိုရမယ့် ဖြစ်ပေါ်တိုးတက်မှုတစ်ရပ်ဖြစ်သလို ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုအတွက် ထူးခြားတဲ့ အလားအလာတွေ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နိုဝင်ဘာလက ရန်ကုန်မှာကျင်းပတဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ပါဝင်စားစွာ ဆန္ဒမဲပေးခဲ့တာကို ကျွန်တော်တွေ့မြင်ခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီမိုကရေစီလိုလားတာ၊ မိမိတို့ရဲ့အခွင့်အရေးကို သိရှိလာတာဟာ ကောင်းမွန်တဲ့ လက္ခဏာတစ်ရပ် ဖြစ်ပါတယ်။

**မေး ။ သံအမတ်ကြီးအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအကူးအပြောင်းမှာ အကြီးမားဆုံး စိန်ခေါ်မှုတွေဟာ ဘာတွေဖြစ်မယ်လို့ ထင်ပါသလဲ။ အဲဒါနဲ့ပတ်သက်ပြီး အကြံပြုလိုတာ ရှိပါသလား။**

ဖြေ ။ အုပ်ချုပ်ရေးစနစ်တစ်ခုလုံးကို အပြောင်းအလဲလုပ်ချိန်မှာ စိန်ခေါ်မှုတွေရှိနေမှာတော့ အသေအချာပါပဲ။ ဒီမိုကရေစီစနစ်မှာ ပြည်သူတွေဟာ မိမိတို့ရဲ့အခွင့်အရေးကို ရှာဖွေရာကနေ မျှော်လင့်ချက်တွေ၊ မျှော်မှန်းချက်တွေ ရှိလာကြပါတယ်။ ဆန္ဒတွေစောနေတတ်ပြီး သူတို့လိုချင်တာမရတဲ့အခါ စိတ်မရှည်တော့ဘဲ သူတို့ရဲ့အလိုမကျမှုတွေကို စပြီး ပြောတော့တာပါပဲ။ ဒီနေရာမှာ သတိထားဖို့က ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ လိုက်နာရတဲ့အချိန်မှာ အချိန်အကန့်အသတ်တစ်ခု လိုအပ်တယ်ဆိုတဲ့အချက်ပါပဲ။ ဒီမိုကရေစီဖွံ့ဖြိုးဖို့အတွက် တရားဥပဒေစိုးမိုးရေးဟာ မရှိမဖြစ်အချက်ပါပဲ။

ဒီမိုကရေစီအစပျိုးတဲ့နိုင်ငံတွေမှာ ပြည်သူတွေရဲ့မျှော်လင့်ချက်ကြီးမားမှု၊ အစိုးရရဲ့ဖော်ဆောင်နိုင်မှု နည်းပါးမှု၊ အတွေ့အကြုံမရှိမှု၊ ဝန်ဆောင်မှု မပေးနိုင်မှုနဲ့ အကျင့်ပျက်ခြစားမှုတို့ကြောင့် အစိုးရတွေအနေနဲ့ ကျဆုံးခဲ့ရတဲ့အဖြစ်တွေ ကျွန်တော် သိမြင်ခဲ့ရပါတယ်။

### မူဝါဒနဲ့ စည်းမျဉ်းစည်းကမ်းချမှတ်

မြန်မာနိုင်ငံရဲ့ အားသာချက်ကတော့ ပြည်သူတွေဟာ ဒီမိုကရေစီလိုလားတယ်၊ အစိုးရကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု၊ ဝန်ဆောင်မှုနဲ့ သာယာဝပြောရေးကို မဖြစ်မနေ လုပ်ဆောင်ပေးမှုကြောင့်ပဲ ဖြစ်ပါတယ်။ သို့သော်လည်း ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်မှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု နှေးကွေးခြင်း၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်မလုံလောက်မှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တိုးတက်မှုနှေးကွေးမှု စတဲ့ စိန်ခေါ်မှုအချို့တော့ ရှိပါတယ်။ အချို့သော စိန်ခေါ်မှုတွေကိုတော့ ကုမ္ပဏီဥပဒေအသစ်ချမှတ်ခြင်း၊ ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒအသစ်တွေကြောင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ အခြေအနေအပေါ်မူတည်ပြီး ပြုပြင်ပြောင်းလဲမှု၊ မူဝါဒနဲ့ စည်းမျဉ်းစည်းကမ်း ချမှတ်မှုတွေကို ဆက်လက်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။



နီပေါသံအမတ်ကြီး Mr. Bhim Udas

လက်ရှိအစိုးရရဲ့သက်တမ်းအတွင်း ရခိုင်ပြဿနာပေါ်လာတာဟာ ကြီးမားတဲ့ တုန်လှုပ်မှုတစ်ရပ် ဖြစ်ပါတယ်။ ထို့အတူ ကျန်တဲ့သက်တမ်း နှစ်နှစ်ကျော်အတွင်းမှာ စိန်ခေါ်မှုတွေ များပြားပါတယ်။

**မေး ။ မူဝါဒနဲ့ တရားဥပဒေစိုးမိုးရေး ၂ ရပ် ရှေ့နောက်ကိုက်ညီမှုနဲ့ ပတ်သက်ပြီး သံအမတ်ကြီး ပြောသွားတာကို အသေးစိတ် သိချင်ပါတယ်။**

ဖြေ ။ ဟုတ်ပါတယ်။ ယုံကြည်မှုတည်ဆောက်ဖို့ အရေးကြီးပါတယ်။ စီးပွားရေးလုပ်ငန်းအတွက် ကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ကို ဆက်လက်ဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ ပြည်သူတွေ တရားဥပဒေစိုးမိုးရေးကို သိရှိပြီး လိုက်နာဖို့ လိုအပ်ပါတယ်။

**မေး ။ ပြည်သူတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အလွန်အရေးကြီးတဲ့အတွက် မြန်မာနိုင်ငံရဲ့ အနာဂတ်နဲ့ ဆက်နွယ်ပတ်သက်မှုအပေါ် သံအမတ်ကြီးရဲ့ အမြင်ကို သိချင်ပါတယ်။**

ဖြေ ။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဟာ လူသားတွေရဲ့ အရည်အချင်း၊ ခေတ်မီနည်းပညာကို သိရှိတတ်မြောက်မှုနဲ့အတူ အရင်းအမြစ်များရရှိမှုကနေ အခြေခံပါတယ်။ မြန်မာနိုင်ငံမှာ သဘာဝအရင်းအမြစ်များစွာရှိပြီး စိုက်ပျိုးနိုင်သော လယ်ယာမြေများစွာ ပိုင်ဆိုင်ထားပါတယ်။ ပထဝီအနေအထားအရ မြန်မာနိုင်ငံဟာ နိုင်ငံကြီးနှစ်နိုင်ငံဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယကြားမှာ မဟာဗျူဟာကျကျ တည်ရှိနေပါတယ်။ ထို့အတူ အာဆီယံနဲ့ တောင်အာရှနိုင်ငံများကြားမှာ တည်ရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ဘင်းမ်စတက် (BIMSTEC) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး SAARC အဖွဲ့ထဲမှာ လေ့လာသူအဆင့်နိုင်ငံအဖြစ်နဲ့ ရှိနေပါတယ်။ ဒီအခွင့်အရေးတွေဟာ မြန်မာနိုင်ငံကလွဲပြီး အခြားသော အာရှနိုင်ငံတွေ မရခဲ့ကြပါဘူး။

### ဖွံ့ဖြိုးတိုးတက်မှုနှင့်ဒီမိုကရေစီ

အစိုးရအနေနဲ့ မြန်မာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ကြိုတင်ပြင်ဆင်ထားခဲ့ပြီး အောင်မြင်မှုရဖို့အရေးအတွက် စီမံကိန်းများကို အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ အားသာချက်ကတော့ မြန်မာပြည်သူတွေဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတယ်၊ ရိုးသားတယ်၊ မော်ကြွားခြင်းမရှိဘူးဆိုတဲ့ အချက်တွေပါ။ လူငယ်အင်အားစုတွေ များပြားခြင်းနဲ့ လုပ်အားခချိုသာခြင်းကလည်း အဓိကပါဝင်ပါတယ်။ ပြည်သူတွေဟာ မြန်မာနိုင်ငံရဲ့ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီမိုကရေစီအတွက် အကြီးဆုံးသော အရင်းအမြစ်တွေပါပဲ။

**မေး ။ သံအမတ်ကြီးတို့ နိုင်ငံအနေနဲ့ ဘုရင်စနစ်ကနေ ဖက်ဒရယ်စနစ်ကို ကူးပြောင်းရာမှာ အချိန်တိုအတွင်း အခက်အခဲမရှိ ချောမောစွာ ကူးပြောင်းနိုင်ခဲ့တယ်လို့ သိရှိခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး သံအမတ်ကြီးမှာ သင်ခန်းစာတွေရှိခဲ့မယ်ဆိုရင် သိခွင့်ရချင်ပါတယ်။**

ဖြေ ။ နီပေါနိုင်ငံအနေနဲ့ လွန်ခဲ့တဲ့ ၆၈ နှစ် ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလမှာ ဒီမိုကရေစီရရှိခဲ့ပါတယ်။ ဒီလို ဒီမိုကရေစီရရှိဖို့အတွက် အိန္ဒိယနဲ့ မြန်မာနိုင်ငံတို့က ပံ့ပိုးကူညီခဲ့ပါတယ်။ ဒါကြောင့် နီပေါအနေနဲ့ မြန်မာနိုင်ငံကို အမြဲတမ်း ကျေးဇူးတင်လျက် ရှိပါတယ်။

အဲဒီအချိန်တုန်းက တိုင်းပြုပြည်ပြု လွှတ်တော်ကနေ ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းဖို့ ဘုရင်က ကြေညာခဲ့ပါတယ်။ အဲဒီတိုင်းပြုပြည်ပြု လွှတ်တော်ဟာ ၂၀၀၈ ခုနှစ်လောက်ကမှ ရွေးကောက်ပွဲအစီစဉ်နဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ တိုင်းပြုပြည်ပြု လွှတ်တော်ပထမအစည်းအဝေးက သက်တမ်း နှစ် ၂၄၀ ရှိတဲ့ ဘုရင်စနစ်ကို ဖျက်သိမ်းလိုက်တဲ့အတွက် နီပေါ နိုင်ငံဟာ သမ္မတနိုင်ငံ ဖြစ်လာခဲ့ပါတယ်။ တိုင်းပြုပြည်ပြု လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၅ ခုနှစ် စက်တင်ဘာလကျမှ ပြဋ္ဌာန်းနိုင်ခဲ့တဲ့အတွက် နီပေါနိုင်ငံအနေနဲ့ ၆၅ နှစ်ကြာခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆွေးနွေးစဉ်ကာလမှာ နီပေါခေါင်းဆောင်များဟာ ဖက်ဒရယ်စနစ်ဖော်ဆောင်ရေးအတွက် ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါကြောင့်မို့ နီပေါနိုင်ငံဟာ ယနေ့ ဖက်ဒရယ်ဒီမိုကရေစီသမ္မတနိုင်ငံအဖြစ် ရောက်ရှိလာတာ ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်က ငြိမ်းချမ်းရေးလိုလားကြတဲ့အတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ဟာ ချောမောစွာနဲ့ အောင်မြင်ခဲ့ပါတယ်။

### ယုံကြည်မှုတည်ဆောက်ရေး

ဒုတိယအချက်အနေနဲ့ ယုံကြည်မှုတည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ယုံကြည်မှုဆိုတာ တစ်ဦးအပေါ်တစ်ဦး ရှိဖို့လိုအပ်ပါတယ်။ တစ်ဦးအပေါ်တစ်ဦး လေးစားမှုနဲ့အတူ ဆွေးနွေးပွဲကို ဆက်လက်လုပ်ဆောင်ခဲ့ကြပါတယ်။ ယုံကြည်မှုတည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို အဆင့်လိုက် မှန်မှန်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ အဲဒါမှသာ သံသယတွေ၊ အထင်လွဲမှုတွေ လွင့်စဉ်ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။

နီပေါနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံတကာအသိုက်အဝန်းကလည်း သူတို့ရဲ့ ရှုထောင့်ကနေ အပြုသဘောနဲ့ ပါဝင်ပံ့ပိုးခဲ့ကြပါတယ်။ နီပေါခေါင်းဆောင်တွေဟာ အိမ်နီးချင်းနိုင်ငံအပါအဝင် နိုင်ငံတကာအသိုက်အဝန်းတွေနဲ့ အမြဲတစေ ညှိနှိုင်းတိုင်ပင်မှု ပြုလုပ်ခဲ့ကြပြီး တစ်ဦးချင်းစီက အကြံဉာဏ်များနှင့်အတူ အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီတဲ့ ပကတိအခြေနေတစ်ရပ်ကို ဖော်ဆောင်ခဲ့ကြပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

◆ **မြန်မာနိုင်ငံရဲ့ အားသာချက်ကတော့ ပြည်သူတွေဟာ ဒီမိုကရေစီ လိုလားတယ်၊ အစိုးရကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု၊ ဝန်ဆောင်မှုနဲ့ သာယာဝပြောရေးကို မဖြစ်မနေ လုပ်ဆောင်ပေးမှုကြောင့်ပဲ ဖြစ်ပါတယ်။ သို့သော်လည်း ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်မှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု နှေးကွေးခြင်း၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်မလုံလောက်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုနှေးကွေးမှု စတဲ့စိန်ခေါ်မှုအချို့တော့ ရှိပါတယ်**

# ချင်းတောင်တန်း၏ ပထမဆုံးသော ဝေဟင်ဝင်ပေါက် ဆူရ်ဘုန်လေဆိပ်အသစ် မကြာမီဖွင့်လှစ်မည်

ဟားခါး ဖေဖော်ဝါရီ ၂၀

**တိမ်ဖြူတွေဆိုင်းသည့် မှိုင်းညို့ညို့ ချင်းတောင်တန်းကြီးများ၊ တောင်ဇလပ်၊ ချယ်ရီ၊ သဇင်၊ သစ်ခွများနှင့် သဘာဝအလှတို့ဖြင့် သာယာလှပသော ချင်းပြည်နယ်သည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီနှင့် ၂၄ ဒီဂရီ အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၃ - ၃၅ ဒီဂရီရှိပြီး စတုရန်းမိုင် ၁၃၉၀၇ မိုင်ကျယ်ဝန်း၍ မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် တည်ရှိသည်။**



မကြာမီဖွင့်လှစ်တော့မည့် ဆူရ်ဘုန်လေဆိပ်အသစ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

ကန်ပက်လက်၊ မင်းတပ်၊ ပလက်ဝ၊ မတူပီ၊ ဟားခါးမြို့၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များဖြင့် ဖွဲ့စည်းထားသော ချင်းပြည်နယ်၏ မြို့တော်မှာ ဟားခါးဖြစ်ပြီး ဒုတိယ မြို့တော်မှာ မတူပီ ဖြစ်သည်။ ကုလားတန်မြစ်နှင့် လေးမြို့မြစ်များသည် ချင်းပြည်နယ်၏ ထင်ရှားသောမြစ်များ ဖြစ်သည်။

**သွားလာရခက်ခဲ**

တောင်စွယ်အထပ်ထပ် သဘာဝ အလှအပများဖြင့် သာယာလှပသော ချင်းပြည်နယ်ကို လာရောက်မည်ဆိုပါက ကလေးမြို့မှတစ်ဆင့် ကားလမ်းကို အဓိကအသုံးပြုရသည်။ ပွင့်လင်းရာသီတွင် သွားလာရလွယ်ကူသော်လည်း မိုးရာသီတွင် တောင်ပြိုမှုများ မကြာခဏ ဖြစ်ပေါ်တတ်သဖြင့် သွားလာရခက်ခဲပြီး မြေပြန့်ဒေသနှင့် ကူးလူးဆက်သွယ် သွားလာရာ၌ အချိန်ကုန် လူပင်ပန်းရသော ဒေသတစ်ခုဖြစ်သည်။

**မကြာမီ ဖွင့်လှစ်နိုင်မည်**

တောင်တန်း ထူထပ်ပေါများပြီး သွားလာရခက်ခဲသော ချင်းပြည်နယ်သို့ သွားလာရလွယ်ကူရန်၊ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ပြီး လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးကိစ္စများ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်နယ်အလယ်ပိုင်း ဖလမ်းမြို့တွင် ဆူရ်ဘုန်လေဆိပ်သစ်ကြီးကို ဆောက်လုပ်လျက်ရှိရာ မကြာမီ ဖွင့်လှစ်နိုင်မည် ဖြစ်သည်။

ဆူရ်ဘုန်(ဖလမ်း) လေဆိပ် တည်ဆောက်ရန် မြေပုံလေ့လာခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သည့် လေယာဉ်ကွင်းဟောင်းများကို လေ့လာခြင်း၊ ဒေသ၏အခြေအနေနှင့် လိုအပ်ချက်များ၊ အသေးစိတ်ကွင်းဆင်းတိုင်းတာခြင်းများ၊ လေကြောင်းဆိုင်ရာ ကန့်သတ်ချက်နှင့် လွတ်ကင်းမှုများအား သိရှိနိုင်ရန် Caravan Cessna လေယာဉ်ငယ်ဖြင့် ပျံသန်းစစ်ဆေးခြင်း၊ အနာဂတ် လေဆိပ်စီမံကိန်းအရ တွက်ချက်ခြင်း၊ လေယာဉ်ဝင်လမ်း၊ ထွက်လမ်းနှင့် ပတ်လမ်းကြောင်း (Access & Circuit Pattern) အတိုင်း ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းတက်နိုင်မှု ရှိ၊ မရှိ၊ လေယာဉ်ဆင်း၊ တက်လမ်းကြောင်းနှင့် လေယာဉ်ပတ်လမ်းအတွင်း တောင်ကုန်း၊ တောင်တန်းများနှင့် အရာဝတ္ထုများ တားဆီးပိတ်ဆို့ခြင်း ရှိ၊ မရှိ၊ အနီးဆုံးလေဆိပ်နှင့် အကွာအဝေး၊ မြင်ကွင်းရှင်းလင်းပြတ်သားမှု၊ လေတိုက်နှုန်းနှင့် ဦးတည်ရာအရပ်၊ လူဦးရေ အရေအတွက်၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လိုအပ်လာမည့် မြို့ပြအိမ်ရာစီမံကိန်းနှင့် အထောက်အကူပြုအဆောက်အအုံများ တည်ဆောက်နိုင်မှု အခြေအနေတို့အပေါ် အခြေခံ၍ ဖလမ်းမြို့နယ်ရှိ မြေဧက ၁၂၈၉ ဒသမ ၅ ဧကတွင် စီမံကိန်းကို ငွေကျပ် ၃၂ ဒသမ ၃၆ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မကြာမီဖွင့်လှစ်နိုင်မည်ဖြစ်သည်။

**တာဝန်ယူရေးဆွဲ**

လေဆိပ်၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားရာ နေရာများ၏ Geometric ဒီဇိုင်း၊ လေဆိပ်အဆောက်အဦ၊ လေကြောင်းထိန်းမျှော်စင်နှင့်တွဲလျက် မီးသတ်အဆောက်အဦ ဒီဇိုင်းများကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ယူရေးဆွဲခဲ့ပြီး Structure ဒီဇိုင်းလမ်းလွှာပုံစံထုတ်လုပ်ခြင်းနှင့် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေး ဌာနခွဲနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်း ပထမအဆင့် ပြီးစီးနိုင်အောင် လျာထား ဆောင်ရွက်လျက်ရှိသည်။

“ဆူရ်ဘုန်(ဖလမ်း) လေဆိပ်သစ် တည်ဆောက်ရေးလုပ်ငန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် အနီးကပ်ညွှန်ကြားချက်များဖြင့် လေယာဉ်ကွင်း စံချိန်စံညွှန်းနဲ့ စစ်ဆေးရေးဌာနခွဲမှ အင်ဂျင်နီယာများက ဦးဆောင်ပြီး အုပ်ချုပ်စီမံရေးနဲ့ နယ်လေဆိပ်များဌာနခွဲ၊ လေကြောင်း ဆက်သွယ်ရေးဌာနခွဲ၊ လေကြောင်း လမ်းညွှန်ထိန်းသိမ်းမှု စစ်ဆေးရေးဌာနခွဲနဲ့ လေကြောင်းလုံခြုံမှု စစ်ဆေးရေးဌာနခွဲများပူးပေါင်းပြီး စက်ယာဉ်ယန္တရား ၁၆၆ စီး၊ စီမံကိန်း ဝန်ထမ်း ၃၀၀ နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်” ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက ပြောသည်။

**အရှိန်အဟုန်မြှင့် ကြိုးစားဆောင်ရွက်**

“လေယာဉ်ကွင်းသစ်ကို ATR -72 လေယာဉ်များ ဆင်း/တက် အသုံးပြုနိုင်ဖို့အတွက် လေယာဉ်ပြေးလမ်း အလျားပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀၊ လေယာဉ်ဝင်/ထွက်လမ်းနဲ့ လေယာဉ်ရပ်နားဖို့နေရာ အလျားပေ ၂၅၀၊ အကျယ်ပေ ၂၅၀ တို့ကို နိုင်လွန်ကတ္တရာခင်း တည်ဆောက်သွားမှာဖြစ်ပြီး Compaction Method ဖြင့် Slope Stability Gabion Retaining Wall တည်ဆောက်ခြင်း၊ လေဆိပ်အဆောက်အဦ အလျား ၁၅၆ ပေ၊ အကျယ် ၈၄ ပေ၊ လေကြောင်းထိန်းမျှော်စင်နှင့် လေဆိပ်ဆိုင်ရာ အခြားဆက်စပ်လုပ်ငန်းများကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် အရှိန်အဟုန်မြှင့် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**လွယ်ကူစွာ သွားလာနိုင်မည်**

လေယာဉ်ကွင်းမရှိသည့် ချင်းပြည်နယ်တွင် ယခုတည်ဆောက်လျက်ရှိသည့် ဆူရ်ဘုန် (ဖလမ်း)လေဆိပ်သစ်ကြီး တည်ဆောက်ပြီးစီးပါက ချင်းပြည်နယ်၏ အဓိက လေကြောင်းဝင်ပေါက်ဖြစ်လာပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်မည့်အပြင် ဒေသထွက်ကုန်များနှင့် တိုင်းရင်းသားများအနေဖြင့် မြန်မာနိုင်ငံအတွင်း ဒေသအနှံ့အပြားသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သည်။

ထို့ပြင် ဖလမ်းလေဆိပ်သည် ချင်းပြည်နယ်အလယ်ပိုင်းတွင် တည်ရှိပြီး ဖလမ်းမြို့၊ လုံပီးတောင်၊ ဟားခါး၊ ထန်တလန်၊ တီးတိန်နှင့် ရိဒ်ရေကန်စသည့် ပြည်နယ်၏ မြို့ကြီးများနှင့် ခရီးသွားလည်ပတ်နေရာများကို အချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်သည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်လေဆိပ်များသို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သည်။

“အခုတည်ဆောက်နေတဲ့ လေဆိပ်ကြီး တည်ဆောက်ပြီးစီးသွားမယ်ဆိုရင် ချင်းပြည်နယ်က စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး လုပ်ငန်းတွေကို အထောက်အကူဖြစ်စေမှာပါ။ ဥပမာ- ချင်းပြည်နယ်မှာ ကုသမှုမပြုနိုင်တဲ့ လူနာတွေကို အခြားမြို့က ဆေးရုံကြီးတွေကိုပို့ပြီး အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းတွေကို လုပ်ဆောင်နိုင်မှာပါ။ ဘေးအန္တရာယ်ကျရောက်တဲ့ အချိန်ဆိုရင်လည်း အစိုးရနဲ့လူမှုရေးအဖွဲ့အစည်းတွေက လိုအပ်တဲ့အကူအညီတွေကို လျင်လျင်မြန်မြန် ထိထိရောက်ရောက် ပေးနိုင်တော့မှာဖြစ်တဲ့အတွက် ပြည်သူတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို လျော့ချနိုင်မယ်၊ အသက်တွေကို ကယ်ဆယ်ပေးနိုင်မှာဖြစ်ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပြောသည်။

**လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်**

ဆူရ်ဘုန်(ဖလမ်း)လေဆိပ်သစ်ကြီးသည် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်သည် တောင်ပေါ်မြေပြန့်မခြား တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာသဖြင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု သာတူညီမျှဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်းကို လျှော့ချရေးစသည့် နိုင်ငံတော်၏ ရည်မှန်းချက်ကိုလည်း အထောက်အကူပြုလာစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်သုံးသပ်ပြောကြားသည်။

“ကျွန်တော်တို့ ပြည်နယ်က တောင်စဉ်တောင်တန်းတွေ ထူထပ်ပေါများတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးမှာ အခြားပြည်နယ်တွေထက် ပိုပြီးခက်ခဲပါတယ်။ အခုလို အစိုးရအဖွဲ့က ပြည်နယ်အတွက် အဓိကလိုအပ်နေတဲ့ လေဆိပ်တစ်ခုကို တည်ဆောက်ပေးနေတာကိုတွေ့ရတော့ ရင်ထဲမှာ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်။ တောင်ပေါ်နဲ့ မြေပြန့် အလှမ်းဝေးတဲ့ ခရီးကို အချိန်တိုအတွင်း သွားလာနိုင်အောင် စီစဉ်ပေးသူတွေကို ဘုရားသခင်က ကောင်းချီးပေးပါစေ။ ချင်းပြည်နယ်လည်း ဖွံ့ဖြိုးတိုးတက်ပါစေ။ နိုင်ငံတော်ကြီးလည်း ငြိမ်းချမ်းပါစေ။ ကျွန်တော်တို့ဒေသကို လေဆိပ်သစ်ကြီးဖွင့်ပြီးရင် တစ်ခါတစ်ခေါက် အရောက်လာကြပါလို့ ဖိတ်ခေါ်လိုက်ပါတယ်ခင်ဗျာ”ဟု ဒေသခံ ကိုပီးပုက ပြောသည်။

**သူရဇော်**

## အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်(မူကြမ်း)အပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးပွဲ ကျင်းပ




နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက် (မူကြမ်း) အပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးပွဲ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်(မူကြမ်း)အပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ အစိုးရဌာနဆိုင်ရာ အကြီးအကဲများ၊ UNODC မှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၆၀ တက်ရောက်ခဲ့သည်။

**ရှင်းလင်းတင်ပြ**

ဆွေးနွေးပွဲတွင် မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသား မဟာဗျူဟာစီမံချက်မူကြမ်း ပြုစုထားရှိမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**အုပ်စုဖွဲ့ဆွေးနွေး**

ယင်းနောက် သက်ဆိုင်ရာကဏ္ဍများအလိုက် နှီးနွှယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများက အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် ပြန်လည်တင်ပြခြင်း၊ အမျိုးသား မဟာဗျူဟာစီမံချက် (National Strategic Plan) အတည်ပြုနိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ တင်ပြခြင်းများ ဆောင်ရွက်ပြီး မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

◆ *ကျောဖုံးမှ*

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့မှ ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့က ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။




ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဦးခင်မောင်ချိုတို့က ဒုတိယဆုရရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်

### စုပေါင်းအင်အားပြသနိုင်ရန်ရည်ရွယ်

ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးဌာနအချင်းချင်း ခင်မင်မှုတိုးပွားစေရန်၊ စုစုစည်းစည်း လုပ်ဆောင်တတ်စေရန်၊ ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်နှင့် ကာလဒေသနှင့် ကိုက်ညီစွာဖြင့် စုပေါင်းအင်အားကို ပြသနိုင်စေရန်ရည်ရွယ် ကျင်းပခြင်းဖြစ်သည်။

ရွေးဦးစွာ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲဝင်ရန် ပြင်ဆင်ထားရှိသည့် ပြိုင်ပွဲဝင် အသင်းများ၏ ဝတ်စားဆင်ယင်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကျန်းမာကြောင်း ဆေးလက်မှတ်နှင့် ဝန်ထမ်းစိစစ်ရေးကတ်၊ ထမနဲထိုးရာတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းထားရှိမှုကို လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေးဆပ်ကော်မတီက လိုက်လံစစ်ဆေး အမှတ်ပေးကြသည်။

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို အရည်အသွေးအမှတ်ပေး ဆပ်ကော်မတီ ကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ခရာမှုတ်အချက်ပေးကာ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

### ပျော်ရွှင်စွာအားပေး

ထို့နောက် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အသင်းအသီးသီးသည် သတ်မှတ်ထားသည့် အချိန်တစ်နာရီအတွင်း အားကြိုးမာန်တက် ထမနဲထိုး ယှဉ်ပြိုင်ကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ဌာနအလိုက် အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် ပျော်ရွှင်စွာ အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင်အသင်းများက ပေးပို့လာသည့် ထမနဲများကို လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေး ဆပ်ကော်မတီက မှတ်တမ်းတင်ကာ ပြိုင်ပွဲဝင် Code နံပါတ်များ သတ်မှတ်ကာ အရည်အသွေးအမှတ်ပေး ဆပ်ကော်မတီထံ ပေးပို့သည်။

### တာဝန်ရှိသူများက အမှတ်ပေး

ထို့နောက် လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေးဆပ်ကော်မတီနှင့် အရည်အသွေး အမှတ်ပေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက အမှတ်ပေးခြင်းနှင့် အမှတ်ရေတွက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်ဝန်ကြီးဌာန ၂၁ သင်းအနက်မှ နှစ်သိမ့်ဆုရရှိသည့် ဝန်ကြီးဌာန ၁၈ ခု စာရင်းကို ကြေညာပြီး ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဒေါက်တာမြလေးစိန်၊ ဦးအောင်ထူး၊ ဒေါက်တာထွန်းနိုင်နှင့် ဦးအောင်လှထွန်းတို့က ဆုငွေကျပ် တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

### တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဦးအုန်းမောင်တို့က တတိယဆုရရှိသည့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန အသင်းအား ဆုငွေကျပ် သုံးသိန်းနှင့် ဆုဖလားကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဦးခင်မောင်ချိုတို့က ဒုတိယဆုရရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန အသင်းအား ဆုငွေကျပ် လေးသိန်းနှင့် ဆုဖလားကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့က ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အသင်းအား ဆုငွေကျပ် ငါးသိန်းနှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများသည် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ဝန်ကြီးဌာနအသင်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### သီဆိုဖျော်ဖြေ

ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ နိုင်ငံကျော်တေးသံရှင်များနှင့် ငြိမ်းချမ်းရေး ဂီတပွဲတော်မှ ဆုရအဆိုရှင်များက သီဆိုဖျော်ဖြေကြသည်။

ထမနဲပွဲသည် မြန်မာတို့၏ စည်းလုံးညီညွတ်မှုကို ပြသသည့် ရာသီပွဲတော်တစ်ခုဖြစ်ပြီး ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်သည့် တပို့တွဲလတွင် ကျင်းပလေ့ရှိသည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှုနှင့် စေတနာ၊ သဒ္ဓါတရား ထက်သန်မှုကို တွေ့မြင်နိုင်ပြီး မိသားစုအလိုက်၊ ရပ်ကွက်ကျေးရွာအလိုက်၊ ဘာသာရေးအသင်းအဖွဲ့များအလိုက်၊ ရုံးဌာနများအလိုက် စုပေါင်းထမနဲထိုးပွဲများ ကျင်းပပြုလုပ်ကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဦးအုန်းမောင်တို့က တတိယဆုရရှိသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်





ပြန်ကြားရေးဝန်ကြီးဌာနအသင်း ထမနဲထိုး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။ သတင်းစဉ်

## မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း(ရန်ကုန်) ထမနဲပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း (ရန်ကုန်)က ကြီးမှူးကျင်းပသည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာမြို့မဟောင်းထမနဲပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း၌ ကျင်းပသည်။ (ဓါတ်ပုံ)

ရှေးဦးစွာ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် နာယကတစ်ဦးတို့က အမှာစကားပြောကြားသည်။ အဆိုပါထမင်းနဲပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီး(အငြိမ်းစား)များနှင့် အထက(၂)၊ (၃)ဒဂုံ မြို့မကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ခဲ့ကြပြီး သီဆိုဖျော်ဖြေပွဲများ ပြုလုပ်ခဲ့ကြသည်။ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းကို ၁၉၂၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုနှစ်အထိ အသင်းသား အသင်းသူ ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

## မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတက်ရောက်ရန်အတွက် စာတိုက်မှတစ်ဆင့် ဖိတ်စာများ ပို့ထားပြီးဖြစ်ရာ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဝင်ကတ်ပြားရရှိထားသူများအနေဖြင့် အချိန်မီ ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ တက်ရောက်နိုင်ရန် နိုးဆော်ထားကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ပျော်ရွှင်စွာဆင်နွှဲကြသည့် ပုံရိပ်များ



ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို လာရောက်ကြည့်ရှုအားပေးနေကြစဉ်။



ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြိုင်ပွဲဝင်အသင်းများက ပေးပို့လာသည့် ထမနဲများကို သက်ဆိုင်ရာအမှတ်ပေးဆပ်ကော်မတီများက အကဲဖြတ်အမှတ်ပေး နေကြစဉ်။




မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်တစ်ဦး သီဆိုဖျော်ဖြေနေသည်ကို တွေ့ရစဉ်။



ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ဌာနဆိုင်ရာ ဝန်ထမ်းများ လာရောက်ကြည့်ရှု အားပေးနေကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ဝန်ကြီးဌာန အသီးသီးမှ ယှဉ်ပြိုင်နေမှုနှင့် လာရောက်ကြည့်ရှု အားပေး ကြသူများကို တွေ့ရစဉ်။

# Line Walker -2 ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအချို့ ရန်ကုန် YMCA ခန်းမတွင်ဆက်လက် ရိုက်ကူး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

Line Walker -2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းအနီးရှိ ရန်ကုန် YMCA ခန်းမ၌ ရိုက်ကူးသည်။

ရိုက်ကူးရေးအတွက် ဇာတ်ဝင်ခန်း အပြင်အဆင်များနှင့်အတူ အက်ရှင်ဇာတ်ဝင်ခန်းအချို့ကို နံနက် ၆ နာရီခန့်က စတင်ပြီး ရိုက်ကူးရေးအဖွဲ့သားများက အချိန်ယူရိုက်ကူးကြသည်။


ဒေါက်တာသာညဏ်


အကယ်ဒမီ ဒေါ်မြင့်မြင့်ခိုင်



သရုပ်ဆောင် အောင်မြင့်မြတ်


ဂျွန်ဆီဇာ(အားအိုင်)


ဦးလှမင်း

**ကမ္ဘာကသိဖို့ အရေးကြီး**

ရန်ကုန် YMCA အထွေထွေ အတွင်းရေးမှူး ဒေါက်တာသာညဏ်က "အခုလို ပြည်ပက ရုပ်ရှင်လာရိုက်ခြင်းအားဖြင့် မြန်မာကို ကမ္ဘာက သိသွားမယ်။ ကမ္ဘာက မြန်မာကို အမျိုးမျိုးမြင်နေကြတယ်။ အကောင်းမြင်တာရှိတယ်။ ဒွိဟသံသယတွေ ဖြစ်နေတဲ့သူတွေ ရှိတယ်။ အဲဒီသတင်းတွေဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုနဲ့ ပြည်ပဆက်ဆံရေးကို ထိခိုက်ပါတယ်။ မြန်မာကို ကမ္ဘာကသိဖို့ ဒီဇာတ်ကားက အရေးကြီးတယ်" ဟု ပြောသည်။

**ဂုဏ်ယူ**

သရုပ်ဆောင် အကယ်ဒမီ ဒေါ်မြင့်မြင့်ခိုင်က "အစ်မက ဒီဇာတ်ကားမှာ လိုအပ်တဲ့ နေရာလေးတွေမှာ ကူညီပေးရတာ။ ဈေးဆိုင်ခန်းတွေကို ရဲတွေတက်လာတဲ့အခါမှာ အစ်မတို့လည်း ကြောက်လန့်တကြားနဲ့ ရဲတွေ ဒီကိုဘာလို့လာကြသလဲဆိုတဲ့ အခန်းလေးပါပဲ။ နိုင်ငံခြားက လာရိုက်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ သူတို့အနေနဲ့လည်း မြန်မာနိုင်ငံမှာ လာရိုက်တာကို သဘောကျပါတယ်။ ကိုယ့်နိုင်ငံနဲ့ သူတို့နိုင်ငံနဲ့ ပူးပေါင်းပြီး ရိုက်တဲ့အတွက် ပညာတွေအများကြီး ရတယ်။ မြန်မာနိုင်ငံဘက်မှာလည်း တော်တဲ့ပညာရှင်တွေ အများကြီးရှိပါတယ်"ဟု ပြောသည်။

**ဇာတ်ဝင်ခန်းများ ရိုက်ကူးသွားမည်**

ယင်းဇာတ်ကားတွင် ရန်ကုန် YMCA ခန်းမ၌ ပြင်ဆင်ရိုက်ကူးမှုအနေဖြင့် အမျိုးသားတစ်ဦး တိုက်ပေါ်က ပြုတ်ကျသည့် ဇာတ်ဝင်ခန်း၊ တရားခံကို ရဲတပ်ဖွဲ့က လိုက်လံနှိမ်နင်းသည့် ဇာတ်ဝင်ခန်း၊ ပေါက်ကွဲမှုဖြစ်ပွားသည့် ဇာတ်ဝင်ခန်း၊ ဈေးဆိုင်ခန်းများ စသည့် ဇာတ်ဝင်ခန်းများကို ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒေါက်တာ သာညဏ် ထံက သိရသည်။

သရုပ်ဆောင် အောင်မြင့်မြတ်က "မြန်မာနိုင်ငံ အကြမ်းဖက်တိုက်ခိုက်ရေးအဖွဲ့က အထူးရဲအဖွဲ့ခေါင်းဆောင်အနေနဲ့ သရုပ်ဆောင်ရတယ်။ ဟောင်ကောင်လာတဲ့ အင်တာပိုလ်ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး လူဆိုးဖမ်းကြတယ်။ ဒီဇာတ်ကားရိုက်ရတာ ကျွန်တော်တို့အတွက် အတွေ့အကြုံတွေ အများကြီးရတယ်။ တန်ဖိုးလည်း ဖြတ်လို့မရဘူး။ ဒီနေ့ဆိုရင်လည်း အစမ်းလေ့ကျင့်မှုက အခါခါလုပ်နေရတယ်။ နှစ်ရက်လုပ်ရတာပါ။ ဒီနေ့က ဒုတိယနေ့ပါ။ အခုလိုပဲ ပြည်ပက အနုပညာရှင်တွေနဲ့ ရိုက်ရတဲ့အတွက် နိုင်ငံတကာမှာ ရုပ်ရှင်ရိုက်ရာမှာ အရည်အသွေးမြင့်အောင် ဘယ်လိုရိုက်ရလဲဆိုတာ သိလာတယ်။ နိုင်ငံတကာရုပ်ရှင်လောကမှာ အရည်အသွေးမြင့်အောင် ဘယ်လိုပြင်ဆင်ပြီး ရိုက်ရသလဲဆိုတဲ့ အတွေ့အကြုံတွေ အများကြီးရတယ်" ဟု ပြောသည်။

**ပိုမိုအောင်မြင်လာ**

ကယန်းအနုပညာ အစည်းအရုံး တာဝန်ခံ ဂျွန်ဆီဇာ(အားအိုင်)က "ကယန်း တိုင်းရင်းသားတွေအနေနဲ့ ဒီဇာတ်ကားအတွက်လာပြီး ပူးပေါင်းပါဝင်တာပါ။ ကျွန်တော်တို့ ကယန်းတိုင်းရင်းသားတွေကို ဒီဇာတ်ကားရိုက်ကူးတဲ့ တာဝန်ရှိသူတွေက ဆက်သွယ်လာတယ်။ ယဉ်ကျေးမှုအနေနဲ့ဆိုတာထက် သူတို့က ဈေးဆိုင်ပြခန်းလေးနဲ့လာပြီး ပူးပေါင်းပေးဖို့ ကမ်းလှမ်းလာတာပါ။ ယဉ်ကျေးမှုရယ်၊ ဈေးဆိုင်ခန်းရယ်၊ ရက်ကန်းရက်တာရယ်၊ တီးမှုတ်တာတွေပြပေးဖို့ တစ်ခန်းရပ်လောက်ပါဝင်ဖို့ ကမ်းလှမ်းလာပါတယ်။ ကယန်းအနုပညာ အစည်းအရုံးက စုစုပေါင်း ကျွန်တော်တို့ လာတာ ၁၂ ယောက်ပါ။ အခုလို လာရောက်ရိုက်ကူးခြင်းအားဖြင့် ဌာနေတိုင်းရင်းသားတွေ၊ ယဉ်ကျေးမှုတွေကို ကမ္ဘာက သိသွားမယ်။ အဲဒါကို ကမ္ဘာက စိတ်ဝင်စားလာရင် ခရီးသွားလုပ်ငန်း ပိုမိုအောင်မြင်လာမယ်" ဟု ပြောသည်။

**ဝိုင်းဝန်းကူညီပံ့ပိုး**

Action ဇာတ်လမ်း ရိုက်ကူးရာတွင် ပစ်ခတ်မှု၊ ဖောက်ခွဲမှု၊ မော်တော်ကားများ အပြိုင် မောင်းနှင်မှု၊ ယာဉ်တိုက်မှု၊ ရဟတ်ယာဉ်ပျံသန်းမှု စသည့်ဇာတ်ဝင်ခန်းများသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိသည်။

**တိုးတက်လာမယ်လို့ မျှော်လင့်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ လက်ထောက်ဌာနမှူး ဦးလှမင်းက "ကျွန်တော်တို့ စည်ပင်သာယာကလည်း ရိုက်ကူးနေစဉ် ကာလအတွင်း တတ်နိုင်သမျှ အဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ရိုက်ကွင်းရိုက်တဲ့နေရာ မရှင်းရင် ရှင်းအောင်လုပ်ပေးရတယ်။ ရိုက်ကွင်းမှာ လမ်းပိတ်တဲ့ ကိစ္စတွေကို ယာဉ်ထိန်းရဲနဲ့ ပူးပေါင်းပြီးတော့ လမ်းတွေကို ရှင်းလင်းပေးရတာရှိပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ အခုလို လာရောက်ရိုက်ကူးတဲ့အတွက် မြန်မာနိုင်ငံရဲ့အနေအထားကို ကမ္ဘာ့နိုင်ငံတွေက သိရှိပြီးတော့ နိုင်ငံတကာ ဧည့်သည်တွေ ပိုမိုလာရောက် လည်ပတ်ခြင်းအားဖြင့် နိုင်ငံရဲ့ဝင်ငွေတစ်ခု တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

**သတင်း- ဥမ္မာသန့်၊ ဇော်ကြီး**
**ဓာတ်ပုံ-ရဲထွဋ်**


**Line Walker-2 ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေမှုကို တွေ့ရစဉ်။**

**"ဒီဇာတ်ကားရိုက်ရတာ ကျွန်တော်တို့အတွက် အတွေ့အကြုံတွေ အများကြီးရတယ်။ တန်ဖိုးလည်း ဖြတ်လို့မရဘူး။ ဒီနေ့ဆိုရင်လည်း အစမ်းလေ့ကျင့်မှုက အခါခါလုပ်နေရတယ်။ နှစ်ရက်လုပ်ရတာပါ။ ဒီနေ့က ဒုတိယနေ့ပါ။ အခုလိုပဲ ပြည်ပက အနုပညာရှင်တွေနဲ့ ရိုက်ရတဲ့အတွက် နိုင်ငံတကာမှာ ရုပ်ရှင်ရိုက်ရာမှာ အရည်အသွေးမြင့်အောင် ဘယ်လိုရိုက်ရလဲဆိုတာ သိလာတယ်။ နိုင်ငံတကာရုပ်ရှင်လောကမှာ အရည်အသွေးမြင့်အောင် ဘယ်လိုပြင်ဆင်ပြီး ရိုက်ရသလဲဆိုတဲ့ အတွေ့အကြုံတွေ အများကြီးရတယ်"**



## မြန်မာ့ရုပ်မြင်သံကြား

၂၀-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ပညာရေးစကားဝိုင်း "ပါမောက္ခချုပ်များ ကော်မတီဖွဲ့စည်းထားရှိမှု အခြေအနေ စကားဝိုင်း ဆွေးနွေးပွဲ"
၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ရူပဗေဒဘာသာရပ်)
၁၄း၁၅ - အနုပညာခန်းရိပ်သာ "စာရေးဆရာ မောင်ဝံသ အကြောင်း" (အပိုင်း- ၁)
၁၅း၄၅ - ၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (လက်သင်္ကေတပြ) (ရူပဗေဒဘာသာရပ်)

**ညပိုင်း**

၁၆း၂၅ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ဇီဝဗေဒဘာသာရပ်)
၁၆း၄၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၉၇)
၁၇း၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "Hero" (ဟီးရိုး)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း - ၂၂)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ချင်းတောင်တန်းများရဲ့မိခင် ခေါ်နူးစုပ်ဆီ"
- ဂီတသမား၊ ဂီတစကား "လေဘာတီမမြရင် ရှားပါးတေးသီချင်း (၂)ပုဒ်" (ဂီတစာဆို - ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

# ကျောက်တော်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများနှင့် AA သောင်းကျန်းသူအဖွဲ့ ထိတွေ့မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ ပေါင်းတုတ် ကျေးရွာအနီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ ယာဉ်တန်းအား မိုင်းဆွဲခံရသော နေရာ၏ မြောက်ဘက် ၃၁ ကီလိုမီတာနှင့် အရပ်ယာဉ်တစ်စီးအား ဖေဖော်ဝါရီ ၁၇ ရက်တွင် မိုင်းဆွဲခြင်းခံရသော နေရာ၏အရှေ့မြောက်ဘက် ၆ ကီလိုမီတာခန့်ရှိ တောင်ကုန်းများတွင် AA သောင်းကျန်းသူအဖွဲ့မှ အင်အား ၁၀၀ ခန့်သည် လေ့ကျင့်ရေး စခန်းဖွင့်လှစ်ရန်နှင့် စည်းရုံးရေးနယ်မြေတည်ဆောက်ရန် ရောက်ရှိနေကြောင်း AA သောင်းကျန်းသူအဖွဲ့များအား မလိုလားသူ ပြည်သူများ၏ သတင်းပေးပို့မှုကို ရရှိခဲ့ပြီး ၎င်းသောင်းကျန်းသူအဖွဲ့သည် အများပြည်သူအသုံးပြုလျက်ရှိသော ဆက်သွယ်ရေး လမ်းကြောင်းများကို နှောင့်ယှက်ဖျက်ဆီးမှုများ ဆောင်ရွက်လာသောကြောင့်တပ်မတော်စစ်ကြောင်းများက ကျောက်တော်မြို့နှင့် မြောက်ဦးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

### AA သောင်းကျန်းသူအဖွဲ့မှ အင်အား ၁၀၀ ခန့်နှင့် ထိတွေ့မှုနှစ်ကြိမ်ဖြစ်ပွား

ထို့သို့ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ပိုင်းတွင် ကျောက်တော်မြို့၏ အရှေ့ဘက် ၁၅ ကီလိုမီတာခန့်အကွာ၌ AA သောင်းကျန်းသူအဖွဲ့မှ အင်အား ၁၀၀ ခန့်နှင့် ထိတွေ့မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများသည် တောင်ဘက်သို့ဆုတ်ခွာသွားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက အသေးစိတ်လိုက်လံ ရှင်းလင်းလျက်ရှိသည်။

### သောင်းကျန်းသူနှိမ်နင်းရေး စစ်ဆင်ရေးအား ဆက်လက်ဆောင်ရွက်လျက်ရှိ

ဖြစ်စဉ်များတွင် မိမိဘက်မှ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး AA သောင်းကျန်းသူအဖွဲ့မှ အလောင်း ကိုးလောင်း၊ အာရ်ပီဂျီ တစ်လက် သိမ်းဆည်းရရှိခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စစ်ကြောင်းများက သောင်းကျန်းသူနှိမ်နင်းရေး စစ်ဆင်ရေးအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




AA သောင်းကျန်းသူအဖွဲ့များနှင့် တိုက်ပွဲဖြစ်စဉ် နေရာပြမြေပုံကို တွေ့ရစဉ်။

# အာသံနှင့် ကသည်း လက်နက်ကိုင်သောင်းကျန်းသူများ၏ စခန်းတစ်ခုနှင့် လက်နက်ခဲယမ်းများအား ထပ်မံသိမ်းပိုက်ရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တကားကျေးရွာအနီးတစ်ဝိုက်ရှိ NSCN(K) စခန်းနှင့် အနီးပတ်ဝန်းကျင်နေရာများ၌ အာသံနှင့် ကသည်း လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အချို့သည် NSCN(K) အဖွဲ့အသွင်ဖြင့် ဖြန့်ခွဲအခြေပြုလျက်ရှိကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက ဇန်နဝါရီ ၂၉ ရက်မှစ၍ သွားရောက်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းများထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်မှ ၁၉ ရက်အထိ အဆိုပါနေရာအနီးတစ်ဝိုက်မှ ၎င်းတို့အခြေပြုခဲ့သော စခန်းတစ်ခုအား ထပ်မံသိမ်းပိုက်ရရှိခဲ့ပြီး ကသည်း သောင်းကျန်းသူ လေးဦး၊ လက်နက်မျိုးစုံ ၅၃ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများကိုလည်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

တပ်မတော် စစ်ကြောင်းများ အနေဖြင့် NSCN(K) စခန်းနှင့် အနီးပတ်ဝန်းကျင်နေရာများရှိ အာသံနှင့် ကသည်း လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့စခန်းများနှင့်အနီး တစ်ဝိုက်မှ ယနေ့အထိ NSCN(K) အဖွဲ့ဝင် ခြောက်ဦး၊ ကသည်း သောင်းကျန်းသူ ခြောက်ဦး၊ လက်နက်မျိုးစုံ ၇၉ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း တရားမဝင်လက်နက်ကိုင် အဖွဲ့အစည်းများ ဝင်ရောက်စိမ့်ဝင်လှုပ်ရှားမှုများမရှိစေရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**





# ရွှေပြည်သာ ဝါးတရာစက်မှုဇုန်အထပ်သားစက်ရုံ မီးလောင် တစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန် ဆိပ်ကမ်းသာလမ်း၌ ယမန်နေ့က အထပ်သားစက်ရုံတွင် မီးလောင်မှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံးကာ ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

### ဝိုင်းဝန်းငြိမ်းသတ်

ဖြစ်စဉ်မှာ ဝါးတရာစက်မှုဇုန် ဆိပ်ကမ်းသာလမ်းရှိ HONDA (Myanmar) အထပ်သားစက်ရုံမှာ ယမန်နေ့ ည ၇ နာရီ ၁၀ မိနစ်ခန့်က စက်ရုံဝင်းအတွင်း သစ်ပါးလွှာမှထွက်ရှိသော လွှစာမှုန့် ပုံထားသည့်နေရာမှ မီးစတင်လောင်ပြီး ည ၇ နာရီ ၁၅ မိနစ်တွင် မီးသတင်းရ၍ ရွှေပြည်သာ ယာဉ်အုပ်စုမှ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၈ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်သည့်နေရာသို့ မီးငြိမ်း သတ်ယာဉ် ၄၄ စီး ၊ရေသယ်ယာဉ် ၁၅ စီး၊ အထောက်အကူပြုယာဉ် ၇၅ စီး၊ သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ၄၀၇ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၆၁ ဦးတို့ နှင့်အတူ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် (ရန်ကုန်) ညွှန်ကြားရေးမှူး ဦးရဲမင်းသွေး ဦးဆောင်၍ မီးငြိမ်းသတ် ခဲ့ကြောင်း ရွှေပြည်သာ မီးသတ်တပ်ဖွဲ့ စခန်း တာဝန်ခံတစ်ဦးထံမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာတွင် အမျိုးသားတစ်ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ အမျိုးသား ၁၄ ဦး ရှိကြောင်းနှင့် ၎င်းတို့မှာ အထပ်သားစက်ရုံအလုပ်သမားများဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ ၁၄ ဦး အနက် ၁၂ ဦးမှာအင်းစိန်ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက် ရှိပြီး နှစ်ဦးမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသလျက် ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဗင်နီဇွဲလားနိုင်ငံ၌ ငြိမ်းချမ်းစွာအာဏာလွှဲပြောင်းနိုင်ရေးအတွက် နည်းလမ်းရှာနေကြောင်း ထရမ့်ပြော

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

**အမေရိကန်သမ္မတ ထရမ့်က ဗင်နီဇွဲလားနိုင်ငံ၌ ဆိုရှယ်လစ်စနစ်အဆုံးသတ်ရန် မိန့်ခွန်းပြောကြားလိုက်ပြီးနောက် အမေရိကန်ပြည်ထောင်စုက ဗင်နီဇွဲလားနိုင်ငံ၌ ငြိမ်းချမ်းစွာအာဏာလွှဲပြောင်းနိုင်ရေးအတွက် နည်းလမ်းရှာနေကြောင်း၊ ရွေးချယ်စရာနည်းလမ်းများအတွက် လမ်းဖွင့်ထားကြောင်း ပြောကြားလိုက်သည်။**



အမေရိကန်သမ္မတ ထရမ့် မိန့်ခွန်းပြောကြားနေသည်ကို တွေ့ရစဉ်။

ဗင်နီဇွဲလားတပ်ဖွဲ့ဝင်များ သမ္မတနီကိုးလပ်စ်မာဒူရိုအမိန့်ကို လျစ်လျူရှုရန်နှင့် လွှတ်တော်ဥက္ကဋ္ဌ ဂျူအန်ဂွိုက်ဒိုကမ်းလှမ်းထားသည့် လွတ်ငြိမ်းချမ်းသာခွင့်ပေးမှုကို လက်ခံရန်လည်း မိုင်ယာမီဒေသတွင်ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၀ က ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် အသိအမှတ်ပြုထားကြောင်း သိရသည်။

ထို့အတူ ဗင်နီဇွဲလားတပ်ဖွဲ့ဝင်များကိုလည်း အရာအားလုံးဆုံးရှုံးနိုင်ကြောင်း သမ္မတထရမ့်က သတိပေးခဲ့သည်။ ထို့အပြင် ကမ္ဘာတစ်လွှား ပုန်းခိုရန်ငွေရှိနေသည့် ဗင်နီဇွဲလား စစ်ဘက်ဆိုင်ရာအရာရှိများနှင့် ၎င်းတို့၏ မိသားစုများ မည်သည့်နေရာတွင် ပုန်းနေပုန်းနေ အမေရိကန်ပြည်ထောင်စုက သိမည်ဖြစ်ကြောင်း သမ္မတအိမ်ဖြူတော်က ပြောကြားလိုက်သည်။

ထို့အတူ ဗင်နီဇွဲလားနိုင်ငံကိုပေးပို့သည့် နိုင်ငံခြားအထောက်အပံ့များကိုလည်း မတားဆီးရန် သမ္မတထရမ့်က ဗင်နီဇွဲလား တပ်ဖွဲ့ဝင်များကို သတိပေးခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံထဲသို့ တင်ပို့ရန်အစားအစာနှင့် ဆေးဝါးတန်ချိန်ပေါင်းများစွာ တစ်ဖက်ကိုလံဘီယာနယ်စပ်တွင် ရောက်ရှိနေကြောင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပစ္စည်းများ တင်ဆောင်လာသော အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်သုံးစင်းလည်း ကိုလံဘီယာနိုင်ငံကူကူတာကို မကြာသေးမီကရောက်ရှိခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## မော်လ်ဒိုက် သမ္မတဟောင်း ယာမင်း ဖမ်းဆီးထိန်းသိမ်းခံရ

**မာလီ ဖေဖော်ဝါရီ ၁၉**

မော်လ်ဒိုက်သမ္မတဟောင်းသည် ငွေမည်းခဝါချမှုတွင် သံသယရှိသည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံထားရကြောင်း သိရသည်။ မော်လ်ဒိုက်နိုင်ငံသည်တရုတ်နိုင်ငံနှင့် အိန္ဒိယတို့ကြား မဟာဗျူဟာကျသည့် နေရာတွင်ရှိသည့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံဖြစ်သည်။ သမ္မတဟောင်းဖြစ်သူ အဗ္ဗဒူလာယာမင်းသည် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်းတစ်ခုငှားရမ်းသည့် စာချုပ်နှင့်ပတ်သက်၍ တရားစွဲဆိုခံရပြီး ယခုသီတင်းပတ်အတွင်း တရားရင်ဆိုင်ရဖွယ်ရှိသည်။

ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ အစိုးရငွေတစ်သန်းခန့်ကို ယာမင်းကလက်ခံရယူခဲ့သည်ဟု စုံစမ်းစစ်ဆေးရေးသမားများကစွပ်စွဲထားသည်။ တရားရင်ဆိုင်မှုမပြီးမချင်းမစ္စတာယာမင်းသည် ဖမ်းဆီးထိန်းသိမ်းခံထားရရန် အစိုးရရှေ့နေများက ပြောသည်။

၎င်းတို့၏ အကြောင်းပြချက်မှ မစ္စတာယာမင်းက မျက်မြင်သက်သေများကို လွှမ်းမိုးမှုများပေးနိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ ယာမင်းကမူ စွပ်စွဲချက်များအားလုံးကို ငြင်းဆိုခဲ့သည်။ ယာမင်းသည် ၎င်း၏ ငါးနှစ်တာသမ္မတသက်တမ်းအတွင်း တရုတ်ဘက်ကိုယိမ်းသည့် မူဝါဒများရှိသည်ဟု ကျော်ကြားသူလည်း ဖြစ်သည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း အီဘရာဟင်မိုဟာမက်ဆိုလစ်က မစ္စတာယာမင်းစွပ်စွဲ ခံထားရသည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဟု မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့သည်။

ယာမင်းပြီးနောက် သမ္မတဖြစ်လာသူ မစ္စတာဆိုလစ်သည် အိန္ဒိယထောက်ခံသူတစ်ယောက်ဟု နာမည်ကြီးပြီး နိုင်ငံခြားဆက်ဆံရေးကိစ္စများတွင် ပိုမိုသတိထားသူလည်း ဖြစ်သည်။

မစ္စတာဆိုလစ်သည် ၎င်း၏ အစိုးရအဖွဲ့ကို တာဝန်ခံမှုရှိစေရန် ပြုလုပ်ထားပြီး ၎င်းအရင်သမ္မတ ပြုလုပ်ခဲ့သောစာချုပ်များကို စိစစ်မှုများ ပြုလုပ်ရန်လည်း မှာကြားထားသည်။

**အင်န်အိတ်ချ်ကေ**

## သမ္မတထရမ့်၏ အရေးပေါ်ကြေညာချက်ပြည်နယ် ၁၆ ခု မကျေမနပ်ဖြစ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရ၏ မက္ကဆီကိုနှင့် ထိစပ်လျက်ရှိသော တောင်ဘက်နယ်စပ်တွင်တံတိုင်းတည်ဆောက်ရေးရန်ပုံငွေ ရရှိရန်အလို့ငှာ အရေးပေါ်အခြေအနေတစ်ရပ်ကြေညာလိုက်သည့် ဖေဖော်ဝါရီ ၁၈ ရက်က ဆုံးဖြတ်ချက်အပေါ် အမေရိကန်ပြည်ထောင်စု ပြည်နယ် ၁၆ ခုက တရားစွဲဆိုလိုက်သည်။

ထိုသို့ကြေညာလိုက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု ၁၆ ပြည်နယ်၏ သက်ဆိုင်ရာပုဂ္ဂိုလ်များက ပြောကြားသည်။

ကယ်လီဖိုးနီးယားတရားရုံးတွင် အမှုဖွင့်ထားသော တရားစွဲဆိုမှုက သမ္မတထရမ့်၏ အမိန့်ကြေညာချက်သည် အခြေခံဥပဒေနှင့် မညီကြောင်း ပြောကြားလိုက်သည်။

ရီပတ်ဘလစ်ကန်အမတ်များက အမေရိကန်သမ္မတထရမ့်၏ အရေးပေါ်ကြေညာချက်ကို ဝေဖန်ရှုတ်ချခဲ့ကြပြီး သမ္မတထရမ့်သည် အန္တရာယ်ရှိသည့် သာဓကတစ်ခုကို လုပ်ပြကြောင်း ၎င်းတို့က ပြောသည်။

ကယ်လီဖိုးနီးယား၊ ကော်လိုရာဒို၊ ကွန်နက်တီကက်၊ ဒီလာဝဲလ်၊ ဟာဝိုင်အီ၊ အီလီနွိုက်၊ မယ်ရီလန်း၊ မီချီဂန်၊ မင်နီဆိုးတား၊ နီဗားဒါး၊ နယူးဂျာဆီ၊ နယူးမက်ဆီကို၊ နယူးယောက်၊ အော်ရီဂန်နှင့် ဗာဂျီးနီးယား၊ မိန်းတို့က သမ္မတအမိန့်ကို မကျေမနပ်ဖြစ်နေကြောင်း သိရသည်။

**အေအက်ဖ်ပီ**




အမေရိကန်သမ္မတထရမ့်၏ အရေးပေါ်အခြေအနေကြေညာချက်အပေါ် သဘောမတူသူသူများကို တွေ့ရစဉ်။

## အိန္ဒိယကတိုက်ခိုက်လာလျှင် လက်တုံ့ပြန်ရန် ဝန်မလေးကြောင်း ပါကစ္စတန်ပြော

**ကဘူးလ် ဖေဖော်ဝါရီ ၁၉**

ဆယ်စုနှစ်များစွာအတွင်း ကက်ရှ်မီးယားဒေသတွင်ဖြစ်ပွားခဲ့သည့် လူအသေအပျောက်အများဆုံး အသေခံဗုံးခွဲတိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးရာတွင် ပါကစ္စတန်က အိန္ဒိယကို အကူအညီပေးရန် အဆင်သင့်ပင်ဖြစ်ကြောင်း၊ သို့သော်လည်း အိန္ဒိယက တိုက်ခိုက်မှုများ လုပ်ဆောင်လာလျှင် ပါကစ္စတန်အနေဖြင့် လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်းက အင်္ဂါနေ့တွင် ပြောကြားလိုက်ကြောင်း သိရသည်။

နျူကလီးယား လက်နက်ဆိုင်ရာ ယှဉ်ပြိုင်ဘက်နိုင်ငံ နှစ်ခုအတွင်း တင်းမာမှုများ မြင့်တက်နေချိန်တွင် ဝန်ကြီးချုပ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် အစ္စလာမ္မာဘတ်၏ ပါဝင်ပတ်သက်မှုကို အတူတကွဖော်ထုတ်ရန် ဝန်ကြီးချုပ်က အိန္ဒိယကို တောင်းဆိုသည့် မိန့်ခွန်းတစ်ခုကို ရုပ်မြင်သံကြားမှထုတ်လွှင့်ပြသခဲ့သည်။

တိုက်ခိုက်မှုအတွင်း အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသရှိ ပြည်သူ ၄၀ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံအတွင်း ဟန်ဂေရီကလေးများစွာ လိုအပ်ဟု ဝန်ကြီးချုပ်ပြော

**ဘူဒါပက် ဖေဖော်ဝါရီ ၁၉**

ဟန်ဂေရီနိုင်ငံ၌ လူဦးရေကျဆင်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရ၍ ရွှေ့ပြောင်းနေထိုင်သူများကို ပြင်းပြင်းထန်ထန်ဆန့်ကျင်သည့် ဟန်ဂေရီ ဝန်ကြီးချုပ် မစ္စတာအော်ဘန်သည် တိုင်းပြည်အတွင်းဟန်ဂေရီကလေးများလိုအပ်နေသည်ဟု ပြောကြားခဲ့သည်။

ယခုလအစောပိုင်းအတွင်းကလည်း မစ္စတာအော်ဘန်သည် မိသားစုကာကွယ်ရေးလှုပ်ရှားမှုအစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ လူငယ်စုံတွဲများကို ကလေးများများယူရန် ဆွဲဆောင်မက်လုံးပေးသည့် အစီအစဉ်လည်း ဖြစ်သည်။ ၎င်း၏ အစီအစဉ်ကို ထောက်ခံသူများရှိသကဲ့သို့ ကန့်ကွက်သူများလည်း ရှိသည်။

၎င်း၏အစီအစဉ်ကြောင့် သမိုင်းကြောင်းအခြေခံများကို ဖျက်ဆီးမိလိမ့်မည်ဟု ဝေဖန်ကြသူများလည်းရှိသည်။ မစ္စတာအော်ဘန် ကြေညာခဲ့သည့် အချက်များထဲတွင် ကလေးလေးယောက်အထက် မွေးဖွားသော ကလေးမိခင်များ ရာသက်ပန်အခွန်ကင်းလွတ်ခွင့်နှင့် မူလတန်းကျောင်းများ ပိုမိုဖွင့်လှစ်ပေးရန်တို့ ပါရှိသည်။

အသက်လေးဆယ်အောက် လက်ထပ်ပြီးခါစ အမျိုးသမီးများအတွက် ယူရို ၃၂၀၀၀ ခန့် ချေးငွေရရှိရန်လည်း ပါဝင်သည်။ မစ္စတာအော်ဘန်ကိုယ်တိုင်မှာလည်း ကလေးငါးယောက်၏ ဖခင်ဖြစ်သည်။ လက်ထပ်ပြီးစ စုံတွဲဖြစ်သည့် အသက် ၂၄ နှစ်အရွယ် နိုရာကော်ဇီဂီသည် ၎င်းတို့ စုံတွဲအနေဖြင့် ချေးငွေရရှိခဲ့သည့် အတွက် တိုက်ခန်းဝယ်ရန် ဆုံးဖြတ်ခဲ့ပြီး မိဘများနေအိမ်မှ ဆင်းလာခဲ့ကြောင်း ပြောသည်။

မစ္စတာအော်ဘန်၏ အမျိုးသားကွန်ဆာဗေးတစ်အစိုးရသည် ၂၀၁၀ ပြည့်နှစ်ကစတင်ကာ အာဏာရရှိလာခဲ့ပြီး မိသားစုများကိုထောက်ပံ့ရန် မည်သည့်အီးယူအဖွဲ့ဝင်နိုင်ငံကမှ အားထုတ်ခဲ့ခြင်းမရှိဟုပြောသည်။

**အေအက်ဖ်ပီ**

## အမေရိကန်နှင့် ဆွေးနွေးပွဲအတွက် မြောက်ကိုရီးယားသံအမတ်ကြီး ပေကျင်းသို့ရောက်ရှိ

**ပြုံယမ်း ဖေဖော်ဝါရီ ၁၉**

အမေရိကန်နှင့်ပြုလုပ်မည့် မြောက်ကိုရီးယား နျူကလီးယားကင်းစင်ရေး အလုပ်သဘောဆွေးနွေးပွဲအတွက် တာဝန်ရှိသူ မြောက်ကိုရီးယားသံအမတ်ကြီးသည် အင်္ဂါနေ့က ပေကျင်းလေဆိပ်သို့ ရောက်ရှိခဲ့သည်။ ယခုလနှောင်းပိုင်းတွင် ဗီယက်နမ်နိုင်ငံ၌ အမေရိကန်နှင့် မြောက်ကိုရီးယားတို့ ဆွေးနွေးပွဲပြုလုပ်တော့မည်ဖြစ်ရာ ကင်ဟော့ချိုသည် ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့သို့ ဆက်လက်ထွက်ခွာမည်ဟု ယူဆရသည်။

၎င်းသည် အမေရိကန်နိုင်ငံမှ သံအမတ်ကြီးစတီဖင်ဘီဂမ်နှင့်အတူ တွေ့ဆုံရန်ရှိပြီး အသေးစိတ်အချက်အလက်များကို ဆွေးနွေးသွားဖွယ်ရှိသည်။ မြောက်ကိုရီးယားသည် လက်ရှိအချိန်တွင် ၎င်းတို့၏ နျူကလီးယားစမ်းသပ်ရေးလုပ်ငန်းခွင်ကို ပိတ်ထားပြီး နျူကလီးယားကင်းစင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေသည်ဟု မြောက်ကိုရီးယားဘက်မှ ပြောသည်။

၎င်းတို့သည် ကိုရီးယားစစ်ပွဲတရားဝင်ပြီးဆုံးရေး ငြိမ်းချမ်းရေးစာချုပ်အတွက် ဆွေးနွေးလိုသည်။ အမေရိကန်ဘက်မှမူ ပိုမိုတိကျခိုင်မာသည့် နျူကလီးယားကင်းစင်ရေးလုပ်ဆောင်မှုများကို မြောက်ကိုရီးယားဘက်မှ ဆက်လက် လုပ်ဆောင်ရန် တိုက်တွန်းလျက်ရှိသည်။

ယခုတစ်ကြိမ် အဓိက အာရုံစိုက်ရမည့်အကြောင်းမှာ ဆွေးနွေးပွဲတွင် မတူညီမှုကို စေ့စပ်ညှိနှိုင်းသူများက မည်သည့်အတိုင်းအတာအထိ ညှိနှိုင်းပေးနိုင်မလဲဟုပင် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ယီမင် သို့မဟုတ် မြေမြှုပ်မိုင်းတွေ ပြည့်နှက်နေတဲ့အရပ်

● ကလျာမိုးမြင့် ●

**ယီမင်မှာ တိုက်ခိုက်နေကြတဲ့ ဆော်ဒီကျောထောက်နောက်ခံပေးထားသော တပ်ဖွဲ့ဝင်တွေဟာ ရန်သူ့စည်းကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့အတွက် မြေမြှုပ်မိုင်းထောင်ထားတဲ့နေရာတွေကို ရှင်းလင်းဖို့ လေ့ကျင့်ထားခြင်းမရှိသေးတဲ့ တပ်ဖွဲ့ဝင်တွေကို စေလွှတ်နေပြီး တစ်ခါတစ်ရံမှာ ၎င်းတို့ရဲ့လုံ့စွပ်တွေကို ရှင်းလင်းရေးအတွက် အသုံးပြုနေပါတယ်။ "ကျွန်တော် မိုင်းဗုံးနှစ်လုံးကို ဖယ်ရှားပစ်လိုက်ပြီး တတိယတစ်လုံးကတော့ ပေါက်ကွဲသွားခဲ့တယ်"လို့ မာရစ်အနီး ရှေ့တန်းစစ်မျက်နှာမှာ မိုင်းရှင်းဖို့ကြိုးစားရင်း ခြေထောက်တစ်ဖက်ဆုံးရှုံးလိုက်ရတဲ့ အသက် ၃၉ နှစ်ရှိ ယီမင်တပ်ဖွဲ့ဝင် စူလ်တန်ဟာမက်က ပြောပါတယ်။ ဆုံးရှုံးသွားတဲ့ခြေထောက်နေရာမှာ ခြေတုတပ်ဆင်ဖို့အတွက် မာရစ်မှာရှိတဲ့ ဆေးပေးခန်းတစ်ခုမှာ ဟာမက်အပါအဝင် တပ်ဖွဲ့ဝင်ခြောက်ဦးလောက် စောင့်ဆိုင်းနေကြပါတယ်။**



ယီမင်နိုင်ငံ နီဟင်မ်ရှိ ရှေ့တန်းစစ်မြေပြင်၌ ယီမင်တိုက်ခိုက်ရေးအဖွဲ့သားများကို တွေ့ရစဉ်။

### မြေမြှုပ်မိုင်းထောင်ပေါင်းများစွာ ပေါ်ထွက်လာ

ယီမင်ပြည်တွင်းစစ်ထဲကို ဆော်ဒီအာရေဗျ ပါဝင်ပတ်သက်လာခဲ့ပြီးတဲ့နောက် လေးနှစ်နီးပါးအကြာမှာ အတိုက်အခံတွေဖြစ်ကြတဲ့ ဟူသီသူပုန်တွေက ထောင်ထားခဲ့တဲ့ မြေမြှုပ်မိုင်းထောင်ပေါင်းများစွာ ပေါ်ထွက်လာခဲ့တယ်လို့ ဆော်ဒီနဲ့ ယီမင်စစ်ရေးညွှန်ကြားသူတွေက ပြောခဲ့ပါတယ်။ ဒါဟာ အထူးဂရုပြုရလောက်တဲ့ သူတို့ရဲ့ခုခံကာကွယ်မှုတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ရဲ့ လေကြောင်းအင်အားနဲ့ အခြားရင်းမြစ်တွေရှိပေမယ့်လည်း ဝှက်ထားတဲ့ ပေါက်ကွဲပစ္စည်းတွေက ဖြစ်ပွားနေတဲ့ပဋိပက္ခကို ရှေ့မဆက်နိုင်ဘဲ လုံးဝရပ်ဆိုင်းသွားတဲ့ အခြေအနေရောက်အောင် အကူအညီဖြစ်စေခဲ့တယ်လို့ စစ်ရေးညွှန်ကြားသူတွေက ဆိုပါတယ်။

### မြေမြှုပ်မိုင်းတွေကြောင့် အရပ်သားပြည်သူတွေ ထိခိုက်ခံစားရ

မြေမြှုပ်မိုင်းတွေ ထိမှန်မှုကြောင့် အရပ်သားပြည်သူ ၉၂၀ လောက် အသက်ဆုံးရှုံးသွားခဲ့သလို ထိခိုက်ဒဏ်ရာရရှိသူ ထောင်ချီရှိခဲ့တယ်လို့ မိုင်းရှင်းလင်းရေး ကျွမ်းကျင်သူတွေက ဖော်ပြပါတယ်။ လူ့အခွင့်အရေးလှုပ်ရှားသူတွေနဲ့ အခြားလေ့လာစောင့်ကြည့်ရေးအဖွဲ့တွေကတော့ မြှုပ်ထားသမျှ မိုင်းတွေအားလုံးကို ဖယ်ရှားရှင်းလင်းလို့ မပြီးခင်မှာပဲ အဲဒီနေရာတွေဟာ ယီမင်ကို မြှုပ်နှံထားတဲ့ ပေါက်ကွဲပစ္စည်းပေါင်းများစွာတွေနဲ့ ဆန်ခါပေါက်ဖြစ်စေပြီး အပြစ်မဲ့တဲ့ အရပ်သားပြည်သူတွေကို ဆယ်စုနှစ်တွေကြာအောင် အသက်ကို နုတ်ယူရင်ယူ ဒါမှမဟုတ် ဒုက္ခိတဖြစ်စေလိမ့်မယ်လို့ ပြောဆိုနေပါတယ်။

ဒီတော့ မြေမြှုပ်မိုင်းပြဿနာက အတော်လေးကြီးမားနေတယ်ဆိုတာ ခြွင်းချက်မရှိဖြစ်သလို အကျိုးဆက်ကလည်း ကြောက်ခမန်းလိလိ ဖြစ်ပါတယ်။

### မြေမြှုပ်မိုင်းပေါင်း တစ်သန်းကျော်ရှိကြောင်း ခန့်မှန်း

ဆော်ဒီကငှားရမ်းထားတဲ့ အနောက်အုပ်စု မိုင်းရှင်းလင်းရေးကုမ္ပဏီတစ်ခုက ဟူသီသူပုန်တွေထောင်ထားတဲ့ မြေမြှုပ်မိုင်းပေါင်းတစ်သန်းကျော်ရှိတယ်လို့တောင် ခန့်မှန်းထားတယ်။

ဒါဟာ ကြက်သီးထဖို့ကောင်းတဲ့ ကိန်းဂဏန်းတစ်ခုပါပဲ။ ဒီကိစ္စမှာ သေကျေပျက်စီးကြရတဲ့ သားကောင်တွေဟာ ကျွန်ုပ်တို့ တွေ့မြင်ရသမျှကတော့ အရပ်သားပြည်သူတွေချည်းပဲလို့ လွတ်လပ်သော အကျိုးအမြတ်မယူတဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Loren Persi Vicentic မြေမြှုပ်မိုင်း စောင့်ကြည့်စစ်ဆေးရေးအဖွဲ့က စိတ်မကောင်းစွာ ပြောခဲ့ပါတယ်။

### တိုက်ပွဲဖြစ်ပွားသည့်နေရာမှာသာ အသုံးပြုခဲ့တယ်လို့ပြော

ယီမင်မြောက်ပိုင်းရှိ နေရာအများစုကို ထိန်းချုပ်ထားတဲ့ ဟူသီတွေကတော့ မြေမြှုပ်မိုင်းတွေ ထောင်ထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ထွက်ပေါ်လာတဲ့မေးခွန်းတွေကို တုံ့ပြန်ဖြေကြားခြင်းမရှိခဲ့ပါဘူး။ အရပ်သားတွေ သေကျေပျက်စီးနေကြရပေမယ့် ဟူသီအာဏာပိုင်တွေက ၎င်းတို့ဟာ တင့်ကားဖျက်မိုင်းတွေကိုသာ အသုံးပြုခဲ့တာဖြစ်ပြီး ဒါတွေကိုလည်း တိုက်ပွဲဖြစ်ပွားတဲ့နေရာတွေမှာသာ သုံးခဲ့တာဖြစ်တယ်။ အရပ်သားတွေနေတဲ့ ဧရိယာတွေနဲ့ လူတွေလမ်းသွားရင်း တက်နင်းမိစေမယ့် နေရာမျိုးတွေမှာ မိုင်းဗုံးတွေထောင်မထားခဲ့ဘူးလို့ ငြင်းဆန်ထားပါတယ်။

### အင်တာဗျူးအမေးအဖြေပြုလုပ်

ဒါကစစ်ပွဲတစ်ခုပဲ။ ဒီတော့ သင်တို့ဘက်က ကျွန်ုပ်တို့ကို ဘာလုပ်စေချင်တာလဲ။ရန်သူ့ဘက်ကို ပန်းနဲ့ပေါက်ရမှာလားလို့ ဟူသီသူပုန်အဖွဲ့အာဏာပိုင် ဗိုလ်ချုပ်ယာဟီရာ အယ်လ်ဆာရီက အေပီသတင်းဌာနသို့ ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့လက ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်အဖွဲ့က စီစဉ်ခဲ့တဲ့ ခရီးစဉ်အတွင်းမှာ မြေမြှုပ်မိုင်းထောင်ပေါင်းများစွာ တွေ့ခဲ့တာကို နယူးယောက်တိုင်းမ်က မေးမြန်းထားပြီး ဒါတွေနဲ့ ပတ်သက်လို့ ဆရာဝန်တွေ၊ တပ်မတော်သားတွေနဲ့ မိုင်းထိပြီး ဒဏ်ရာရခဲ့တဲ့သူတွေကို အင်တာဗျူးအမေးအဖြေ ပြုလုပ်ခဲ့ပါတယ်။

### အားလုံးက အာရုံစိုက်စေချင်

ဆော်ဒီအာရေဗျအနေနဲ့က ဟူသီသူပုန်အဖွဲ့ထောင်ထားတဲ့မြေမြှုပ်မိုင်းတွေနဲ့ပတ်သက်ပြီး လူတကာက အာရုံစိုက်စေချင်တာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆော်ဒီနဲ့ ၎င်းရဲ့ မဟာမိတ်ဖြစ်တဲ့ အာရပ်စော်ဘွားများပြည်ထောင်စုဟာ အရပ်သားတွေ ထောင်သောင်းမကသေဆုံးစေခဲ့တဲ့ လေကြောင်းတိုက်ခိုက်မှုတွေကို အကြိမ်ပေါင်းများစွာလုပ်ဆောင်ပြီး ယီမင်ကို ငတ်မွတ်ခေါင်းပါးမှုဘေးဆိုက်ရောက်အောင် ပိတ်ဆို့မှုတွေလုပ်ခြင်းအားဖြင့် စစ်ရာဇဝတ်မှုတွေ ကျူးလွန်လာခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေကို တန်ပြန်ရင်ဆိုင်ချင်နေတာကြောင့် ဟူသီအဖွဲ့ရဲ့မြေမြှုပ်မိုင်းတွေကိစ္စကို ၎င်းက လူတကာ အာရုံစိုက်စေချင်နေပါတယ်။

လေကြောင်းတိုက်ခိုက်မှုအချို့ဟာဆိုရင် လက်နက်တိုက်တွေရှိတဲ့ အစုအဝေးနေရာကို ကျရောက်ခဲ့တာတွေလည်းရှိပြီး ဒါကမြေမြှုပ်မိုင်းတွေလိုပဲ တူညီတဲ့ကာလရှည်ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနိုင်တဲ့အတွက်ကြောင့်ပါပဲ။

### နယ်မြေကာကွယ်ရေးနည်းဗျူဟာတစ်ခုဖြစ်

ဒါပေမယ့် ယီမင်မှာမြှုပ်နှံထားသမျှ မြေမြှုပ်မိုင်းတွေနဲ့ ပေါက်ကွဲပစ္စည်း အားလုံးနီးပါးဟာ ဟူသီသူပုန်တွေရဲ့ လက်ချက်ဖြစ်ဟန်ရှိတယ်လို့ လွတ်လပ်သော စောင့်ကြည့်အဖွဲ့တွေက ပြောဆိုလျက်ရှိပါတယ်။

မိုင်းချတယ်ဆိုတာဟာ နယ်နိမိတ်တစ်ခုကို ကာကွယ်ဖို့အတွက် တပ်ဖွဲ့ဝင်တွေက သုံးတဲ့နည်းပရိယာယ်တစ်ခုဖြစ်ပြီး ဆော်ဒီဦးဆောင်တဲ့ ကြားဝင်စွက်ဖက်မှုတွေစတင်လာချိန်ကတည်းက ဟူသီသူပုန်တွေက ဒီနည်းကို သုံးလာခဲ့တာ ဖြစ်ပါတယ်။

### အီရန်နဲ့ ကူးလူးဆက်ဆံကြောင်း အထောက်အထား ဖော်ပြနေ

ဆော်ဒီရဲ့ဒေသတွင်း ယှဉ်ပြိုင်ဘက်ဖြစ်တဲ့ အီရန်နဲ့ ဟူသီသူပုန်တွေကြား ကူးလူးဆက်ဆံမှုရှိတယ်ဆိုတဲ့ သက်သေအထောက်အထားကို မိုင်းတွေကဖော်ပြနေတယ်လို့လည်း ဆော်ဒီဘက်က ပြောထားပါသေးတယ်။ မကြာသေးမီကပဲ အီရန်ကလာတယ်လို့ ဆော်ဒီနဲ့ အနောက်အုပ်စုအာဏာပိုင်တွေက ပြောနေကြတဲ့ ဟူသီသူပုန်တွေရဲ့ ဒုံးကျည်အစိတ်အပိုင်းအချို့ကို ဆော်ဒီက ဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။

မိုင်းတွေပြုလုပ်တဲ့ ပါဝင်ပစ္စည်းအချို့နဲ့ အလားတူ ဟူသီသူပုန်တွေ ပြုလုပ်ထားတဲ့ လူကို ဒုက္ခရောက်စေတဲ့ဗုံးတွေဟာလည်း အီရန်ကလာတာဖြစ်တယ်လို့ ပဋိပက္ခဖြစ်ပွားစေတဲ့ လက်နက်တပ်ဆင်မှုဆိုင်ရာ လေ့လာစောင့်ကြည့်အဖွဲ့က ဆိုပါတယ်။

ဆော်ဒီကျောထောက်နောက်ခံပေးထားတဲ့ တပ်ဖွဲ့ဝင်တွေက ရှာဖွေဖော်ထုတ်ခဲ့တဲ့ မိုင်းတွေအများစုဟာ အိုဟောင်းနေပြီဖြစ်ပြီး မိုင်းတွေပေါ်မှာ တွေ့ရတဲ့ အမှတ်အသားပုံစံတွေအရ ရုရှား ဒါမှမဟုတ် အရှေ့ဥရောပက ထုတ်တယ်ဆိုတာကို ဖော်ပြနေပါတယ်။ ယီမင်မြောက်ပိုင်းမှာ အခြေစိုက်ထားတဲ့ ဟူသီ လက်နက်ကိုင်လှုပ်ရှားမှုအဖွဲ့တစ်ဖွဲ့က ဒါတွေကို ဆာနားရှိ သမ္မတဟောင်းဆီကနေ ရရှိလာတာဖြစ်ကောင်းဖြစ်နိုင်တယ်လို့ စောင့်ကြည့်နေတဲ့အဖွဲ့တွေက ထင်ကြေးပေးလျက်ရှိပါတယ်။ ॥ **ကိုးကား - နယူးယောက်တိုင်းမ်**

# နိုင်ငံတကာသတင်းတိုထွာ

## ဗင်နီဇွဲလားသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရုရှားပေးပို့မည်

**ကရာကက် ဖေဖော်ဝါရီ ၁၉**

ရုရှားနိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းတန်ချိန် ၃၀၀ကို ဗင်နီဇွဲလားသို့ပေးပို့မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတနီကိုးလပ်စ် မာဒူရိုပြောပြချက်ကို ဒေသမီဒီယာက တနင်္လာနေ့တွင် ကိုးကားဖော်ပြခဲ့သည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များကို နေ့စဉ်နှင့်အမျှ လက်ခံနေကြောင်း မာဒူရိုကပြောကြားခဲ့သည်။ ရုရှားသည် အထောက်အပံ့ပစ္စည်းများကို ကရာကက်နိုင်ငံတကာလေဆိပ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်ဟု သမ္မတက ပြောကြားခဲ့သည်။ ဗင်နီဇွဲလားပဋိပက္ခအဆုံးသတ်စေရေးအကူအညီပေးရန်အတွက် ကြားဝင်စေ့စပ်ညှိနှိုင်းရေး ကြိုးပမ်းရာတွင် ပူးပေါင်းပါဝင်ရန် ရုရှားက အဆင်သင့်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ပြောခဲ့သည်။ **ဆင်ဟွာ**

## ဂျပန်ရေပိုင်နက်ထဲသို့ တောင်ကိုရီးယားသင်္ဘောဝင်ရောက်လာမှုကို ဂျပန်ကန့်ကွက်

**တိုကျို ဖေဖော်ဝါရီ ၁၉**

ဂျပန်ပင်လယ်အတွင်းရှိ တာကီရှိမာကျွန်းစုအနီး ဂျပန်ရေပိုင်နက်ထဲသို့ တောင်ကိုရီးယား သုတေသနသင်္ဘော ဝင်ရောက်လာမှုကို အစိုးရအနေဖြင့် ကန့်ကွက်ကြောင်း ဂျပန်အစိုးရအဖွဲ့အကြီးအကဲ ယိုရှီဟီဒီစူဂါက ထုတ်ဖော်ပြောကြားလိုက်ကြောင်း သိရသည်။

အင်္ဂါနေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ စူဂါက တောင်ကိုရီးယားသုတေသနသင်္ဘောတစ်စင်းသည် ပြီးခဲ့သည့် သောကြာနေ့နှင့် တနင်္ဂနွေနေ့မှ တနင်္လာနေ့အထိ ဒေသဆိုင်ရာ ရေပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း ပြောကြားသည်။

ထိုသို့ဝင်ရောက်လာမှုကြောင့် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် သတိပေးချက်ထုတ်ပြန်ရန်နှင့် အဆိုပါဧရိယာတစ်ဝိုက် ကင်းလှည့်ရန် ဖြစ်လာကြောင်း သိရသည်။

တောင်ကိုရီးယားသုတေသနသင်္ဘော ထိုသို့ဝင်ရောက်ခဲ့မှုအတွက် တောင်ကိုရီးယားဘက်မှ သံတမန်နည်းလမ်းများမှ တစ်ဆင့်ဖြေရှင်းချက်ပေးရန် ဂျပန်အစိုးရအဖွဲ့က တောင်းဆိုလိုက်ကြောင်း စူဂါက ပြောကြားခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

# ကောင်းမှုတော်ဘုရားကြီး ရင်ပြင်တော်ပေါ်၌ တည်ထားမည့် ကမ္ဘာ့အကြီးဆုံး စည်တော်ကြီး အောင်မြင်စွာ ပင့်ဆောင်နိုင်ရေး ဩဝါဒခံယူ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၉

**ကမ္ဘာ့အကြီးဆုံးစည်တော်ကြီးကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လက်ပန်ကုန်းကျေးရွာ၌ မြန်မာမှုပညာရှင် ဆရာပွဲက မဟာဗုဒ္ဓဝင် ရုပ်လုံး၊ ရုပ်ကြွများဖြင့် ထွင်းထုပြုလုပ် ပြီး၍ စည်တော်ကြီးအား စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်ဘုရားကြီး ရင်ပြင်တော်ပေါ်၌ အောင်မြင်စွာ ပင့်ဆောင်သယ်ယူ တည်ထားနိုင်ရန် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရထံမှ ဩဝါဒ ခံယူပွဲကို ယမန်နေ့က အဆိုပါဘုရားကြီးရင်ပြင်တော်ပေါ်၌ ကျင်းပခဲ့ကြောင်း သိရသည်။**

ဩဝါဒခံယူပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြည်ညိုကြကာ ဆရာတော်ကြီးက ယခု ကောင်းမှုတော်စေတီတော်မြတ်ကြီးကို ရှေးမူမပျက် တင့်တယ်သပ္ပာယ်စွာ အများပြည်သူများ ကြည်ညိုဖူးမြော်နိုင်ရန် အဖြူရောင်သင်္ကန်းတော် ပြန်လည်ကပ်လှူနေသည့် လုပ်ငန်းများတွင် အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ပေးပြီး မည်သည့်အကြောင်းကိစ္စနှင့်မျှ တိမ်းစောင်းမသွားအောင် ဆောင်ရွက်စေလိုကြောင်း မိန့်ကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး စည်တော်ကြီး တည်ထားနိုင်ရန်အတွက် စင်တော်ဆောက်လုပ်နေမှုအခြေအနေများကို မန္တလေးမြို့ တမ္ဗဝတီဦးဝင်းမောင်က အသေးစိတ်ရှင်းလင်းလျှောက်ထားတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က ကသာခရိုင်အတွင်းမှ စစ်ကိုင်းမြို့သို့ သယ်ယူပင့်ဆောင်ပူဇော်လာမည့် လမ်းကြောင်းအခြေအနေများ၊ ရပ်နားမည့်မြို့များတွင် တရားပွဲတော်များ ဆောင်ရွက်သွားမည့်အခြေအနေနှင့် သတ်မှတ်ရက်အတွင်း အန္တရာယ်ကင်းစွာ သယ်ယူဆောင်ရွက်မည့်အခြေအနေများကို လျှောက်ထားသည်။

အဆိုပါစည်တော်ကြီးကို မတ် ၁၉ ရက် ညနေပိုင်းတွင် ကောင်းမှုတော်ဘုရားကြီးရင်ပြင်တော်ပေါ်၌ တည်ထားနိုင်မည်ဖြစ်ပြီး မတ် ၂၀ ရက်၊ (တပေါင်းလပြည့်နေ့)တွင် ကောင်းမှုတော်စေတီတော်ကြီး အဖြူရောင်သင်္ကန်းကပ်လှူပြီးစီးမှုအတွက် ဘုရားအနေကဇာတင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**



သီတဂူဆရာတော်ကြီးထံမှ ဩဝါဒခံယူနေစဉ်။

# မြို့နယ်ခုနစ်မြို့နယ်ရှိ ကိုယ်ဝန်ဆောင်များနှင့် နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့



ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား ထောက်ပံ့ကြေးပေးအပ်စဉ်။

**ဘားအံ ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၃၉၈၇ ဦးနှင့် နှစ်နှစ်အောက်ကလေးငယ် ၁၂၆၃ ဦးတို့အတွက် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က နိုင်ငံတော်က မိခင်လောင်းများ အာဟာရဓာတ်ပြည့်ဝစေပြီး အနာဂတ်မျိုးဆက်သစ်ကလေးများ ဉာဏ်ရည်ဉာဏ်သွေး ပြည့်ဝစေရေးအတွက် စီမံပြီးထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း၊ ကလေးငယ်တစ်ဦးအတွက် ရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရပြည့်ဝစေရန်လိုသောကြောင့် မိခင်လောင်းများသည် မိမိတို့၏ ရင်သွေးငယ်များကို သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်း၏ ညွှန်ကြားမှုများအတိုင်း ကျွေးမွေးပြုစုစောင့်ရှောက်ပြီး အနာဂတ်တိုင်းပြည်အတွက် ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝသော မျိုးဆက်သစ်များကို မွေးထုတ်ပေးကြရန် ပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်ဝန်ဆောင်မိခင် ၃၉၈၇ ဦးနှင့် နှစ်နှစ် အောက်ကလေးငယ် ၁၂၆၃ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၂၀၄၂၀၀၀၀ ကို ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေရဲထက်ထံသို့ ကိုယ်စားပေးအပ်ပြီး မိခင်ငါးဦးကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က နှစ်နှစ်အောက် ကလေးငယ် ငါးဦးကို လည်းကောင်း တစ်ဦးလျှင် သုံးလစာ ငွေကျပ် ၄၅၀၀၀ စီကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးမှုသည် နိုင်ငံတော်၏ သီးခြားအစီအစဉ်ဖြစ်ပြီး ကိုယ်ဝန်ဆောင်မိခင်သေနှုန်း လျှော့ချရေးနှင့် ကလေးသူငယ်များ အာဟာရပြည့်ဝရေး ကရင်ပြည်နယ်အတွက် ပထမဆုံးအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။ ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးမိသားစုများ အပါအဝင် မြို့နယ်ခုနစ်မြို့နယ်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမသုံးလပတ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ကိုယ်ဝန်ဆောင်မိခင် ၁၄၅၃၀ ဦး၊ နှစ်နှစ်အောက် ကလေးငယ် ၄၄၇၆ ဦးအတွက် ငွေကျပ် ၇၃၉၄၂၅၀၀၀ ဖြစ်ပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက် ကလေးငယ် တစ်ဦးလျှင် တစ်လငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့်မြို့နယ်များကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရေကြောင်းသတိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E & P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Environmental Impact Assesment (EIA) လုပ်ငန်းများအား Survey Vessel "MV PACIFIC RAPIER" ဖြင့် Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၃ မိနစ် ၃၃ ဒသမ ၉၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၇ မိနစ် ၅၈ ဒသမ ၁၁၁ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၃ မိနစ် ၃၅ ဒသမ ၄၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၄ မိနစ် ၇ ဒသမ ၉၀၈ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၇ မိနစ် ၂၈ ဒသမ ၂၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၈ မိနစ် ၄၂ ဒသမ ၃၆၂ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၁ မိနစ် ၄၆ ဒသမ ၄၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၅ မိနစ် ၂၅ ဒသမ ၅၁၁ စက္ကန့်၊ Point-E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၃၁ ဒသမ ၀၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၆ မိနစ် ၃၅ ဒသမ ၀၂၃ စက္ကန့်၊ Point-F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၄ ဒသမ ၇၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၄ မိနစ် ၂၅ ဒသမ ၄၅၉ စက္ကန့်တို့အတွင်းတွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကျင်းပမည့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲနှင့် ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့်အညီ စက်ရုံ၊ အလုပ်ရုံများတွင် ဖွဲ့စည်းဆောင်ရွက်ရမည့် အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ WCC ဖွဲ့စည်းရေးအတွက် အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲတို့ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ရှိ ကနောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလားတူ WCC ဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီ တွင် ကနောင်ခန်းမ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ Hotel Marvel ၌ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် သတင်းရယူနိုင်ကြောင်း သိရသည်။

**မွေးကြူဇင်**

# ၂၀၁၈ - ၂၀၁၉ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံတွင် ထူးချွန်သော လူငယ်ဂေါက်သီး အားကစားသမားများ ထွက်ပေါ်လာရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Junior Golf Myanmar (JGM) မှ ကြီးမှူး၍ Jasmine Palace Hotel ၏ အဓိကပံ့ပိုးကူညီမှုဖြင့် အကြိမ် ၂၀ မြောက် Myanmar Junior Golf Tour 2019 (Jasmine Palace Cup) ပြိုင်ပွဲကို မတ် ၂ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ရှိ မြို့တော် ဂေါက်ကွင်း - ရန်ကုန် (မြကန်သာ) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက်၊ ၁၄ နှစ်အောက်နှင့် ၁၈ နှစ်အောက် ဟူ၍ သက်တမ်းအလိုက် ကန့်သတ်ထားပြီး စိန့်အင်ဒရူးဂေါက်သီး စည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဂေါက်သီးအားကစားသမားများအနေဖြင့် Entry Fees နှင့် Green Fees တို့ကို အခမဲ့ရရှိမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုကြသည့် အားကစားသမားများအနေဖြင့် မျိုးဆက်သစ် အားကစားသမားများအဖွဲ့ ဖုန်း- ၀၉-၅၁၃၂၅၅၁၊ ၀၉-၅၁၀၉၅၅၄၊ ၀၉-၅၁၁၃၉၅၉၊ ၀၉-၅၀၄၂၆၃၃ နှင့် ၀၉-၅၀၁၉၈၈ တို့ကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကိုမင်းစိုး**

# ပြတိုက်လှူပ်ရှားမှုပန်းချီပြပွဲ (၂)ကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြတိုက်လှုပ်ရှားမှုပန်းချီပြပွဲ(၂) Museum Activity II ကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ အမျိုးသားပြတိုက် (ရန်ကုန်) ဘက်စုံခန်းမ၌ ပြတိုက် ဖွင့်ချိန်အတိုင်း နေ့စဉ်ဖွင့်လှစ်ပြသမည် ဖြစ်သည်။ အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာ ၇၄ ဦးတို့၏ အနုပညာလက်ရာမြောက်ရေးဆွဲထားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် ပန်းချီကား လက်ရာမွန်များဖြင့် ပြသထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် စတင်မည်ဖြစ်ပြီး ပန်းချီပညာကို စိတ်ပါဝင်စားလေ့လာလိုသူများအတွက် ပြတိုက်ပန်းချီဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။ ပန်းချီချစ်သောပရိသတ်များကို မေတ္တာတုံ့ပြန်သောအနေဖြင့် ပန်းချီဆရာ ၇၄ ဦးတို့၏ ကိုယ်တိုင်ရေးဆွဲ လက်မှတ်ရေးထိုးထားသည့် ပန်းချီကားငယ်များကို ဖွင့်ပွဲနေ့ မွန်းတည့် ၁၂ နာရီ နှင့် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၃ နာရီ တို့တွင် သင့်လျော်သည့်နှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ပန်းချီပြပွဲသို့ သတင်းဌာနများမှ သတင်းထောက်များ သတင်းရယူနိုင်ကြပြီး စိတ်ဝင်စားသူမည်သူမဆို အခမဲ့ဝင်ရောက်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သတင်းရရှိသည်။

**မောင်လူမော်**



ရေပြာ-ယောချောင်းသာ အပန်းဖြေစခန်းတွင် ပြည်သူများ လာရောက်အပန်းဖြေမှုကို တွေ့ရစဉ်။

# ရေပြာ-ယောချောင်းသာ အပန်းဖြေစခန်းမှာ စိတ်အေးချမ်းသာအပန်းဖြေနိုင်ကြမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဘုရားတောင်ကျေးရွာရှိ ယောချောင်းမှ စီးဆင်းလျက်ရှိသည့် ဘုရားတောင်ကျေးရွာ ရေပြာ-ယောချောင်းသာ အပန်းဖြေစခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။

ယောချောင်းသာ အပန်းဖြေစခန်းသည် သဘာဝစီးဆင်းလျက်ရှိသည့် ယောချောင်းရေပေါ်တွင် ဖွင့်လှစ်ထားရှိပြီး အပန်းဖြေလာရောက်သူများအတွက် သင့်လျော်သော စားသောက်ဆိုင်များ၊ မိသားစုများ တည်းခိုနိုင်သော တည်းခိုခန်းများကိုပါ အပန်းဖြေစခန်းအနီးတွင် ဖွင့်လှစ်ပေးထားလျက်ရှိသည်။

အပန်းဖြေစခန်းတွင် ရေပေါ်အိမ်များ၊ အပန်းဖြေစခန်းမှ အဝေးသို့ကြည့်ရှုနိုင်သည့် အဝေးကြည့်မျှော်စင်များ၊ အပန်းဖြေလာရောက်သူများအတွက် ကျန်းမာရေးပြုစုကုသပေးမည့် သူနာပြုများ၊ လုံခြုံရေးအဖွဲ့များ တာဝန်ချထားမှုကြောင့် စိတ်အေးချမ်းသာ အပန်းဖြေနိုင်မည်ဟု အဆိုပါအပန်းဖြေစခန်း၏ ကော်မတီဥက္ကဋ္ဌဖြစ်သူ ဦးတင်အေးက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ယောချောင်းသာအပန်းဖြေစခန်းကို အပန်းဖြေလာရောက်သူတွေ အဆင်ပြေဖို့အတွက် အစစအရာရာ ဝန်ဆောင်မှုတွေ ပြုလုပ်ပေးနေပါတယ်။ စားသောက်ဆိုင်ခန်းက စားသောက်သူတွေ အဆင်ပြေစေဖို့ အတတ်နိုင်ဆုံး ဈေးနှုန်းကို လျှော့ပေါ့ပြီး ရောင်းချပေးဖို့ အဓိကမှာကြားထားပြီး မိသားစုလိုက် တည်းခိုနိုင်ရေးအတွက် တည်းခိုခန်းတွေ ဖွင့်လှစ်ထားရှိပေးပြီး တည်းခိုခန်းခအနေနဲ့ မိသားစု ခုနစ်ဦးခန့် တည်းခိုနိုင်တဲ့ အခန်းတစ်ခန်းကို ငွေကျပ် ၅၀၀၀ နှုန်းနဲ့ သတ်မှတ်ပေးထားပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ယောချောင်းသာ အပန်းဖြေစခန်းဖွင့်လှစ်မှုကြောင့် အပန်းဖြေရန် နေရာသစ်ပေါ်ထွက်လာသကဲ့သို့ ယင်းဒေသရှိ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ထွက်လာမှုကြောင့် ဒေသစီးပွားရေး အထောက်အကူပြုမည့် ရေပြာ-ယောချောင်းသာ အပန်းဖြေစခန်းသို့ သွားရောက်အပန်းဖြေနိုင်ပါကြောင်း...။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆီးချို၊ သွေးတိုးဝေဒနာရှင်တို့အား မြို့နယ်တိုင်းတွင် အခမဲ့ကုသမှုဖြင့် စတင်ဝန်ဆောင်မှုပေးနေပြီဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၏ ပြည်သူ့ကျန်းမာရေးဌာနများ၊ ဒေသန္တရကျန်းမာရေးဌာနနှင့် ဌာနခွဲတို့တွင် ဆီးချိုနှင့် သွေးတိုးဝေဒနာရှင်တို့ကို ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ တစ်ပတ်လျှင် တစ်ကြိမ် အခမဲ့ကုသမှုဖြင့် ဝန်ဆောင်မှုစတင်ပေးနေပြီဖြစ်သည်။

**သတ်မှတ်ထားသောဆေးဝါးဖြင့်ကုသ**

ရန်ကုန်တိုင်းဒေသကြီးရှိ ဆီးချိုလူနာ ၂၅၆၀၅ ဦးနှင့် သွေးတိုးလူနာ ၃၃၆၅၈ ဦးတို့ကို ပြည်သူ့ကျန်းမာရေးဌာနမှ ၂၀၁၇ ခုနှစ်တွင် ကုသပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၄၅ မြို့နယ်တွင် ဒေသန္တရကျန်းမာရေးဌာန ၂၉ ခု၊ ဒေသန္တရကျန်းမာရေးဌာနခွဲ ၂၁ ခုနှင့် ကျေးလက်ကျန်းမာရေးဌာန ၉၁ ခုတို့ဖြင့် ကျန်းမာရေးဝန်ထမ်းများက အထူးကုသမားတော်ကြီးများ ချမှတ်ထားသော ကုသမှုနည်းစနစ်အတိုင်း ရောဂါစစ်ဆေးခြင်းနှင့် ရောဂါရှိသူတို့ကို သတ်မှတ်ထားသည့် အခြေခံဆေးဝါးတို့ဖြင့် ကုသခြင်းဖြစ်သည်။

ဆီးချိုနှင့် သွေးတိုးရောဂါကို ကုသမှုပေးနိုင်ရန် အထူးကုဆရာဝန်ကြီးများကိုယ်တိုင် Helpage International ၏ အကူအညီဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၆ ရက်က ဆရာဖြစ်သင်တန်းများကို တိုင်းဒေသကြီးလုံးကျွတ်ပို့ချခဲ့ပြီး PEN လုပ်ငန်း မြို့နယ်အဆင့်ဆရာဖြစ်သင်တန်း၊ သွေးတိုးရောဂါအတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်တွင် သင်တန်းနှင့် ဆီးချိုရောဂါအတွက် ပါမောက္ခတို့က သင်တန်းများပို့ချ၍ အပြန်အလှန်ဆွေးနွေးခြင်းတို့ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆီးချို၊ သွေးတိုးဝေဒနာရှင်တို့အား ကုသမှုလွှမ်းခြုံနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်ကုသ**

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုအတွင်း ဖြစ်ပွားနှုန်းမြင့်မားနေသော ဆီးချိုနှင့် သွေးတိုးရောဂါကို ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနက ထောက်ပံ့ပေးထားသည့် ဆေးဝါးနှင့် ဆေးပစ္စည်းများကို အသုံးပြု၍ ရေရှည်တည်တံ့သော ဆေးခန်းများအဖြစ် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်ကုသသွားမည်ဖြစ်သည်။

**လာရောက်ပြသနိုင်**

ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ မြို့နယ် ၄၅ မြို့နယ်တွင် ဆီးချိုနှင့် သွေးတိုးဝေဒနာရှင်တို့ကို စတင်ကုသမှုပေးလျက်ရှိရာ ထိုကျန်းမာရေးဌာနနှင့် ဒေသန္တရကျန်းမာရေးဌာနများသို့ အသက် ၄၀ နှင့်အထက် ကျား/ မ မရွေး၊ ဆေးလိပ်သောက်သူများ၊ ခါးပတ်လည်အတိုင်းအထွာအမျိုးသမီး ၈၀ စင်တီမီတာနှင့် အမျိုးသား ၉၀ စင်တီမီတာအထက်ရှိသူများ၊ သွေးတိုးရောဂါရှိသူများ၊ သွေးချိုဆီးချိုရောဂါရှိသူများ၊ ဆွေမျိုးအရင်းအချာများတွင် ငယ်ရွယ်စဉ်က နှလုံးသွေးကြောရောဂါဖြစ်ဖူးသော ရာဇဝင်ရှိသူများ၊ ဆွေမျိုးအရင်းအချာတို့တွင် သွေးချို၊ ဆီးချိုနှင့် ကျောက်ကပ်ရောဂါဖြစ်ဖူးသော ရာဇဝင်ရှိသူများ စသည့်ဝေဒနာရှင်များ လာရောက်ပြသနိုင်ကြောင်း သိရသည်။

"သွေးတိုးနဲ့ ဆီးချိုရောဂါကို ဗုဒ္ဓဟူးနေ့တိုင်း မြို့နယ်တွေမှာ အခမဲ့ကုသပေးနေပါပြီ။ ဗဟိုစီမံချက်နဲ့ တိုင်းဒေသကြီးက ဝယ်ယူပြီးတော့ ထောက်ပံ့တဲ့ အခြေခံဆေးဝါးတွေနဲ့ ကုသသွားမှာပါ။ လူနာတွေအတွက် အခြေခံဆေးဝါး ခြောက်မျိုးနဲ့ ကုသသွားမှာပါ။ မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံနိုင်အောင် ဆောင်ရွက်နေပါတယ်။ နေပြည်တော်မှာလည်း ဆောင်ရွက်နေပါတယ်။ သွေးတိုး၊ ဆီးချိုက ဒီဘက်ခေတ်မှာ အဖြစ်များလာတယ်။ မြန်မာတစ်နိုင်ငံလုံးရဲ့ လူဦးရေတစ်ဝက်နဲ့ ညီမျှတဲ့ ကုသမှုကို ရန်ကုန်တိုင်းဒေသကြီးမှာ ဆောင်ရွက်ပေးနေရတယ်။ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်၊ ကင်ဆာ၊ နာတာရှည်နဲ့ အဆုတ်ရောင်တဲ့ ဝေဒနာတွေက ပိုပြီးဖိစီးလာတယ်။ ကျောင်းကျန်းမာရေးနဲ့ ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းကျန်းမာရေးကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်ကစပြီး စီမံချက်ရေးဆွဲဆောင်ရွက်ဖို့ ပြည်ထောင်စုဝန်ကြီးကလည်း ညွှန်ကြားထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးကနေ မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံနိုင်အောင် ဆောင်ရွက်ဖို့ရှိပါတယ်။ WHO ရဲ့ ကူညီထောက်ပံ့မှုနဲ့ ဆောင်ရွက်သွားမှာပါ။ ပြည်သူလူထုအနေနဲ့ ဖွင့်လှစ်လိုက်ပြီဖြစ်တဲ့ ဆေးခန်းတွေမှာ လာရောက်ပြသကြပါ။ ညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်ပေးပါ။ ဒါမှသာ ကာကွယ်နိုင်မှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ပြောသည်။

**သန်းထိုက်**

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းက အသက် ၈၀ နှင့်အထက် အသင်းသားများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲအတွက် မြန်မာ့အလင်းသတင်းစာတိုက်မှ မန်နေဂျာ ဦးဇော်မင်း (ငြိမ်း)နှင့် ဝန်ထမ်းများက အလှူငွေများ စုပေါင်းပေးအပ်လှူဒါန်းကြရာ အသင်းအတွင်းရေးမှူး ဦးဇော်ဝင်းက လက်ခံယူခဲ့သည်။

အဆိုပါ ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲကို မတ် ၂၄ ရက်တွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ် (ဗဟန်းမုခ်) အာဇာနည်လမ်း ဗဟန်းမြို့နယ် ပြန်ကြားရေးဝန်ကြီးဌာန ခမ္မာရုံတွင် ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါအခမ်းအနားအတွက် ပါဝင်လှူဒါန်းလိုသူများ၊ အသက် ၈၀ နှင့်အထက် အသင်းသားကြီးများနှင့် အသင်းဝင်လိုသူများသည် အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း ၀၉- ၄၂၀၁၀၁၃၈၉ နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း ၀၉-၄၄၀၃၇၇၆၃၆ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရှိရသည်။

**ကိုဇော်**



အလှူငွေပေးအပ်စဉ်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၉၅ | ကျပ် | ၉၀၀/၉၃၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၅ | ကျပ် | ၉၁၅/၉၄၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၇၁၀ | ကျပ် | ၇၄၅/၇၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၄၅/၈၀၀ | ကျပ် | ၈၄၀/၈၇၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၀ ・ ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၃၀ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၈ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၇၆ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၄ ・ ၁ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၄ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၆ ・ ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ ・ ၄၃၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၅ ・ ၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၄ ・ ၆၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ ・ ၉၇၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# သရုပ်ဆောင် ဝါသနာရှင်များအတွက် Laurel Art Academy ၏ ပညာဒါနသင်တန်းဆင်း



Laurel Art Academy ရုပ်ရှင်အနုပညာသင်ကျောင်း ပညာဒါနသရုပ်ဆောင်သင်တန်း အပတ်စဉ်(၅) သင်တန်းဆင်းပွဲတွင် နည်းပြများနှင့် သင်တန်းသားများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မြန်မာ့ရုပ်ရှင်လောကတွင် မျက်နှာသစ် သရုပ်ဆောင်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ဝါရင့်အနုပညာရှင်ကြီးများ ကိုယ်တိုင်သင်ကြားပေးနေသော Laurel Art Academy ရုပ်ရှင်အနုပညာသင်ကျောင်းက ဖွင့်လှစ်ခဲ့သည့် ပညာဒါန သရုပ်ဆောင်သင်တန်း အပတ်စဉ်(၅) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Laurel Art Academy Studio ခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

"ကျွန်တော်တို့ ၂၀၁၂ ဖေဖော်ဝါရီလတုန်းက ပထမဆုံး သင်တန်းနဲ့ ဒုတိယအကြိမ် သင်တန်းတွေတုန်းကတော့ ပိုက်ဆံယူပြီး သင်ကြားခဲ့တယ်။ ပိုက်ဆံနဲ့သင်ကြားချိန်မှာ ကလေးတွေက မာန်လေးတွေရှိလာတယ်။ နောက် ချို့တဲ့တဲ့ ကလေးတွေက မတက်နိုင်ကြဘူး။ ဒါကြောင့် ပိုက်ဆံမတတ်နိုင်သူလည်းတက်ရအောင်လို့ရော၊ ဖြစ်ချင်တော့ ဆရာလည်း တိုက်တိုက်ဆိုင်ဆိုင် စည်သူဘွဲ့ရတော့ တပည့်ဖြစ်တဲ့ ရန်အောင်ထွန်းနဲ့ သီတာလင်းတို့က စည်သူဘွဲ့ကို ဂုဏ်ပြုတဲ့အနေနဲ့ရော၊ ကျန်းမာရေး သိပ်မကောင်းတဲ့အတွက်ရော ပညာဒါန လုပ်ဖြစ်ခဲ့တယ်။ အဲဒီကနေ ဆင်းရဲနွမ်းပါးတဲ့ကလေးတွေကို တတ်နိုင်သမျှ ဦးစားပေးပြီး သင်ကြားပေးခဲ့တာ ငါးကြိမ်မြောက် ရောက်ရှိပါပြီ။ ဆရာတွေအနေနဲ့ ဝါရင့်ဆရာတွေကို ထိုက်သင့်တဲ့ ဥာဏ်ပူဇော်ခတွေ ပေးပြီးတော့ သင်ပါတယ်။ ဆရာတွေကလည်း အချင်းချင်း တတ်အားသရွေ့ ကူညီပြီးတော့ သင်ကြားပေးပါတယ်။ သင်တန်းဆင်းတွေကလည်း အသီးသီး ထူးချွန်တဲ့နေရာလေးတွေကို ရောက်သွားကြလို့ ပီတိဖြစ်ရပါတယ်"ဟု Laurel Art Academy မှ ကျောင်းအုပ်ကြီး အကယ်ဒမီ စည်သူကြည်စိုးထွန်းက ပြောသည်။

သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ကြီးနှင့်အတူ ဒါရိုက်တာ သီတာလင်းနှင့် အကယ်ဒမီ ဆွေဇင်ထိုက်တို့ကလည်း မှာတာ စကားများ ပြောကြားခဲ့ပြီး ပညာဒါန သရုပ်ဆောင်သင်တန်း အပတ်စဉ်(၅)မှ သင်တန်းဆင်းသူ ၄၀ ကျော်က တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြပြီးနောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**ကိုလင်း**

## သရုပ်ဆောင် စမိုင်း ရေးသားသည့် Sharing is Caring စာအုပ် မိတ်ဆက်

ခန္ဓာကိုယ် အဝလွန်ခဲ့စဉ်က ကိုယ်တွေ့ကြုံခဲ့ရသည့် Body Shaming လုပ်ခြင်းခံခဲ့ရမှုများနှင့် ဝိတ်ချရန်ဆုံးဖြတ်ပြီးနောက်ပိုင်း ဝိတ်ချခဲ့ပုံများကို ပရိသတ်များသိရှိကာ အဝလွန်နေသူများအနေဖြင့် ကြိုးစား၍ ဝိတ်ချလိုစိတ် ဖြစ်လာစေရန်အတွက် သရုပ်ဆောင် စမိုင်းက 'Sharing is Caring' စာအုပ်ကို ထုတ်ဝေခဲ့သည်။ ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ရှေ့၌ ဖွင့်လှစ်သည့် စာအုပ်စျေးရောင်းပွဲတော်တွင် စမိုင်းက ပရိသတ်များနှင့် တွေ့ဆုံခဲ့ကာ စာအုပ်အတွက် အမှတ်တရ လက်မှတ်ရေးထိုးပွဲကိုလည်း ပြုလုပ်ခဲ့သည်။




"စမိုင်းရဲ့ Sharing is Caring စာအုပ်ထုတ်ဖြစ်တာက ကိုယ့်လို Body Shaming လုပ်ခံနေရသူတွေကို အခုလိုလေး ကြိုးစားစေချင်လို့ပါ။ စမိုင်းက ဝတာ ပေါင် ၂၂၀ တောင်ဖြစ်သွားခဲ့တယ်။ အခု ပေါင် ၁၃၀ ပဲ ရှိတော့တယ်၊ စပြီး ဝလာတော့ စမိုင်းက စိတ်ထဲမှာ ဘာမှမဖြစ်ဘူး၊ အဲဒီတုန်းက နိုင်ငံခြားမှာနေတာလေ၊ မြန်မာပြည်ရောက်တော့ စျေးဝယ်သွားတော့ တော်တော်ဝလာတယ်နော်၊ ဝိတ်ချဦးလို့ ပြောကြတယ်၊ နောက် ဘုရားသွားတော့ ဓာတ်လှေကားထဲမှာ ဟယ်-အရမ်းတွေ ဝနေတာ၊ ဝိတ်ချဦး၊ ယောက်ျားက ပစ်သွားမယ်၊ ဘာညာနဲ့ ပြောတာ၊ လူတွေကလည်း ဓာတ်လှေကားထဲမှာ ဝိုင်းကြည့်နေတာ၊ ရှက်ပြီး ဘုရားပေါ်မှာတင် ငိုခဲ့ရတယ်၊ ကိုယ်က တစ်လောကလုံးမှာ အဝဆုံးလား၊ ရုပ်အဆိုးဆုံးလား၊ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီလား၊ အပြင်မှာ အားလုံးက ပိန်ပြီး လှနေကြတာလားပေါ့၊ တစ်ယောက်နဲ့တစ်ယောက် အပြစ်ပြောနေမယ့်အစား ဖေးဖေးမမနဲ့ ကူညီလို့ရှိရင် လူ့ဘဝကြီးက ပျော်ရွှင်ကျေနပ်စရာပါ၊ အဲဒါအပြင် ကျန်းမာရေးအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ဆီးချိုတက်ချင်သလိုဖြစ်တာနဲ့ နှစ်ယောက်လုံး ဝိတ်ချဖြစ်ခဲ့တာပါ"ဟု စမိုင်းက ပြောသည်။


"စာအုပ်ထဲမှာ Cyber Bullying နဲ့ Body Shaming အလုပ်ခံရတာ မကောင်းဘူးဆိုတာ ရေးထားတယ်၊ တကယ်တော့ စမိုင်းက စာရေးတာကို ဝါသနာပါလို့မဟုတ်ပါဘူး၊ လုံးဝ မရေးတတ်ပါဘူး၊ စာစီစာကုံးတစ်ပုဒ်တောင် ကောင်းကောင်း မရေးတတ်ဘူး၊ အခု စာအုပ်ထဲမှာလည်း စကားပြောသလိုပဲ ရေးထားတာပါ၊ နိုင်ငံခြားမှာ နေတုန်းကတော့ ကိုယ့်ကို ယောက်ျားကပစ်သွားမှာလားဆိုတဲ့စိတ်မျိုး မဝင်ခဲ့ဘူး၊ မြန်မာပြည်ပြန်ရောက်မှ ငါ တကယ်ပဲ ဝနေတာကြောင့် ငါ့ယောက်ျားက ပစ်သွားမှာလား ဆိုတာမျိုးတွေ ဖြစ်ခဲ့တယ်၊ ကြောက်တဲ့စိတ်တွေ ဖြစ်ခဲ့ပေမယ့် စမိုင်းယောက်ျားက ဘယ်လိုနေနေ ချစ်တာမို့လို့လည်း ကျေနပ်ပါတယ်"ဟု စမိုင်းက ရယ်ရယ်မောမောနှင့် ဆိုသည်။

**ကိုလင်း**

## ရင်ခွင်ရှင်းတမ်း ဇာတ်လမ်းတွဲအတွက် အကောင်းဆုံး ကြိုးစားမည်ဟု ဟန်လေး ပြောကြား

Media 7 မှ ထုတ်လုပ်မည့် ရင်ခွင်ရှင်းတမ်း ရုပ်သံဇာတ်လမ်းတွဲလေးတွင် ဟိန်းဝေယံ၊ ညိမ်းသော်၊ သွန်းဆက်၊ အေးဝတ်ရည်သောင်းတို့နှင့်အတူ မျက်နှာသစ် မော်ဒယ်တစ်ဦးဖြစ်သည့် ဟန်လေးလည်း ပါဝင်သရုပ်ဆောင်ထားရာ ပထမဆုံး ရိုက်ကူးရမည့် ကာရိုက်တာအတွက် အကောင်းဆုံးကြိုးစားမည်ဖြစ်ကြောင်း ဟန်လေးက ပြောသည်။

"ဒီဇာတ်လမ်းတွဲက ဟန်လေး ပထမဆုံးရိုက်ကူးမယ့် ဇာတ်လမ်းတွဲပါ၊ Media 7 က ကိုသားညီတို့၊ ကိုရွှေမန်းတို့က ကမ်းလှမ်းခဲ့တာ၊ ဇာတ်ညွှန်းတွေဖတ်တော့ အဆင်ပြေလို့ လက်ခံရိုက်ကူးဖြစ်တာပါ။ ဒီဇာတ်ကားထဲက ကာရိုက်တာက ဆေးကျောင်းတက်နေတဲ့ မိန်းကလေးနေရာက သရုပ်ဆောင်ရမှာပါ။ မအေးသောင်းနဲ့ကျတော့ သူငယ်ချင်း အရင်းကြီးတွေပေါ့။ အဲဒီလို ကာရိုက်တာမျိုးပါ၊ ရိုက်ကူးရမှာတွေ အများစုက ရန်ကုန်မှာပဲ ရိုက်ရမှာများတယ်။ ကိုယ့်ရဲ့အနုပညာကို ပြခွင့်ရမှာဖြစ်တဲ့အတွက် ပျော်တယ်၊ ဇာတ်လမ်းတွဲနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေလည်း လုပ်ထားပါတယ်။ ကိုယ့်အတွက် ပထမဆုံးရိုက်ကူးရမယ့် ကာရိုက်တာဖြစ်လို့ အကောင်းဆုံး ကြိုးစားမှာပါ"ဟု ဟန်လေးက ပြောသည်။



"ဟန်လေးရိုက်ချင်တဲ့ ကာရိုက်တာကတော့ သွက်သွက်လက်လက်နဲ့ ထက်ထက်မြက်မြက်ရှိတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ရိုက်ချင်တယ်။ ဒါပေမယ့် ဟန်လေးတို့က အနုပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက် ကျရာဇာတ်ရုပ်မှာ အကောင်းဆုံး ကြိုးစားဖို့ပဲရှိပါတယ်"ဟု ရိုက်ကူးချင်သည့် ကာရိုက်တာနှင့်ပတ်သက်၍ ဟန်လေးက ဆက်ပြောသည်။

**ကိုလင်း**

## မြန်မာအသံအဆိုရှင် ဝေမိုး၏ အနာဂတ်အလင်းစီးရီးမိတ်ဆက်

အလှူခံပါဗျို့တေးသီချင်းတစ်ပုဒ်တည်းဖြင့် မြန်မာအသံပရိသတ်များ၏ လက်ခံအားပေးမှုများကို ရရှိနေသည့် အဆိုတော် ဝေမိုး၏ အနာဂတ်အလင်းဟု အမည်ပေးထားသော တေးစီးရီးသစ်ကို ထင်းရှူးရိပ်တေးထုတ်လုပ်ရေးက ဖေဖော်ဝါရီ ၁၈ ရက်က စတင်ဖြန့်ချိခဲ့သည်။

"အလှူခံပါဗျို့ တေးသီချင်းခွေ ထွက်ပြီးကတည်းက နောက်ထပ် ရသစုံပါတဲ့ သီချင်းခွေလေး ဖန်တီးမယ်ဆိုပြီး စဉ်းစားခဲ့တာပါ၊ အဲဒါကြောင့် ကျွန်တော်တို့ တစ်နှစ်ကျော် ပွဲတွေသီဆိုခဲ့လို့ရတဲ့ငွေနဲ့ ပရိသတ်တွေအတွက် ဘုရားသုံးဆူ မဲဖောက်ပေးတဲ့ အစီအစဉ်လေးလည်းလုပ်ပြီး သဟာဆွေ တေးဂီတအဖွဲ့နဲ့အတူ အနာဂတ်အလင်းဆိုတဲ့ စီးရီးလေးကို ဖန်တီးခဲ့တာပါ၊ ပါတဲ့သီချင်းတွေက မိသားစုချစ်ခြင်းမေတ္တာကို ဖွဲ့ဆို ထားတဲ့ ပုံစံလေးတွေ၊ ပြီးတော့ ရပ်ရွာအကျိုးပြုပုံစံလေးတွေ ဆိုထားတာပါ၊ ဒီစီးရီးထဲမှာ မျိုးဆက်သစ် အဆိုရှင်လေးတွေကို အဓိကထား ပွဲထုတ်ထားပါတယ်၊ ကျွန်တော် တစ်ယောက်တည်းဆိုထားတာ မဟုတ်ပါဘူး၊ မျိုးဆက်သစ်ကလေးတွေကို ပွဲထုတ်တဲ့အနေနဲ့ ကျွန်တော်ကထုတ်တဲ့ အခွေလေးဆိုလည်း မှန်ပါတယ်၊ ကျွန်တော့်အနေနဲ့ နောင်လည်း မျိုးဆက်သစ်တွေကို အခုလိုပဲ ပွဲထုတ်သွားမှာပါ"ဟု အဆိုတော် ဝေမိုးက ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၂ ပုဒ် ပါဝင်ပြီး တေးသီချင်းများကို ဂီတစာဆို စိန်မောင်မြင့်၊ ဖိုးခက်၊ ဝေမိုး၊ အောင်လံကျော်ဇင်နှင့် Neon တို့က ရေးသားထားကာ ဝေမိုးနှင့်အတူ ငြိမ်းငြိမ်းစံ၊ အောင်လံကျော်ဇင်၊ နေခနေ၊ ချောချောပို၊ ဇာခြည်လင်း၊ A မိ A နှင့် Neon တို့ ပါဝင်သီဆိုထားကြသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ရဲအရာရှိရဲ့ခြိမ်းခြောက်မှုကိုခံခဲ့ရတယ်လို့ ရက်ပ်အဆိုတော် 50 Cent တိုင်ကြား

ရက်ပ် အဆိုတော် 50 Cent ကို ပစ်သတ်လိုက်ဖို့ ရဲအရာရှိတစ်ယောက်က သူ့တပ်ဖွဲ့ဝင်တွေကို ပြောကြားခဲ့တယ်လို့ အဆိုတော် 50 Cent က တိုင်ကြားထားတဲ့အတွက် စုံစမ်းမှုတွေ ပြုလုပ်နေပြီလို့ သိရပါတယ်။ လွန်ခဲ့တဲ့နှစ် ဇွန်လတုန်းက လက်ထောက်စုံစမ်းစစ်ဆေးရေးမှူး အီမန်နျူရယ် ဂွန်ဇယ်လိစ်က အဆိုတော် 50 Cent တက်ရောက်တဲ့ လက်ဝှေ့ပွဲမှာ သူရဲ့တပ်ဖွဲ့ဝင်တွေကို 50 Cent ကို သတ်ပစ်ဖို့ ပြောကြားခဲ့တယ်လို့ စွပ်စွဲခဲ့ပါတယ်။

နယူးယောက် ရဲဌာနကတော့ ဒီလိုခြိမ်းခြောက်မှုပြုခဲ့တဲ့ ရက်စွဲအတိအကျကို ဖော်ပြထားခြင်း မရှိပါဘူး။တနင်္ဂနွေနေ့မှာတော့ 50 Cent က သူ့ခြိမ်းခြောက်မှုကို ကြားကြားခြင်း တုန်လှုပ်မိတဲ့အတွက် သူ့ရဲ့ရှေ့နေနဲ့ တိုင်ပင်ခဲ့တယ်လို့ ဆိုရှယ်မီဒီယာပေါ်မှာ ရေးသားခဲ့ပါတယ်။ အီမန်နျူရယ် ဂွန်ဇယ်လိစ်ဟာ အာဏာကိုအလွဲသုံးစားလုပ်တဲ့ ရဲအရာရှိလို့ တွစ်တာပေါ်မှာ 50 Cent က ရေးသားခဲ့ပါတယ်။ နယူးယောက်ရဲဌာနကတော့ သူတို့အနေနဲ့ ဒီကိစ္စကို ဌာနတွင်း စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

လက်ထောက်စုံစမ်းစစ်ဆေးရေးမှူးက အစပိုင်းမှာတော့ သူ့ရဲ့တပ်ဖွဲ့ဝင်တွေကို 50 Cent ကို ပစ်သတ်ဖို့ ပြောဆိုခဲ့ပြီး နောက်ပိုင်းမှာတော့ ဒါကို ဟာသလုပ်တာပါဆိုပြီး ပြောကြားခဲ့တယ်လို့ နယူးယောက်ဒေးလီးနယူးစ်မှာ ဖော်ပြထားပါတယ်။




### ဂျိုနာ့စ်ဘရားသားအဖွဲ့ပြန်လည်ဖွဲ့စည်းဖို့ စီစဉ်နေ

ညီအစ်ကိုသုံးယောက်နဲ့ ဖွဲ့စည်းထားတဲ့ဂျိုနာ့စ်ဘရားသားအဖွဲ့ဟာ တရားဝင် အဖွဲ့ကွဲသွားတာ ခြောက်နှစ်ခန့် ရှိပြီဖြစ်ပါတယ်။ အခုအခါမှာ အသစ်ပြန်လည်ဖွဲ့စည်းမယ်လို့ သတင်းအရင်းအမြစ်တစ်ခုက ယူအက်စ်ဝိခ်ကလီးကို ပြောပါတယ်။ ယခင်က ဂျိုနာ့စ်ဘရားသားလို့ အဖွဲ့အမည်ပေးခဲ့ပေမယ့် အခုအခါမှာတော့ ဘရားသားကိုဖြုတ်ပြီး ဂျိုနာ့စ်လို့ပဲ အမည်ပေးလိမ့်မယ်လို့ အဆိုပါ သတင်းအရင်းအမြစ်က ပြောပါတယ်။

ပြီးတော့ ဒီညီအစ်ကိုသုံးယောက်ဟာလည်း အဖွဲ့ပြန်လည်ဖွဲ့စည်းဖို့ လန်ဒန်မြို့မှာ တွေ့ခဲ့ကြပြီး ဆွေးနွေးတိုင်ပင်မှုတွေ လုပ်ခဲ့ရာမှာ သီချင်းအသစ်တွေ၊ မှတ်တမ်းရုပ်ရှင်တွေ ပြုလုပ်သွားဖို့ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ အဖွဲ့ကွဲသွားပြီး တစ်ဦးချင်းသီချင်းအယ်လ်ဘမ်တွေ လုပ်ခဲ့ပြီးတဲ့နောက် အခုအချိန်ဟာ အဖွဲ့ပြန်လည်ပေါင်းစည်းဖို့ အချိန်ကောင်းလို့ သူတို့နဲ့နီးစပ်တဲ့ အတွင်းလူတစ်ဦးက ပြောပါတယ်။

အဖွဲ့ပြန်လည်ပေါင်းစည်းဖို့ ကောလာဟလသတင်းတွေကတော့ လွန်ခဲ့တဲ့နှစ် ဇန်နဝါရီလကတည်းက သတင်းတွေ ထွက်ခဲ့တာပါ။ ဒါပေမယ့် နစ်ခ်ဂျိုနာ့စ်က ဒီသတင်းတွေကို ပယ်ချခဲ့ပါတယ်။ အဖွဲ့ပြန်လည်ပေါင်းစည်းဖို့ အခုအခါမှာ မဖြစ်နိုင်သေးဘူး။ တစ်ယောက်ချင်းအတွက် အကောင်းဆုံး လုပ်ဆောင်နေကြဆဲ အချိန်ပဲ ရှိသေးတယ်လို့ အဲဒီအချိန်တုန်းက ငြင်းဆိုခဲ့ပါတယ်။

ဂျိုနာ့စ်ဘရားသားအဖွဲ့ဟာ ၂၀၁၃ ခုနှစ်က အဖွဲ့ကွဲသွားတာဖြစ်ပြီး သူတို့ပြန်လည်ပေါင်းစည်းတော့မယ်ဆိုတဲ့ သတင်းဟာ ပရိသတ်တွေအတွက် အံ့အားသင့်စရာသတင်းတစ်ပုဒ် ဖြစ်ခဲ့ပါတယ်။ ဂျိုနာ့စ်ဘရားသားအဖွဲ့မှာ ကီဗင် ဂျိုနာ့စ်၊ ဂျိုဂျိုနာ့စ်၊ နစ်ခ်ဂျိုနာ့စ်တို့နဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး နစ်ခ်ဂျိုနာ့စ်ကတော့ မကြာသေးခင်ကမှ ဘောလိဝုဒ်စူပါမင်းသမီး ပရီယန်ကာချိုပရာနဲ့ လက်ထပ်ထားတာပဲ ဖြစ်ပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**




---

ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၆၁)

## စီရင်ချက်ချမှတ်ပြီးသည့်အခါ

ဦးဟန်ညွန့် (ဥပဒေ)



**တစ်နေ့သ၌**

တစ်နေ့သ၌... ကျွန်တော့်ရုံးခန်းသို့ ရောက်ရှိလာသော လူငယ်ရှေ့နေတစ်ဦးက "ဆရာရယ် ... တရား သူကြီး ချမှတ်တဲ့ပြစ်ဒဏ်က နည်းလွန်းလှပါတယ်။ တရားလိုဘက်က မကျေနပ်ပါဘူး။ ဘာဆက်လုပ်ရပါ့မလဲ..." ဟု ညည်းညည်းညူညူ မေးမြန်းလာပါသည်။ ထိုအခါ ကျွန်တော်က ဉာဏ်မီသမျှ အောက်ပါအတိုင်း ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ စီရင်ချက်ချမှတ်ပြီးသည့် အခါ လုပ်ဆောင်သင့်သည့်တာဝန်များဟု ပြောနိုင်ပါသည်။

**ဥပဒေအရာရှိ (သို့မဟုတ်) ရှေ့နေ**

စီရင်ချက်ချပြီးသည့်အခါ အမှုလိုက် ဥပဒေအရာရှိက ဆောင်ရွက်ရမည့်တာဝန်၊ သက်ဆိုင်ရာရှေ့နေ ရှေ့ရပ်၏တာဝန်၊ အမှုသည်၏တာဝန် စသည်ဖြင့် အမျိုးမျိုးရှိနိုင်ပါသည်။ တစ်နည်းဆိုရသော် တရားလိုဘက်၏ တာဝန်ဟု ပြောနိုင်ပါသည်။

**တရားသူကြီး၏စီရင်ချက်**

တရားသူကြီးက ချမှတ်သော စီရင်ချက်အမိန့်ကို သိရှိ၊ ဖတ်ရှုပြီးပါပြီလား။ အမိန့်မိတ္တူ (တရားဝင်) ကူးယူပြီးပြီလား။ ဆက်စပ် စာရွက်စာတမ်း (မိတ္တူများ) ပါ ကူးယူဖို့လိုအပ်ပါသလား။ လိုအပ်ချက်များကို ပထမဦးစွာဆောင်ရွက်ပါ။

(၁) ပြစ်မှုနှင့်ပြစ်ဒဏ် ဆီလျော်ညီညွတ်ခြင်းရှိ၊ မရှိ

(၂) ချမှတ်သော ပြစ်ဒဏ်သည် ဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စိစစ်ဆောင်ရွက်ရပါမည်။

**(က) ထောင်ဒဏ်မပါမနေရ**

ထောင်ဒဏ်မပါမနေရဟု ဥပဒေက ပြဋ္ဌာန်းထားပါသလား။ ထိုသို့ပြဋ္ဌာန်းထားပါလျက် ထောင်ဒဏ် မချဘူးလား။ ဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်နေပါသလား။

**(ခ) အနည်းဆုံးထောင်ဒဏ်မည်မျှ ချမှတ်ရမည်ဟု ပြဋ္ဌာန်းချက်ရှိပါသလား**

အနည်းဆုံး ထောင်ဒဏ်ချမှတ်ထားသော ဥပဒေပြဋ္ဌာန်းချက်ရှိပါလျှင် ပြဋ္ဌာန်းချက်နှင့်အညီ ပြစ်မှုကျူးလွန်သူအား အနည်းဆုံး ထောင်ဒဏ်ချမှတ်ရမည်ဖြစ်ပါသည်။ ဥပဒေနှင့် ကိုက်ညီရပါမည်။

**(ဂ) ထောင်ဒဏ်တစ်လ (သို့မဟုတ်) ငွေဒဏ် ကျပ်ငါးဆယ်**

ဥပဒေပြဋ္ဌာန်းချက်တွင် ထောင်ဒဏ်တစ်လ (သို့မဟုတ်) ငွေဒဏ်ကျပ်ငါးဆယ်အထိ (သို့မဟုတ်) ပြစ်ဒဏ်နှစ်ရပ်စလုံးဟု ပြဋ္ဌာန်းထားပါသလား။ ထိုပြဋ္ဌာန်းချက်နှင့်အညီ စီရင်ပါသလား။ ဥပဒေနှင့် ညီညွတ်ပါသလား။

**(ဃ) ငွေဒဏ်မဆောင်နိုင်၍ ချသောထောင်ဒဏ်**

ငွေဒဏ်မဆောင်နိုင်လျှင် ဤထောင်ဒဏ် ကျခံစေရမည်ဟု ဥပဒေက သတ်မှတ်ထားသည်။ သတ်မှတ်ချက်ဘောင်ဝင်သော အမှုများတွင် ဘောင်ဝင်သည့်အတိုင်း တရားသူကြီးက စဉ်းစားဆုံးဖြတ်ရပေသည်။

**(င) ဆိုဆုံးမလွှတ်ခြင်း၊ ခံဝန်ဖြင့် လွှတ်ခြင်းတို့သည် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ပါလား။**

**(စ) အခါအားလျော်စွာ ထုတ်ပြန်သည့် လွတ်ငြိမ်းချမ်းသာခွင့်**နှင့် အကျုံးဝင်နေပါသလား။ ထိုသို့ အကျုံးဝင်လျှင် အကျုံးဝင်သည့် အတိုင်း သက်သာခွင့် ရရှိပါသလား။ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်များကို မမေ့ပါနှင့်။ စဉ်ဆက်မပြတ် လေ့လာပါ။ မှတ်သားပါ။ အသုံးချပါ။ ဥပဒေပညာရှင် ပီသပါစေ။

**ပြင်ဆင်မှု၊ အယူခံမှု**

တရားဥပဒေအခွင့်အရေးကို မှန်ကန်စွာ အသုံးချပါ။ ကျမ်းမျိုးစုံအောင် လေ့လာပါ။ ဆည်းပူးပါ။ ပြင်ဆင်မှုလား။ အယူခံလား။ ရာဇဝတ်လား။ တရားမလား။ ကွဲကွဲပြားပြား သိပါစေ။ လက်တွေ့ဘဝနှင့် မကင်းကွာပါစေနှင့်။ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုး၊ ဝါဒအမျိုးမျိုး၏ ပြောင်းလဲပုံများကို ခေတ်နှင့်အမီ သိစေ၊ တတ်စေ၊ နားလည်စေဖို့ အရေးကြီးသည်။

**တရားခွင်မှာအဖြေရှာ**

တရားခွင်မှာ အဖြေရှာသည့်အချိန်တွင် ဥပဒေပညာရှင် ပီသကြောင်း ပြသနိုင်ပါစေ။ ဥပဒေပညာ မည်မျှကြွယ်ဝ၊ လေ့လာထားကြောင်း ဂုဏ်ဆောင်နိုင်ပါစေ။ တရားသူကြီးက ရှေ့နေအားလေးစားလာအောင်၊ ဂရုမူလာအောင် ကြံဆောင်နိုင်ပါစေ။ မေတ္တာရပ်ခံတင်ပြခြင်း ဖြစ်ပါသည်။




**နိုင်ငံရေးစကား**

တရားခွင်မှာ အသံကျယ်ကျယ်ဖြင့် ဥပဒေစကား မပြောဘဲ နိုင်ငံရေးစကားပြောသော (နိုင်ငံရေးတရားဟောသော) ရှေ့နေကြီး အချို့အား ကိုယ်တိုင်တွေ့ဖူးပါ၏။ အတွေးအခေါ် ဘေးချော်နေသလို ခံစားရပါ၏။ ဥပဒေပုဒ်မ၊ အကိုးအကား တစ်လုံးမျှမပါ။ ထိရောက်မှု မရှိ။ တရားသူကြီးက ဘယ်အချက်ကို ကိုးကား၊ သုံးသပ်၍ စီရင်ချက်ချရမည်မသိ။

ထိုရှေ့နေကြီး အပြောကောင်းလွန်း၍ အမိန့်ချသည့်နေ့တွင် မျှော်လင့်ချက်ဖြင့် (အမှုနိုင်မည်အထင်နှင့်) သွား၍ နားထောင်ရာ ရှုံးပါ၏။ တရားသူကြီးကလည်း ထိုရှေ့နေကြီး၏ နိုင်ငံရေး အဘိဓမ္မာစကားလုံးများကို (အမှုနှင့်မဆိုင်၍) လုံးဝ မကိုးကား။ မရည်ညွှန်းပါ။ သင်ခန်းစာ။

**မြင်သာသောအချက်** (Prima Facie)

မြင်သာသောအချက် (Prima Facie) ရှိလျှင် အချိန်မရွေး တရားရုံးက တရားခံအပေါ်စွဲချက်တင်နိုင်ပါသည်။ စွဲချက်နှင့် ပတ်သက်သောဥပဒေပြဋ္ဌာန်းချက်များလည်းရှိပြီး ဖြစ်ပါသည်။

အကြောင်းခြင်းရာ အရရော၊ ဥပဒေအချက်အလက်အရပါစွပ်စွဲသော ပြစ်မှုကိုကျူးလွန်ကြောင်း (သို့မဟုတ်) ကျူးလွန်သည်ဟု မှတ်ယူနိုင်လောက်အောင် အခြေအမြစ်ရှိသည်။ ထင်ရှားပေါ်လွင်သည်။ ထိုသို့ ယုံကြည်လျှင် စွဲချက်တင်သင့်ပါပြီ။ စွဲချက်တင်ဖို့လည်း ဥပဒေအရာရှိက (တရားလိုအကျိုးဆောင်က) တရားရုံးရှေ့မှာ လျှောက်လဲချက်တင်ဆက်နိုင်ပါပြီ။

**စွဲချက်အမိန့်အဆင့်**

စွဲချက်တင်သည့်အမိန့် (အဆင့်)သည် အလွန်အရေးကြီးသည်။ ဘာကြောင့်လဲ။

စွဲချက်ခိုင်မာလျှင် အပြီးသတ် အမိန့်ချသည့် အဆင့်အထိ (စီရင်ချက်ချသည့်အချိန်တွင်) တရားခံအားထိရောက်သောပြစ်ဒဏ် ချမှတ်နိုင်ပေမည်။

စွဲချက်မခိုင်မာလျှင် အပြီးသတ်စီရင်ချက်ချမည့် အချိန်တွင် အပြစ်ပေးရန်အခက်အခဲဖြစ်နိုင်ပေသည်။ မူလကပင် အုတ်မြစ်ခိုင်မာသည့် သဘောဖြစ်ပါသည်။ ဥပဒေနှင့်အညီ ခိုင်မာသည့်သဘောဖြစ်ပါသည်။

**တရားခံ၏ ခုခံရေးလမ်းကြောင်း**

အပိုင်း (၂) ပိုင်းရှိသည် ဆိုပါစို့။

(၁) တရားလိုဘက်အပိုင်း

(၂) တရားခံဘက်အပိုင်း

တရားလိုဘက်က အမှုကို ခိုင်ခိုင်မာမာ တည်ဆောက်မှ တာဝန်ကျေသလို တရားခံဘက်ကလည်း လွတ်ရာလွတ်ကြောင်း၊ သက်သာရာသက်သာကြောင်း ဥပဒေဘောင်ထဲမှ တင်ပြ ဆောင်ရွက်ကြပါသည်။ တရားမျှတမှု၏ အနှစ်သာရ ရယူခံစားခွင့်ရှိပါသည်။

**ငြိစွန်းသော အင်္ဂါရပ်များ**

ငြိစွန်းသောပုဒ်မ ဘာလဲ။ ဥပဒေပြဋ္ဌာန်းချက် ဘာလဲ။ အင်္ဂါရပ်ဘာလဲ။ ချမှတ်ထားသော ဥပဒေဘောင်ဘာလဲ။ ဘယ်အပိုဒ်၊ ဘယ်စကားရပ်၊ ဘယ်စကားလုံးနှင့်ငြိစွန်းသလဲ။ ထို့ကြောင့် ဘယ်ဥပဒေ၊ ဘယ်ပုဒ်မ၊ ဘယ်အပိုဒ်ခွဲနှင့် စွဲချက်တင်ခဲ့သည်ဟု တိတိကျကျပြောပါ။ ရေးပါ။ တိကျပါ။ စွဲချက်တင်ပါ။

မငြိစွန်းပါ။ ဤဥပဒေမဟုတ်။ ဤပုဒ်မနှင့် မသက်ဆိုင်။ ဤပုဒ်မခွဲနှင့် မညီ။ ဤအပိုဒ်၊ ဤစကားရပ်၊ ဤစကားလုံးနှင့် လုံးဝမငြိ။ ထို့ကြောင့် စွဲချက်မတင်သင့်။ တရားရှင်လွှတ်သင့်ကြောင်း ပြောပါ။ ရေးပါ။ စွဲချက်မတင်ပါနှင့်။ ရှင်းလင်းလွန်းလှပေသည်။

ဥပဒေပညာရှင်များ၏ ဥပဒေစကားသံ၊ ဥပဒေလျှောက်လဲချက် အသံများမှာ သိက္ခာရှိလှသည်။ လေးစားဖွယ်ဖြစ်သည်။ ဂုဏ်ဒြပ်မြင့်သည်။ တည်ငြိမ်သည်။

**စီရင်ချက်**

ထိုအခါ တရားသူကြီး၏ စီရင်ချက်သည်လည်း လေးစားဖွယ်။ ကြည်ညိုဖွယ်။ အားကိုးဖွယ်။ အားရဖွယ်။ ကျေနပ်ဖွယ်။ ပြစ်မှုနှင့် ပြစ်ဒဏ်ညီမျှသည်။ ပြင်ဆင်မှုတင်ရန်မလို။ အယူခံဝင်ရန်မရှိ။ ဦးညွှတ်ဖွယ်အတိ။ ဤသို့တွေးမိ၏။

**စေတနာ**

လူအမျိုးမျိုး၊ ရှေ့နေမျိုးမျိုး၊ အမှုအမျိုးမျိုး၊ အမှုသည်အမျိုးမျိုး၊ သက်သေအမျိုးမျိုး၊ စီရင်ချက်အမျိုးမျိုးများအပေါ် တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

**"တရားဥပဒေအခွင့်အရေးကို မှန်ကန်စွာ အသုံးချပါ။ ကျမ်းမျိုးစုံအောင် လေ့လာပါ။ ဆည်းပူးပါ။ ပြင်ဆင်မှုလား။ အယူခံလား။ ရာဇဝတ်လား။ တရားမလား။ ကွဲကွဲပြားပြား သိပါစေ။ လက်တွေ့ဘဝနှင့် မကင်းကွာပါစေနှင့်။ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုး၊ ဝါဒအမျိုးမျိုး၏ ပြောင်းလဲပုံများကို ခေတ်နှင့်အမီ သိစေ၊ တတ်စေ၊ နားလည်စေဖို့ အရေးကြီး"**

# မြန်မာနိုင်ငံ၏ဗဟိုချက် ပြက္ခရွေ

**မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ ဣန္ဒြေဦး(YU Eco)**



ပြက္ခရွေတောင် စွယ်တော်မြတ်စေတီတော်

မကြာသေးသော နှစ်များမှစ၍ မြန်မာနိုင်ငံ ခရီးသွားများအကြား လူသိများ ထင်ရှားလာသော ပြက္ခရွေတောင်သည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မြသုခကျေးရွာအနီးတွင် တည်ရှိကာ အင်္ဂလိပ်တို့က ပြက္ခရွေတောင်ထိပ်ကို မြန်မာနိုင်ငံ၏ ဗဟိုချက်နေရာအဖြစ် အသိအမှတ်ပြုခဲ့သည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်ချုပ်ခဲ့စဉ် မြေတိုင်းဌာနသည် အမြင့် ၃၇၃၃ ပေရှိသည့် ပြက္ခရွေတောင်ထိပ်၌ 'မြန်မာနိုင်ငံ၏ ဗဟိုချက်မနေရာ'ဟု အမှတ်အသားပြုထားသည့် ကြေးပြားကို စိုက်ထူခဲ့ပြီး ယခုအခါ ယင်းကြေးပြားသည် ပျောက်ဆုံးနေခဲ့ပြီဖြစ်သော်လည်း 'မြန်မာနိုင်ငံ၏ ဗဟိုချက်မ' ကျောက်စာတိုင်မှာမူ တောင်ထိပ်ရှိ စွယ်တော်ရှင်စေတီ၏ အနောက်တောင်ဘက်တွင် ယနေ့တိုင် တည်ရှိနေပေသည်။

မြန်မာနိုင်ငံ၏ တည်နေရာမြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၃၂ မိနစ်မှ ၂၈ ဒီဂရီ ၃၁ မိနစ်အထိနှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ်မှ ၁၀၁ ဒီဂရီ ၁၁ မိနစ်အထိဖြစ်ပြီး မြန်မာစံတော်ချိန်မျဉ်းကို အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်ဟု သတ်မှတ်ထားသဖြင့် မြန်မာစံတော်ချိန်သည် ဂရင်းနစ်စံတော်ချိန်ထက် ၆ နာရီ မိနစ် ၃၀ စောသည်။ မြန်မာနိုင်ငံမြေပုံ၏ အလယ်တည့်တည့်နေရာဖြစ်သည့် ပြက္ခရွေတောင်သည် မြေပုံအညွှန်းအရ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၄ မိနစ်တွင် တည်ရှိသည်။

**သမိုင်းဝင် မြစ်သား**

မြစ်သားမြို့သည် ပုဂံဘုရင် အနော်ရထာမင်းကြီး ထူထောင်ခဲ့သည့် လယ်တွင်း ၁၁ ခရိုင်တွင် 'မ္လစ်သာခရိုန်'ဟူသည့် အမည်ဖြင့် ပါဝင်ခဲ့သည့် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်။ ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက် (ခရစ်နှစ် ၁၇၈၂-၁၈၁၉)တွင် ဇော်ဂျီခရိုင်ရှိ မြောင်လှ၊ မြင်းခုန်တိုင်၊ ပနန်း၊ မြင်စိုး၊ မက္ခရာနှင့် ပန်းလောင်ခရိုင်ရှိ စောလှ၊ ပင်လယ်၊ မြစ်သား၊ ပြည်မနားတို့ကို ပေါင်း၍ လယ်တွင်းကိုးခရိုင်ဟု ဖွဲ့စည်းခဲ့သဖြင့် မြစ်သားသည် ပန်းလောင်လေးခရိုင်မှ လယ်တွင်းကိုးခရိုင်အတွင်းသို့ ရောက်ရှိခဲ့သည်။

နိုင်ငံတော်၏ စပါးကျီဖြစ်ခဲ့သော ကျောက်ဆည်လွင်ပြင်သည် ပုဂံခေတ်တွင် လယ်တွင်း ၁၁ ခရိုင်ဟု ထင်ရှားခဲ့ပြီး စမုံ၊ စမာ၊ ဇော်ဂျီ၊ ပန်းလောင်နှင့် ဒုဋ္ဌဝတီမြစ်တို့ ဖြတ်သန်းစီးဆင်းနေသည့် နေရာဖြစ်သည်။ လယ်တွင်း ၁၁ ခရိုင်သည် ကျောက်ဆည်မြို့နယ်အတွင်းရှိ ပနန်၊ တမုတ်၊ မြင်းခုံတိုင်၊ ရွာမုန်းနှင့် သင်တောင်း၊ မြစ်သားမြို့နယ်အတွင်းရှိ ပင်လယ်၊ ပြည်မနားနှင့် မြစ်သာ၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ တပြက်သာ၊ မက္ခရာနှင့် ခံလူးဟူသည့် ခံမြို့ ၁၁ မြို့ကို စုစည်းခေါ်ဆိုခဲ့သည့် အမည်ဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများတွင် မြစ်သား(မ္လစ်သာ)ဟူသည့် အမည်ကို အနော်ရထာဘုရင်က သမုတ်ခဲ့ကြောင်း ဖော်ပြထားသည်။ အနော်ရထာမင်းသည် ပန်းလောင်မြစ်နှင့် ဇော်ဂျီမြစ်ကို အခြေတည်၍ ကင်းတာဆည်၊ ငလိုင်သေဉ်ဆည်၊ ပြောင်ပြာဆည်၊ ကျီမည်းဆည်၊ နွားတက်ဆည်၊ သင်းတွဲဆည်နှင့် မင်းရဲဆည်တို့ကို တည်ဆောက်ကာ လယ်မြေရှစ်သိန်း ထူထောင်ခဲ့သည်။ ယင်းဆည်များအနက် ကျီမည်းဆည်ကို ပန်းလောင်မြစ်ပေါ်၌ နောက်ဆုံးတည်ဆောက်ခဲ့ရာ အနော်ရထာမင်းကြီးသည် ဆည်တည်ဆောက်မည့်နေရာကို လက်ဆန့်တန်းညွှန်ပြ၍ မြစ်ကို မျဉ်းသားပြသည်ကို အစွဲပြု၍ မြစ်သားဟု မှည့်ခေါ်ခဲ့ကြောင်း မှတ်တမ်းပြုထားသည်။

တော်လှန်ရေးကောင်စီအစိုးရ လက်ထက်တွင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသည် လက်ရှိ မြစ်သားမြို့ကို ၁၉၇၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်က လည်းကောင်း၊ မြို့နယ်အတွင်းပါရှိသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများကို ၁၉၇၃ ခုနှစ် ဇွန် ၁၆ ရက်ကလည်းကောင်း သတ်မှတ်ဖွဲ့စည်းခဲ့ပြီး မြစ်သားမြို့နယ်အတွင်း ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၈၂ ခုနှင့် ကျေးရွာ ၂၃၃ ရွာ တည်ရှိသည်။

မြစ်သားမြို့သည် ကျောက်ဆည်မြို့မှ တောင်ဘက်သို့ ၁၆ မိုင်နှင့် မန္တလေးမြို့မှ တောင်ဘက်သို့ ၄၈ မိုင်အကွာတွင် တည်ရှိနေကာ အရှေ့မှအနောက်သို့ မိုင် ၂၀၊ တောင်မှမြောက်သို့ ၁၇ ဒသမ ၅ မိုင် ရှည်လျားသည်။ ဧရိယာ ၃၄၂ ဒသမ ၆၃ စတုရန်းမိုင် ကျယ်ဝန်းသည့် မြစ်သားမြို့နယ်သည် အရှေ့ဘက်တွင် ရှာငံမြို့နယ်၊ အနောက်ဘက်တွင် နွားထိုးကြီးမြို့နယ်၊ အနောက်တောင်ဘက်တွင် ဝမ်းတွင်းမြို့နယ်၊ မြောက်ဘက်တွင် ကျောက်ဆည်မြို့နယ်နှင့် အနောက်မြောက်ဘက်တွင် တံတားဦးမြို့နယ်တို့နှင့် ထိစပ်နေသည်။

မြစ်သားမြို့နယ်အတွင်း၌ ပန်းလောင်မြစ်သည် အရှေ့မှအနောက်သို့၊ စမုံမြစ်သည် တောင်မှမြောက်သို့ စီးဆင်းနေကာ ကုန်းမြင့်တောင်တန်းများအဖြစ် ပြက္ခရွေ၊ ပလ္လင်ဂူ၊ ရွှေမင်းဝံနှင့် မုန်တောင်များ တည်ရှိသည်။ မြို့နယ်ဧရိယာအတွင်း ကြိုးဝိုင်းသစ်တောနှစ်ခု ရှိသည့်အနက် ပြက္ခရွေကြိုးဝိုင်းသစ်တောသည် ၁၃၇၀၀ ဒသမ ၅၂ ဧက ကျယ်ဝန်း၍ မောင်းကွေးကြိုးဝိုင်းသစ်တောမှာ ၈၃၂၀ ဧကသာ ကျယ်ဝန်းသည်။

မြစ်သားမြို့နယ်အတွင်းရှိ ကူမဲမြို့မှ အရှေ့တောင်ဘက် ငါးမိုင်အကွာတွင် တည်ရှိသည့် ပျူမြို့ဟောင်း မိုင်းမော(ပင်လယ်)၏ မြို့ရိုးအကြွင်းအကျန်များနှင့် မြို့ဟောင်းတူးဖော်မှုကုန်း ၂၀ သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်းအဆောက်အအုံများ ဖြစ်ကြသည်။ မြစ်သားမြို့ပေါ်ရှိ ရွှေမုဋ္ဌောစေတီတော် အပါအဝင် မြစ်သားမြို့နယ်အတွင်းမှ ထင်ရှားသော ဘုရားစေတီ ၁၀ ဆူအနက် ပြက္ခရွေတောင်ပေါ်ရှိ စွယ်တော်စေတီသည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။

**ပြက္ခရွေ**

ပြက္ခရွေသည် ပြတ်တောင်နှင့် ခရွေတောင်နှစ်လုံးကို ပေါင်းစပ်ခေါ်ဝေါ်ထားသည့် အမည်ဖြစ်ကာ တောင်တော်ကြီးဟုလည်း ထင်ရှားသည်။ ဒေသတွင်းနေသူများက ပြက္ခရွေကို အရှေ့တောင်ကြီးနှင့် အနောက်တောင်ကြီးဟုလည်းကောင်း၊ ပြက္ခရွေ အရှေ့တောင်၊ ပြက္ခရွေအနောက်တောင်ဟုလည်းကောင်း ခေါ်ဆိုကြသည်။ အရှေ့ဘက်တောင်(ခရွေ)သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၅၉ ပေမြင့်ကာ အနောက်ဘက်တောင်(ပြတ်တောင်)သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၇၃၃ ပေ မြင့်သည်။

ပြက္ခရွေတောင်သို့ရောက်ရှိရန် ရန်ကုန်-မန္တလေး အမြန်လမ်းဟောင်းပေါ်ရှိ ကူမဲမြို့မှ လက်ယာဘက်သို့ချိုးဝင်၍ ကင်းတားဆည်သို့သွားသည့်လမ်းအတိုင်း ကိုးမိုင်ခန့် သွားကြရသည်။ ကူမဲမြို့၏ အရှေ့တောင်ဘက်ယွန်းယွန်းရှိ ခဝဲဖြူချောင်းတံတားနှင့် သဲဖြူတံတားတို့ကို ကျော်ဖြတ်၍ လက်ယာဘက်သို့ချိုးကာ ကင်းတားလက်ဝဲတူးမြောင်းမကြီးအတိုင်း သွားလျှင် ကော်ဖီခြံတံတားထိပ်သို့ ရောက်ရှိမည်ဖြစ်ပြီး ယင်းနေရာမှ လက်ဝဲဘက်သို့ချိုးဝင်သွားလျှင် ပြက္ခရွေတောင်ခြေသို့ ရောက်ရှိသည်။ တောင်ခြေတွင် ကားရပ်နားစခန်းရှိသည်။

ပြက္ခရွေကျေးရွာအနီးရှိ တောင်ခြေစောင်းတန်းထိပ်တွင် မော်တော်ကားများ၊ ဆိုင်ကယ်များ ထားခဲ့၍ စောင်းတန်းတစ်လျှောက် မြေသားလမ်းအတိုင်းတက်ကာ လမ်းရှိ မောနားဘုန်းကြီးကျောင်းမှတစ်ဆင့် တောလမ်းအတိုင်း တောင်ထိပ်သို့ တက်ရောက်ကြရသည်။ ဆိုင်ကယ်ဖြင့်တက်သူများသည် တောင်တက်ခရီး မိုင်ဝက်အထိ စီးနင်းသွားနိုင်ကြပြီး ကျန်ခရီးကို ခြေကျင် ဆက်တက်ကြရသည်။ ပြက္ခရွေ တောင်ခြေမှ တောင်ထိပ်အထိ သုံးနာရီကျော် ခြေကျင်တက်ကြရသည်။

**ပြက္ခရွေ၏ ထင်ရှားသောနေရာများ**

ပြက္ခရွေတောင်ထိပ်တွင် မြန်မာနိုင်ငံ၏ ဗဟိုချက်နေရာဟု သတ်မှတ်ထားသည့် အဝိုင်းပုံ အုတ်ပန္နက်ကို မြင်နိုင်ကြသည်။ ထို့အတူ အနော်ရထာမင်း တည်ခဲ့သည့် ပဌမမြောက်စွယ်တော်စေတီဟု ယူဆကြသည့် စေတီတော်ကိုလည်း ဖူးတွေ့ကြရပေသည်။ ပုဂံရှိ စွယ်တော်လေးဆူ စေတီတော်များသည် ယခင်ကပင် ပြည်တွင်း ပြည်ပ ခရီးသွားများအကြား ထင်ရှားလူသိများခဲ့ပြီး ပြက္ခရွေစွယ်တော်စေတီသည်လည်း ယခင်ကထက် ပိုမိုထင်ရှားလာလျက်ရှိသည်။

ပြက္ခရွေတောင်သို့ တက်ရောက်ကြသူများသည် တောင်ခြေမှ မိုင်ဝက်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၅၈ ပေတွင်ရှိသည့် မောနားကျောင်းအထိ ဆိုင်ကယ်ဖြင့် တက်ရောက်နိုင်သည်။ ပုဂံဘုရင် အနော်ရထာမင်းကြီး အဓိဋ္ဌာန်ပြု၍ စေလွှတ်ခဲ့သည့်ဆင်သည် ဘုရားရှင်၏စွယ်တော်ကို ပင့်ဆောင်၍ ပြက္ခရွေတောင်ပေါ်သို့ တက်ခဲ့စဉ် မောပန်းသဖြင့် နားခဲ့သောနေရာသည် မောနားကျောင်းနေရာဟု ယူဆကြသည်။ မောနားကျောင်းသည် ပြက္ခရွေ အရှေ့တောင်နှင့် အနောက်တောင် အကြား လွင်ပြင်နေရာတွင် တည်ရှိပြီး တောင်ပေါ်သို့တက်ကြသည့် ခရီးသွားများသည် မောနားကျောင်းတွင် ခေတ္တနားပြီးမှ တောင်ပေါ်သို့ ဆက်တက်လေ့ရှိကြသည်။

တောင်တက်လမ်းတွင် ဖောင်းတော်ကျစေတီကို ဖူးတွေ့ကြရသည်။ ပြက္ခရွေ တောင်ပေါ်သို့ ဘုရားရှင်၏စွယ်တော်ပွားကို ပင့်သွားသည့် အဓိဋ္ဌာန်ဆင်တော် တက်သွားပုံကို ကြည့်နေခဲ့သည့် အနော်ရထာမင်းကြီးသည် ထိုနေရာတွင် ဖောင်းတော် ပြုတ်ကျခဲ့ရာမှ ဖောင်းတော်ကျဟု အမည်တွင်ခဲ့ကြောင်း အစဉ်အဆက် ယုံကြည်ခဲ့ကြသည်။ ယင်းနေရာတွင် စေတီတော်တစ်ဆူကို တည်ထားခဲ့ရာ ဖောင်းတော်ကျ စေတီဟု ဘွဲ့မည်တွင်ခဲ့သည်။

မောနားကျောင်းအနီးတွင် မြင်တွေ့ကြရသည့် နှစ်ထပ် အုတ်တိုက်နှစ်လုံးမှာမူ ဗြိတိသျှအစိုးရလက်ထက်က မြေတိုင်းအဖွဲ့များနေခဲ့သည့် အဆောက်အအုံများဟု ယူဆရကြောင်း မောနားကျောင်းဆရာတော်က ရှင်းပြခဲ့သည်။



ပြက္ခရွေတောင်ထိပ်ရှိ မြန်မာနိုင်ငံ၏ဗဟိုချက်မ ကျောက်စာတိုင်

**စွယ်တော်လေးဆူ**

အနော်ရထာမင်းကြီး တည်ထားခဲ့သည့် စွယ်တော်လေးဆူ စေတီတော်များမှာ ရွှေစည်းခုံစေတီ၊ လောကနန္ဒာစေတီ၊ တန့်ကြည့်တောင်စေတီနှင့် တုရင်တောင် စေတီတို့ ဖြစ်ကြကာ မြန်မာဗုဒ္ဓဘာသာဝင်များသည် စွယ်တော်မြတ်လေးဆူကို တစ်နေ့တာအတွင်းဖူးမြော်၍ လှူဖွယ်ပစ္စည်းများကို အညီအမျှကပ်လှူကာ တူညီသောဆုကိုတောင်းပါက တောင်းဆုပြည့်ဝသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာဝင် ဘုရားဖူးများသည် ပုဂံရှိ စွယ်တော်လေးဆူသို့ နေ့စဉ်နီးပါး သွားရောက်ဖူးမြော်လျက်ရှိကြသည်။

ရာဇဝင်မှတ်တမ်းပြုစုခဲ့သူများက စွယ်တော်လေးဆူတွင် ဘုရားရှင်၏ စွယ်တော် ပွားတစ်ဆူစီကို ဌာပနာခဲ့ကြောင်း ရေးသားခဲ့ကြသည်။ စွယ်တော်လေးဆူအနက် မြေပြန့်စေတီနှစ်ဆူဖြစ်သည့် ရွှေစည်းခုံနှင့် လောကနန္ဒာတို့သည် ညောင်ဦးနှင့် ပုဂံတွင် တည်ရှိပြီး တောင်ပေါ်စေတီနှစ်ဆူသည် ညောင်ဦးနှင့် ကျောက်ပန်းတောင်း အကြားရှိ တုရင်တောင်နှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ တန့်ကြည့်တောင် ပေါ်တွင် တစ်ဆူစီ တည်ရှိနေကြသည်။

အနော်ရထာမင်းသည် သီဟိုဠ်ကျွန်းမှ ပထမ ဝိဇယဗာဟုမင်း အလှူခံခဲ့သည့် ပိဋကတ်သုံးပုံ၊ ရဟန်းသံဃာတော်များနှင့် ဆင်ဖြူတော်တစ်စီးကို ပေးအပ်ခဲ့သဖြင့် သီဟိုဠ်ဘုရင်က ကျေးဇူးတုံ့ပြန်သောအားဖြင့် ဗုဒ္ဓစွယ်တော်အစစ်မှ ပွားထားသည့် စွယ်တော်ပွားတစ်ဆူကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့သည်။

အနော်ရထာမင်းကြီးသည် ယင်းစွယ်တော်ပွားကို ရွှေစည်းခုံစေတီတွင် ဌာပနာခဲ့ပြီး စွယ်တော်တစ်ဆူ ထပ်မံပွား၍ ဆင်ဖြူတော်ပေါ်တင်ကာ အဓိဋ္ဌာန်ဖြင့် စေလွှတ်ခဲ့ရာ ဆင်ဖြူတော်က တန့်ကြည့်တောင်ပေါ်တွင် ဝပ်ခဲ့သည်။ အနော်ရထာသည် စွယ်တော်တစ်ဆူ ထပ်ပွား၍ ထပ်မံစေလွှတ်ပြန်ရာ ဧရာဝတီမြစ်ကမ်း သဘော်ဆိပ် အနီး ကုန်းမြင့်တွင် ဝပ်ခဲ့သည်။ ထိုမှတစ်ဖန် စွယ်တော်တစ်ဆူထပ်ပွား၍ စေလွှတ်ခဲ့သည့် ဆင်ဖြူတော်သည် တုရင်တောင်တွင် ဝပ်ခဲ့ပြန်သည်။

အနော်ရထာမင်းသည် ဆင်ဖြူတော်ဝပ်ခဲ့သည့် နေရာလေးခုတွင် စွယ်တော် တစ်ဆူစီကို ဌာပနာ၍ စေတီတစ်ဆူစီ တည်ထားခဲ့ရာ စွယ်တော်လေးဆူအဖြစ် ထင်ရှားခဲ့သည်။

စွယ်တော်လေးဆူအနက် လောကနန္ဒာစေတီကို ခရစ်နှစ် ၁၀၅၉ ခုနှစ်၊ ရွှေစည်းခုံ စေတီကို ခရစ်နှစ် ၁၀၆၀ ပြည့်နှစ်တွင် တည်ထားခဲ့သဖြင့် ယင်းစေတီတော်များ၏ သက်တမ်းသည် နှစ် ၁၀၀၀ နီးပါး ရှိနေကြပြီဖြစ်ပေသည်။ တန့်ကြည့်တောင်နှင့် တုရင်တောင်ပေါ်တွင် တည်ခဲ့သည့် စွယ်တော်စေတီတော်များသည် မူလလက်ရာများ မကျန်ရှိတော့ဘဲ စေတီအသစ်များအဖြစ် ပြောင်းလဲနေကြပြီဖြစ်ပေသည်။

**ပဌမမြောက် စွယ်တော်စေတီ**

အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင် ဓာတုသေနမင်းထံမှ လက်ဆောင်ပဏ္ဏာ များနှင့်အတူ ဘုရားရှင်၏ လက်ဝဲဘက် အောက် စွယ်တော်ပွားတစ်ဆူကို ရရှိခဲ့ သည်ဟု ဆိုကြသည်။ ထို့နောက် မင်းကြီးသည် ယင်းစွယ်တော်ကို ဌာပနာပြု၍ စေတီတစ်ဆူတည်နိုင်ရန် ဆင်ပေါ်သို့တင်ပြီး အဓိဋ္ဌာန်ပြုကာ စေလွှတ်ခဲ့သည်။

အဓိဋ္ဌာန်ဆင်သည် ယခု မြစ်သားမြို့နယ်သို့ ရောက်ရှိလာကာ မြစ်သားမြို့နယ် အတွင်းရှိ တောင်ပေါ်သို့ စွယ်တော်ကို ပင့်ယူသွားခဲ့ရာ ယခု ပြတ်တောင်တွင် ရပ်နား မည်ပြုပြီးမှ မဝပ်ဘဲ ဆက်သွားခဲ့သဖြင့် ပျက်တောင်(ပြတ်တောင်)ဟုလည်းကောင်း၊ ခရွေတောင်နေရာတွင်လည်း မရပ်နားခဲ့သဖြင့် ဝပ်လျောင်းရန် ပျက်ကွက်သည်ဟု ဆိုကာ ချွတ်ယွင်းတောင် (ခရွေတောင်)ဟုလည်းကောင်း အမည်ပေးခဲ့ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်။ ပြတ်တောင်နှင့် ချွတ်ယွင်းတောင် အမည်နှစ်ခု ကိုပေါင်း၍ ပြတ်ချွတ်ယွင်းတောင်ဟု ခေါ်ဆိုကြရာမှ ကာလကြာညောင်းလာချိန်တွင် ပြက္ခရွေဟု ပြောင်းလဲခဲ့ကြောင်းလည်း အဆိုများရှိခဲ့သည်။

ထို့ကြောင့် အနော်ရထာမင်းကြီးသည် ပြက္ခရွေတောင်ထိပ်တွင် ပဌမမြောက် စွယ်တော်မြတ်စေတီကို တည်ထားခဲ့သည်ဟု ဒေသခံများက ယုံကြည်ခဲ့ကြသည်။ ပြက္ခရွေစွယ်တော်မြတ်စေတီ ဘုရားပွဲကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၃ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ မြစ်သား မြို့နယ်အတွင်း ထင်ရှားသော ဘုရားပွဲတော်တစ်ခုဖြစ်ပေသည်။

စွယ်တော်စေတီနှင့်စပ်လျဉ်းသည့် ခိုင်မာသော အထောက်အထားများ မတွေ့ရှိရ သေးသော်လည်း မြန်မာနိုင်ငံ၏ ဗဟိုချက်မဖြစ်သည့် ပြက္ခရွေတောင်သို့ ခရီးသွား များ နှစ်စဉ် သွားရောက်လေ့ရှိရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာလျက်ရှိ သည်။ ပြက္ခရွေသို့ ရောက်ရှိလာကြသူများသည် သဘာဝ တောလမ်းများအတိုင်း ပေ ၃၀၀၀ ကျော်မြင့်သည့် တောင်ပေါ်သို့ တက်ရခြင်းကို နှစ်ခြိုက်သဘောကျလေ့ရှိ ကြသကဲ့သို့ တောင်ထိပ်တွင် တည်ထားသည့် စွယ်တော်စေတီတော်ကို ဖူးမြော်ရ ခြင်းကိုလည်း ပီတိဖြစ်လေ့ရှိကြပေသည်။

ယခုအချိန်တွင် ပြက္ခရွေတောင်တက်သည့် ခရီးလမ်းတွင် မည်သည့် ဈေးဆိုင်မှ မရှိသေးသဖြင့် တောင်တက်ကြသူများသည် သောက်ရေသန့်မှစ၍ စားသောက် ဖွယ်ရာများကို ယူဆောင်သွားကြရသည်။

'မြန်မာနိုင်ငံ၏ ဗဟိုချက်မ'အမှတ်အသား တည်ရှိသည့် ပြက္ခရွေတောင်ပေါ်သို့ လာရောက်လည်ပတ်လေ့လာသူများ တိုးတက်များပြားလာသည်နှင့်အမျှ ဒေသ၏ ခရီးသွားလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးလာကာ ဒေသနေပြည်သူများ၏ လူမှုစီးပွား ဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ပေသည်။ ။

**"အနော်ရထာမင်းကြီး တည်ထားခဲ့သည့် စွယ်တော်လေးဆူ စေတီတော်များမှာ ရွှေစည်းခုံစေတီ၊ လောကနန္ဒာစေတီ၊ တန့်ကြည့်တောင်စေတီနှင့် တုရင်တောင်စေတီတို့ ဖြစ်ကြကာ မြန်မာဗုဒ္ဓဘာသာဝင်များသည် စွယ်တော်မြတ်လေးဆူကို တစ်နေ့တာအတွင်းဖူးမြော်၍ လှူဖွယ်ပစ္စည်းများကို အညီအမျှကပ်လှူကာ တူညီသောဆုကိုတောင်းပါက တောင်းဆုပြည့်ဝသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာဝင် ဘုရားဖူးများသည် ပုဂံရှိ စွယ်တော်လေးဆူသို့ နေ့စဉ်နီးပါး သွားရောက်ဖူးမြော်လျက်ရှိကြသည်"**




ဖေဖော်ဝါရီ ၁၉ ရက် (တပို့တွဲလပြည့်နေ့) က မန္တလေး မဟာမုနိဘုရား၌ ဘုရားဖူးလာပြည်သူများ ရွှေသက်န်းကပ်လှူသူများဖြင့် စည်ကားသိုက်မြိုက်စွာ တွေ့ရစဉ်။
တင်မောင်(မန်းကိုယ်ပွား)

# (၉၉)ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်တိုင်းဒေသကြီး ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာဝိနည်းစာပြန်ပွဲကြီးကို (၉၉)ကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ ၁၇၊ ၁၈၊ ၁၉ ရက်များတွင် သုံးရက်တိုင်တိုင် ကမ္ဘာ့ အေးဘုရားလမ်းနှင့်ကြားတောရလမ်းထောင့် ဗဟန်းမြို့နယ်ရှိ ရွှေကျင်နိကာယသာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပသည်။

ယခုနှစ်တွင် သာသနာ့နွယ်ဝင် ရှင်ရဟန်းနှင့် သာမဏေများအပါး ၃၀၀ ကျော် ဝင်ရောက်ဖြေဆိုကြသည်။ စာဖြေသံဃာများအတွက် နေ့စဉ်ဆွမ်းကပ်လှူဒါန်းခြင်း၊ အချိုပွဲများ၊ အချိုရည်များဆက်ကပ်လှူဒါန်းခြင်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့ပြင် အဆိုပါ သုံးရက်အတွင်း ဗဟန်းမြို့နယ်ရပ်ကွက်များသို့ နေ့စဉ်နံနက် ၁၀ နာရီတွင် သံဃာအပါး ၆၀ ဖြင့် ဆွမ်းဆန်တော်များ လှည့်လည်အလှူခံကြသည်။

၂၀၂၀ ပြည့်နှစ်တွင် ဝိနည်းစာတော်ပြန်ပွဲကြီးအား အကြိမ်(၁၀၀)မြောက်ရာပြည့် အခမ်းအနားအဖြစ် ပိုမိုစည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ရန်ကင်းကလေးဆေးရုံကြီး၌ ကိုရီးယားနိုင်ငံမှ ပရဟိတလုပ်ငန်းနှင့် ဖျော်ဖြေတင်ဆက်မှုများ ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီးတွင် ကိုရီးယားသမ္မတနိုင်ငံ Wooribank Myanmar Global နှင့်(Childfund Korea) အဖွဲ့တို့၏ ပရဟိတလုပ်ငန်းများ ဆောင်ရွက်လှူဒါန်းပေးခြင်းနှင့် ဖျော်ဖြေမှုဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကင်းကလေးဆေးရုံကြီး ညီလာခံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Wooribank Myanmar မှ မန်နေဂျင်းဒါရိုက်တာ Mr.Ahn Jung Kyun က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပရဟိတလုပ်ငန်းများ ဆောင်ရွက်လှူဒါန်းရန်အတွက် အလှူငွေပေးအပ်ရာ ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်မြင့်ခိုင်က လက်ခံရယူပြီး (**အောက်ပုံ**) ကျေးဇူးတင်စကား ပြန်လည်ပြောသည်။

“ ကျွန်တော်တို့ Wooribank Myanmar ဝန်ထမ်းတွေကလစာထဲက တစ်နိုင်တစ်ပိုင်ကို ပရဟိတလှုပ်ရှားမှုအတွက် စုဆောင်းထားကြပါတယ်။ အဲဒီစုဆောင်းငွေနဲ့ နှစ်စဉ် Wooribank လက်အောက် ခံရုံးခွဲတွေ ဖွင့်ထားတဲ့နိုင်ငံတွေမှာ လှည့်လည်ပြီး ပရဟိတလုပ်ငန်းတွေကို ပြုလုပ်လျက်ရှိပါတယ်။ ဒီနှစ်မှာ မြန်မာနိုင်ငံကို ဒုတိယအကြိမ်မြောက် လာရောက်လှူဒါန်းရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ၂၀၁၇ ခုနှစ်က လှိုင်သာယာမြို့နယ် အတွင်းရှိ ဝင်ငွေနည်းတဲ့ မိသားစုအတွက် စာသင်နိုင်ရန် ပတ်ဝန်းကျင်ကောင်းရရှိရန် ရည်ရွယ်ပြီး စာသင်ကျောင်းများကိုလည်း ဆောက်လုပ် လှူဒါန်းခဲ့ပါတယ်”ဟု မန်နေဂျင်းဒါရိုက်တာ Mr. Ahn Jung kyun ကပြောကြားသည်။

အဆိုပါ Wooribank Myanmar Global နှင့် Childfund Korea အဖွဲ့တို့သည် ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကလေးလူနာများနှင့်အတူ ကစားနည်းများကစားပေးခြင်း၊ ဆေးရောင်စုံခြယ်ခြင်း၊ သီဆိုကပြဖျော်ဖြေမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကင်း ကလေးဆေးရုံကြီးသို့ Wooribank Childfund Korea JBJ Entertainment တို့က ငွေကျပ်သိန်း ၅၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ- အာကာစိုး**



# အာဆီယံ ယူ-၂၂ ပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် မြန်မာနှင့် ကမ္ဘောဒီးယား ယနေ့ ကစားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၀ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်ကမ္ဘောဒီးယားအသင်းနှင့် တွေ့ဆုံလျက်ရှိသည်။

ဒုတိယနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မလေးရှားနှင့် အင်ဒိုနီးရှား၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အိမ်ရှင်ကမ္ဘောဒီးယားအသင်းသည် ပထမပွဲတွင် မလေးရှားအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရထားရာ မြန်မာအသင်းအနေဖြင့် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။ မြန်မာအသင်းအနေဖြင့် ပထမပွဲတွင် အင်ဒိုနီးရှားနှင့် တစ်ဂိုးစီသရေကျပြီး ခြေစွမ်းမှာလည်း အကောင်းဆုံးအနေအထားမရှိသေးရာ ပထမဆုံးနိုင်ပွဲရယူနိုင်ရန် အပြောင်းအလဲများ ပြုလုပ်ရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် မျှော်လင့်ချက်အတွက် ယနေ့ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်က “ကမ္ဘောဒီးယားနဲ့ပွဲအတွက် သေချာပြင်ဆင်သွားမှာပါ။ ကမ္ဘောဒီးယားအသင်းက အိမ်ရှင်အသင်းဖြစ်တဲ့အပြင် ပြိုင်ဘက်တိုင်းကို အလေးထားပြီး ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အဖွင့်ပွဲမှာ အင်ဒိုနီးရှားနဲ့ သရေကျခဲ့ပေမယ့် ရလဒ်ပိုင်းကို ကျေနပ်ပါတယ်”ဟု အင်ဒိုနီးရှားနှင့် ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အုပ်စု (ခ) တွင် ကမ္ဘောဒီးယားက သုံးမှတ်၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းက တစ်မှတ်စီရထားပြီး မလေးရှားအသင်းမှာမူ ရှုံးပွဲကြုံတွေ့ထားသောကြောင့် အမှတ်မရသေးပေ။ **ရဲရင့်ရှိန်း**

# မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးကောက်ပွဲ မတ်လ ၁၀ ရက်တွင် ပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို မတ်လ ၁၀ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရွေးကောက်တင်မြှောက်ပွဲကို ကြီးကြပ်ကျင်းပပေးနိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်ထွန်းဦး၊ အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ကြိုင် (ဘဖုန်း-အကောက်ခွန်)၊ ဦးစိုးမြင့် (စိုးမှူး)၊ ဦးသန်းလွင် (ဝင်းလွင်အောင်)၊ အတွင်းရေးမှူးအဖြစ် ဦးမျိုးမင်းဦး (တရားလွှတ်တော်ရှေ့နေ)တို့ဖြင့် ဖွဲ့စည်းထားသည်။

ယခင်မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ကို အားကစားမီဒီယာနယ်ပယ်စုံမှ အလွှာစုံပါဝင်နိုင်အောင် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်အဖြစ် ၂၀၁၈ ခုနှစ်၊ မေလတွင် အလုပ်အမှုဆောင်အဖွဲ့က နာမည်ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် လက်ရှိအလုပ်အမှုဆောင်အဖွဲ့သည် ရွေးချယ်တင်မြှောက်ပွဲကို ကလောင်ရှင်၊ အယ်ဒီတာ၊ သတင်းထောက်/ဓာတ်ပုံ/ကွန်ပျူတာ/ကာတွန်း၊ ရုပ်သံ/ရေဒီယို/အွန်လိုင်း၊ ထုတ်ဝေသူ/အားကစားပရိုမိုတာ၊ နယ်/ဝါသနာရှင်အစုအဖွဲ့စသည့် အစုအဖွဲ့ခြောက်ဖွဲ့ဖြင့် သတ်မှတ်နေရာခွဲတမ်းအလိုက် အလုပ်အမှုဆောင်များကို ရွေးကောက်တင်မြှောက်သွားမည် ဖြစ်သည်။

အလုပ်အမှုဆောင်အဖြစ် ဝင်ရောက်ရွေးချယ်ခံလိုသူများသည် ဆန္ဒပြုလျှောက်လွှာပုံစံများကို အထွေထွေအတွင်းရေးမှူး ဦးဇေဒီ (မြန်မာတိုင်းမ်နေ့စဉ်သတင်းစာ၊ ဗိုလ်အောင်ကျော်အထက်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၉ ၇၉ ၅၂၈ ၇၅၃၅)ထံ၌ ရုံးချိန်အတွင်း လာရောက်ထုတ်ယူပြီး မတ် ၁ ရက် နောက်ဆုံးထား၍ ပြန်လည်တင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ရွေးချယ်ပွဲကျင်းပရေးကော်မရှင်သည် လျှောက်လွှာတင်သွင်းလာသည့် ကိုယ်စားလှယ်လောင်းများကို သတ်မှတ်အရည်အချင်းများနှင့် ညီ/မညီ စိစစ်၍ ရွေးကောက်ပွဲဝင်ပြိုင်ခွင့်ရ ကိုယ်စားလှယ်လောင်းအမည်များကို မတ် ၆ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်သည်လျှောက်လွှာတင်သွင်းသည့် ကိုယ်စားလှယ်လောင်းများအနက် သတ်မှတ်အရည်အချင်းနှင့် ညီညွတ်သူများကိုသာ ပါဝင်ရွေးချယ်ခံခွင့်ပြုမည်ဖြစ်ပြီး မဲပေးခွင့်ရှိသူ မဲဆန္ဒရှင်များကိုလည်း အသင်းဝင်အဖြစ် လျှောက်ထားပြီးသူများကိုသာ မဲပေးခွင့်ပြုရန် သတ်မှတ်ထားကြောင်း သိရသည်။ မဲပေးခွင့်ရလိုသူများသည် မတ် ၆ ရက်နောက်ဆုံးထားပြီး အသင်းဝင်အဖြစ် လျှောက်ထားနိုင်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

# အင်္ဂလန်ဖလားပြိုင်ပွဲ အက်ဖ်အေပဉ္စမအဆင့် မန်ယူတို့ လက်ရှိချန်ပီယံချယ်လ်ဆီးကို အနိုင်ယူ

အင်္ဂလန်ပြည်တွင်းဖလားတစ်လုံးဖြစ်သော အက်ဖ်အေဖလား ပဉ္စမအဆင့်ပြိုင်ပွဲများမှ နောက်ဆုံးပွဲစဉ်တစ်ပွဲ ဖြစ်သော လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ စတမ်းဖို့ဒ်ဘရစ်ကွင်း၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်း နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်ချယ်လ်ဆီးအသင်းသည် ၄- ၃ -၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး မန်ယူအသင်းသည် ၄-၃-၁-၂ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် မန်ယူသည် ကစားကွက်အသာစီးဖြင့် ပွဲချိန် ၃၁ မိနစ်တွင် ပေါ့ဘာဖန်တီးမှုမှတစ်ဆင့် ဟာရဲရားက ခေါင်းတိုက်သွင်းယူကာ မန်ယူအသင်းအဖွင့်ဂိုး ရရှိခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် ပေါ့ဘာက မန်ယူအတွက် ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် အိမ်ရှင်ချယ်လ်ဆီးအသင်း ချေပဂိုးရရှိရန် တိုက်စစ်မြှင့်ကစားခဲ့ကာ မန်ယူအသင်းသည် ခံစစ်အသွင်ပြောင်းလဲပြီး ယှဉ်ပြိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် မန်ယူနောက်တန်းကို မကျော်နိုင်ခဲ့ဘဲ ပွဲပြီးချိန်တွင် အိမ်ကွင်း၌ ရှုံးနိမ့်ကာ အက်ဖ်အေပြိုင်ပွဲမှ နှုတ်ဆက်ခဲ့ရသည်။ ယင်းပွဲတွင် မန်ယူကွင်းလယ်ကစားသမားပေါ့ဘာသည် အကောင်းဆုံး ခြေစွမ်းပြကစားခဲ့သည်။ ယမန်နှစ် ၂၀၁၇-၁၈ အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းသည် ဟာဇက်၏ ပယ်နယ်တီသွင်းဂိုးတစ်ဂိုးဖြင့် မန်ယူအသင်းကိုအနိုင်ရရှိကာ ဖလားဆွတ်ခူးခဲ့သည်။

၂၀၁၈-၁၉ အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပြိုင်ပွဲများကို မတ် ၁၆ရက်တွင် ပြန်လည်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မန်ယူအသင်းသည် ဝက်ဗ်ဒ်နှင့် တွေ့ဆုံခဲ့ပြီး မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းသည် ဆွမ်ဆီးနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဝက်ဖို့ဒ်နှင့် ပဲလေ့စ်၊ မီဝေါလ်နှင့် ဘရိုက်တန်တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အက်ဖ်အေဖလားကို အကြိမ်အများဆုံး ၁၃ ကြိမ်ရရှိထားသည့် အသင်းမှာ အာဆင်နယ်ဖြစ်ပြီး မန်စီးတီး ၁၂ ကြိမ်၊ လက်ရှိချန်ပီယံ ချယ်လ်ဆီးနှင့် စပါးတို့မှာ ရှစ်ကြိမ်စီရရှိထားပြီး မန်ယူအသင်းသည် ငါးကြိမ်သာရရှိထားသည်။ **သီဟ**

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ပါမောက္ခ ဒေါက်တာမိုမိုသန့်၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့အမျိုးသားစိတ်ဓာတ် မကြာမီ ပြန်လည်နိုးကြားလာတဲ့ အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်း မပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီးတစ်သင်း ထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေ ခေါ် မြန်မာအသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ " တို့ဗမာအစည်းအရုံး " ရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခု ဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေ ဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး ဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးအရယူခြင်းအပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေးအရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ် တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီအုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီး ရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ် ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်း အုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေး ပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကို လေ့လာရာမှာ ဂျပန်ခေတ် အုပ်ချုပ်ရေး၊ ဂျပန်ခေတ် စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကို လေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရ အုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်း ဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကူမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရပေါ်ပေါက်လာခြင်း ဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရ ပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှုဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိ ကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိ ကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ဒ့ါအပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်း ဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင် ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ် ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စု အပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင် တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့ အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါ အချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒ့ါအပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေးဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရက်ျ ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်း ဂန္ဒီ၏ ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီး လေ့လာနိုင်တယ်။

အရှေ့တောင်အာရှ အမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ချမှတ်ပြီး ပြဿနာများကို ဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကို တွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာ ပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှ

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံ အကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီး အားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင် တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီး နိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြား လေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများ ဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက် ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာလည်း ထူးခြားတဲ့သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီး နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများ ဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင် နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ စတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက် တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်းမရှိတာကို တွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက် ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁. မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂. အန်ဇတ် (ANZUS)
၃. အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄. ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်း ဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ်အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်း ဆောင်ရွက်ရန်အတွက် ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့နိုင်ငံတကာ အရေးအခင်းတွေကတော့

၁. ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂. ကိုရီးယားစစ်
၃. စူးအက်အရေးအခင်း
၄. ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက် ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေး ကာလ ပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာ သင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာ ရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံအနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှ ဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုများ ကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လူပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ် စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်း (၅) ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၅) ပုဒ် စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄) ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာမှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ် ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၄) ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၄) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၄) ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၄) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

ကျောင်းသူ ကျောင်းသားများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ်ဆက်စပ်မှုကို သတိထားရန်
၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်
၃။ ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်
၄။ မေးခွန်းကို သေသေချာချာဖတ်ရန်
၅။ မေးသည်ကိုသာ ဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

# ကလေးစာဖတ်ခန်းများ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပ



ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော အဖွဲ့ဝင် ငါးဦး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အင်တာနက်သတင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး ဆောင်ရွက်ရန် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်သို့ လေကြောင်းခရီးဖြင့် မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။
သတင်းစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ပူးပေါင်း၍ ကလေးစာဖတ်ခန်းများ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ကျောက်တံတားမြို့နယ်ရှိ ဦးစီးဌာနသင်တန်းကျောင်းတွင် ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့စာကြည့်တိုက်၏ လုပ်ငန်းစဉ်များ၊ ကလေးစာဖတ်ခန်းများနှင့် စာကြည့်တိုက်မှူး၏ တာဝန်၊ ကလေးများအတွက် စာအုပ်ရွေးချယ်မှု၊ ကလေးများအတွက် ပုံပြင်ကမ္ဘာနှင့် ပုံပြင်၏ အရေးပါပုံ၊ ရုပ်ပုံစာအုပ်ဖြင့် ပုံပြောခြင်း၊ ဘဝအတွက်ကျွမ်းကျင်စရာ၊ စက္ကူပြဇာတ်ဖြင့်ပုံပြောခြင်း၊ ကလေးဝန်ဆောင်မှုနှင့် ပတ်သက်သော အတွေ့အကြုံများကို ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် မြို့နယ်ဦးစီးမှူးများ စုစုပေါင်း ၃၅ ဦး တက်ရောက်လျက်ရှိသည်။



ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများရှိ စာကြည့်တိုက်များအား လူထုအခြေပြုဗဟိုဌာနများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကလေးစာဖတ်ခန်းများ ထည့်သွင်းဆောင်ရွက်လျက်ရှိပြီး ကလေးစာဖတ်ခန်းများတွင် ကလေးများ ဝင်၊ ထွက်သွားလာလိုစိတ်များ ဖြစ်ပေါ်အောင် ပြင်ဆင်ဆောင်ရွက်ကာ လာရောက်သည့် ကလေးများအကျိုးရလဒ် ဖြစ်ထွန်းနိုင်ရေး စီစဉ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး(ပြန်/ဆက်)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ်စဉ်(၃/၂၀၁၈-၂၀၁၉)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်အတွင်း မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း (0Km-54.5Km)ထိ ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းဆိုင်းဘုတ်များစိုက်ထူရန် လုပ်ငန်းအတွက် [(ICB-1 အပိုင်းတွင်ဆိုင်းဘုတ်အသေး (၂၅၀)ခု၊ ဆိုင်းဘုတ်အကြီး (၆)ခု၊ ICB-2 အပိုင်းတွင်ဆိုင်းဘုတ်အသေး (၈၀၇)ခု ဆိုင်းဘုတ်အကြီး (၃)ခု စုစုပေါင်းဆိုင်းဘုတ်အသေး (၁၀၅၇)ခု၊ ဆိုင်းဘုတ်အကြီး (၉)ခု] လုပ်ငန်းတင်ဒါများဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေဖြင့်) အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

**မှတ်ချက်** - လုပ်ငန်းသုံးပစ္စည်းများ သတ်မှတ်စံချိန် စံညွှန်းပြည့်မီကြောင်း မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းတွင် လုပ်ငန်းကြီးကြပ်ဆောင်ရွက်လျက်ရှိသော Consultant အဖွဲ့၏ ထောက်ခံချက်ပါရှိရမည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၁-၃-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၂-၃-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ဖျာပုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၁-၃-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာပုံစံများကို ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖျာပုံခရိုင်၊ လမ်းဦးစီးဌာန၊ ဖုန်း-၀၉-၂၅၀၂၃၂၆၇၁၊ ၀၄၅-၄၀၄၂၅**

**အမည်မှန်**

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့ အထက သတ္တမတန်း(C)မှ မောင်ကွမ်ထွယ်ရှောင်၏အမည်မှန်မှာ မောင်ကမ်ထွယ်ရှောင် ၁/လဂန(နိုင်)၀၀၇၈၂၃ ဖြစ်ပါကြောင်း။ **မောင်ကမ်ထွယ်ရှောင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် အောက်ပါ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**ဆောင်ရွက်မည့်လုပ်ငန်း**

ရေထိန်းကျောက်စီနံရံပြုလုပ်ခြင်းလုပ်ငန်း(၁၃၀'×၆')

အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၂-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၃-၂၀၁၉ရက်၊ ညနေ ၄း၃၀နာရီ နောက်ဆုံးထားတင်သွင်းရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၇၀၈၄၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

မံစီမြို့နယ်၊ ပြင်ဦးလွင်ရပ်ကွက်၊ အကွက်အမှတ်(၂၅၁/က)၊ ဦးပိုင်အမှတ်(၈၆)၊ မြေဧရိယာ ၀ဒသမ၃၈ဧကေအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၊ မံစီမြို့နယ်ရုံးအဖြစ်အသုံးပြုရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အလုပ်အမှုဆောင်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၊ မံစီမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(RA-III၊ ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၅-၃/၂)၊ မြေယာအမှတ်(77/363-B)၊ မြေဧရိယာ ၀ဒသမ၀၈၈ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ရီရီဝေ(ခ) ယဉ်ယဉ်ဝင်း ၉/မမန(နိုင်)၀၇၈၅၉၅ မှဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့နယ်၊ ပိန္နဲကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(N-၄၉၆)၊ မြေဧရိယာ ၃ဒသမ၀၀ဧကရှိ ယာမြေအား ဦးအောင်ကျော်မိုး ၉/မမန(နိုင်)၀၀၀၉၆၈မှ သာသနာ့မြေအဖြစ် အသုံးပြုနိုင်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃၀) အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုဌာနအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ (၄)ရပ်ကွက်၊ မြို့ပတ်လမ်း၊ JE/ဆေးရုံရပ်၊ ဦးပိုင်အမှတ်(၆၈)၊ မြေဧရိယာ၀ဒသမ၀၈၆ဧကခန့်ရှိသော မြေကို ဦးကျော်စိုးမှ မြေငှားဂရန်ပျောက် ဆုံးကြောင်းနှင့်အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်းအထောက်အထားခိုင်လုံစွာဖြင့် ဇီးကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇီးကုန်းမြို့**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ နမ္မဖြစ်ကျေးရွာ နမ္မဖြစ်အလက အဌမတန်းမှ မလုတောင်၏ဖခင်အမည်မှန်မှာ ဦးအင်ခွမ်တန်ဂွန်း(ခ)ဦးတန်ဂွန်း ၁/မမန(နိုင်)၀၀၉၅၄၅ ဖြစ်ပါကြောင်း။

**ဦးအင်ခွမ်တန်ဂွန်း(ခ)ဦးတန်ဂွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ID No-100013618500 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၀၀၀၇၄၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၂-၂၀၁၉ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၉) အများသိစေရန် အသိပေးကြေညာခြင်း ကြော်ငြာတွင် အမှတ်-၂၉ အစား အမှတ်၂၇၉ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မိခင်အမည်မှန်

အထက(၂)ဗဟန်းကျောင်းတွင် တက်ရောက်ခဲ့ပြီး ၂၀၁၉ တက္ကသိုလ်ဝင်တန်း ပြင်ပဖြေဆိုမည့် မောင်ခိုင်ကျော်ခေါင် ၁၂/ဒဂရ(နိုင်)၀၃၅၁၃၂၈၏ မိခင်အမည်မှန်မှာ ဒေါ်ဖြိုးဝေစော ၁၄/ဘကလ(နိုင်)၁၈၆၀၂၈ ဖြစ်ပါသည်။ **ဒေါ်ဖြိုးဝေစော**




# ပခုက္ကူစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ
# အသိပေးကြေညာချက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ စက်မှုဇုန်ဖော်ထုတ်ရေးကော်မတီမှ ၁၉၉၈ခုနှစ်မှ စတင်၍ စက်မှုလုပ်ငန်းရှင်များသို့ ချထားပေးခဲ့သော ပခုက္ကူစက်မှုဇုန်ရှိ အချို့မြေကွက်များသည် ယနေ့အချိန်အထိ စက်မှုလုပ်ငန်းများလုပ်ကိုင်မှုမရှိခြင်း၊ မြေကွက် (၂၃၂)ကွက်အတွက် မြေခွန်ပေးဆောင်စေရန် ပိုင်ရှင်ဆက်သွယ်ဆောင်ရွက်မရခြင်း၊ မြေကွက်လွတ်များဖြင့်သာရှိနေခြင်းတို့ကို စိစစ်တွေ့ရှိရပါသည်။ အဆိုပါစက်မှုလုပ်ငန်းများမလုပ်ကိုင်သော/အကောင်အထည်ဖော်ခြင်းမရှိသော မြေကွက်များအား လက်ဝယ်ပိုင်ဆိုင်ခွင့်ရရှိထားသူများသည် ပခုက္ကူစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီနှင့် ပခုက္ကူမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ယနေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလအတွင်း ဆောင်ရွက်ခြင်းမရှိသော လုပ်ငန်းရှင်များ၊ မြေကွက်ပိုင်ရှင်များကို လုပ်ငန်းလုပ်ကိုင်လိုခြင်းမရှိသူများဟုယူဆ၍ စီမံခန့်ခွဲမှုနည်းလမ်းများအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပခုက္ကူစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ**

## (၁၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

၁၉-၂-၂၀၁၉ရက်တွင်ပြည့်မြောက်သော Managing Director ဦးကျော်မင်းဦး-Finance Director ဒေါ်ဝင်းမင်းကောင်း (LOTTERIA MYANMAR)တို့၏ ၁၉နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် ချစ်ရသော မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် မင်္ဂလာရက်မြတ်ပေါင်းများစွာ ဆက်လက်ဆင်နွဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Lotteria Myanmar မိသားစု**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မြို့သစ်(၃)လမ်း၊ အမှတ်(၇)နေ ဦးအုန်းမြင့်(တေဇ-၇)၊ ညွှန်ကြားရေးမှူး(ငြိမ်း)-ဒေါ်ဝင်းဝင်းဌေး၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ တစ်ဦးတည်းသောသား၊ မောင်ရည်မွန် (ခေတ္တ-UK)-မဇာနည်ဝင်း(ခေတ္တ-UK) တို့၏မောင်

**မောင်အောင်မြတ်သူဝင်း**

**CD(31)IMT, Second Mate (F.G),MAERSK LINE**

**B.A(English)**

နှင့်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၄)ရပ်ကွက်၊ ကမ်းနားလမ်းနေ ဦးခွန်တင်ဆန်း(စုစည်းအိမ်လုပ်ငန်းစု)-ဒေါ်ခင်စန်းနွယ်(အလပြ-ငြိမ်း)တို့၏သမီးကြီး၊ နန်းအေးသဉ္ဇာ၊ ခွန်ဟန်လင်းစိုးတို့၏အစ်မ

**နန်းမြတ်နိုးဝေ**

**BBA(Yangon University of Economics)**

တို့၏ဘားအံမြို့တွင် ၁၄-၂-၂၀၁၉ရက် (ကြာသပတေးနေ့) ၌ အရိယဝံသကျောင်းတိုက်တွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကပ်ဧည့်ခံပွဲနှင့် မော်ကွန်းတင်လက်မှတ်ရေးထိုးခြင်း အခမ်းအနားဆောင်ရွက်ပေးပါသော ကရင်ပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်ဆွေထွန်းအားလည်းကောင်း၊ ၁၆-၂-၂၀၁၉ရက် (စနေနေ့) THIRI HPAAN HOTEL မင်္ဂလာဖားစည်ခန်းမတွင် ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး ဦးစောမြင့်ဦးနှင့်ဇနီး ဒေါ်နန်းဘေဘီမြင့်၊ မင်္ဂလာလက်ထပ်စိန်လက်စွပ်ချီးမြှင့်ပေးပါသော ဦးစောကျော်သန်းနှင့်ဇနီး ဒေါ်နန်းယမင်းအိ၊ မင်္ဂလာရွှေဆွဲကြိုးချီးမြှင့်ပေးပါသော ဦးရည်မွန်နှင့်ဇနီး ဒေါ်ဇာနည်ဝင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်အေးမိစံအားလည်းကောင်း၊ ၁၆-၂-၂၀၁၉ရက် (စနေနေ့)တွင် THIRI HPAAN HOTEL မင်္ဂလာဖားစည်ခန်းမ၌ ပြုလုပ်သော မင်္ဂလာညစာစားပွဲတို့သို့ ကြွရောက်ချီးမြှင့်သော၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်သော အကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ တေဇ(၇)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်မြတ်သူဝင်း-နန်းမြတ်နိုးဝေ**

## မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၊ ဇမိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးအား ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင်လည်း ကောင်း၊ ၂၀၁၉/၂၀၂၁ခုနှစ်အတွက် အလုပ်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယင်းနေ့နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိလည်းကောင်း ကျင်းပရန်ရှိပါသဖြင့် အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၁-၁-၂၀၁၈ရက်မှ ၃၁-၁၂-၂၀၁၈ရက်အထိ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ၂၃-၂-၂၀၁၉ရက်မှစ၍ အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ တကောကနုတ်(အထက၊ ခွဲ)နဝမတန်းမှ မောင်ဖြိုးမင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးလွှမ်းကိုကိုအောင် ၇/ကဝန(နိုင်)၁၁၅၂၆၉ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/4691 Hyundai starex Mini Bus ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာထွန်း ၁၂/ဒဂရ(နိုင်)၀၀၂၁၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/6562 Toyota Probox NCP 55 S/W ယာဉ်လက်ဝယ်ရှိသူ Auto Emperor Car Co., Ltd က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၂၉/စာရေးကုန်း)၊ ဦးပိုင်အမှတ်(၃၄)၊ မြေယာအမှတ်(၃၈)၊ မြေဧရိယာ ၀ဒသမ၁၂၇၈ဧကရှိမြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်နွယ်နွယ်ဝင်း(ခ)တင်တင်ဝင်း ပါ(၃)ဦး ၉/မမန(နိုင်) ၀၁၉၈၃၈ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ကုန်စည်ဒိုင်) အသင်းသားများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ကုန်စည်ဒိုင်)သည် အသင်းဝင်အင်အားကျစ်လျစ်ခိုင်မာစေရန်၊ အသင်းရေရှည်တည်တံ့ခိုင်မြဲစေရန်၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဘာသာရေးနှင့်လူမှုရေးကိစ္စရပ်များတွင် တိုးမြှင့်ပါဝင်ဆောင်ရွက်နိုင်ရန်၊ တိုးတက်ပြောင်းလဲလာသည့် ဈေးကွက်နည်းစနစ်များနှင့်အညီ မိမိကုန်စည်ဒိုင် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသင်းဝင်များ၏ ခေတ်မီစိုက်ပျိုးထုတ်လုပ်ထုပ်ပိုးတင်ပို့မှုနည်းစနစ်များတိုးတက်စေရန်၊ အသိပညာပေးခြင်း၊ သတင်းဖြန့်ဝေခြင်းများဆောင်ရွက်နိုင်ပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်မည့်အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန် ရည်ရွယ်ချက်ကောင်းများထားရှိ၍ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်ရွယ်ချက်များ ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ကုန်စည်ဒိုင်)၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၇)အရ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် ကျင်းပပြီးစီးခဲ့သော (၂၅)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးမှ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်ကြေး ၃၀၀၀ိ/(ကျပ်သုံးသောင်းတိတိ)ကို အသင်းဝင်များအားလုံးပေးဆောင်ရန်အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ အသင်းကြီးအနေဖြင့် အသင်းသားအားလုံးကို ၂၀၁၉ခုနှစ် ဧပြီ ၁ရက်မှစတင်၍ ရွှေရောင်ကတ်၊ ငွေရောင်ကတ်များခွဲခြားမှုမပြုတော့ဘဲ အသင်းဝင်ကတ်သစ်တစ်မျိုးတည်းကိုသာ ထုတ်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ အသင်းဝင်များအနေဖြင့် ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်မှစတင်၍ ၂၀၁၉ခုနှစ် မတ် ၃၁ရက် နောက်ဆုံးထားပြီး အောက်ပါအတိုင်း ဆောင်ရွက်ပေးကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

(က) ငွေရောင်ကတ်ရရှိထားသည့် အသင်းဝင်များသည် ကတ်ပြောင်းလဲကြေး ၂၀၀၀၀ိ/-(ကျပ်နှစ်သိန်း တိတိ)နှင့်အတူ ၂၀၁၉ခုနှစ်၊ မတိုင်မီပေးသွင်းရန်ကျန်ရှိသော နှစ်စဉ်ကြေးများနှင့် ၂၀၁၉ခုနှစ်အတွက် နှစ်စဉ်ကြေး ၃၀၀၀ိ/-(ကျပ်သုံးသောင်းတိတိ)ကို ခြောက်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ(Recent Passport Photo)တစ်ပုံနှင့်အတူ ကိုယ်ရေးမှတ်တမ်းကိုဖြည့်စွက်၍ အသင်းရုံးသို့ အချိန်မီပေးပို့ကြပါရန်။

(ခ) ရွှေရောင်ကတ်ရရှိထားသည့် အသင်းဝင်များသည် ၂၀၁၉ခုနှစ်အတွက် နှစ်စဉ်ကြေး ၃၀၀၀ိ/-(ကျပ်သုံးသောင်းတိတိ)ကို ခြောက်လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(Recent Passport Photo)တစ်ပုံနှင့်အတူ ကိုယ်ရေးမှတ်တမ်းကိုဖြည့်စွက်၍အသင်းရုံးသို့ အချိန်မီပေးပို့ကြပါရန်။

၃။ အထက်ပါအပိုဒ်(၂)အတိုင်း ဆောင်ရွက်ပြီးစီးပါက ၂၀၁၉ခုနှစ်အတွက် အသင်းဝင်ကတ်အသစ်ထုတ်ပေးမည်ဖြစ်ပြီး ၂၀၁၉ခုနှစ် ဧပြီ ၁ရက်မှ စတင်ကာ ကုန်စည်ဒိုင်သို့ဝင်ရောက်ခွင့်၊ ရောင်းဝယ်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ အသင်းဝင်ကတ်ပြောင်းလဲခြင်းနှင့် နှစ်စဉ်ကြေးများကို ၃၁-၃-၂၀၁၉ရက်ထိ လာရောက်ပေးသွင်းမှုမရှိသူများအား အသင်းဝင်အဖြစ်မှပယ်ဖျက်သွားမည်ဖြစ်ပါကြောင်းနှင့် နောင်တွင် အသင်းဝင်အဖြစ် ပြန်လည်လျှောက်ထားလိုပါက ကုန်စည်ဒိုင်သင်းဖွဲ့စည်းမျဉ်းပါစည်းကမ်းအတိုင်း အသင်းဝင်အသစ်အဖြစ် ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

### ပျောက်ဆုံးကြောင်း

ပေါက်တောမြို့နယ် ဥပဒေရုံး ရုံးမြေ ငှားဂရန်(မူရင်းမှာ)ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ဝယ်ရရှိသူမှ ကိုယ်ကျိုးအဖြစ်အသုံးပြုပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပေါက်တောမြို့နယ်ဥပဒေရုံး**

### ပျောက်ဆုံးကြောင်း

Sitagu Royal Co,Ltd No (114), Ground Floor, Thamain Bayan Rood, Tamwe Gyi(Kha) Ward, Tamwe Township, Yangon ၏ FDA ထောက်ခံချက် (N-M- Device-2017/522, N-M-Device-2017/903, N-M-Device-2017/1082, N-M Device-2017/1206, N-M Device-2017/1086, N-M Device-2017/1134, N-M Device-2017/895, N-M Device-2017/917, N-M Device-2017/251, N-M Device-2017/519ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၀၂၁၅၅၃**

### အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၂-၂၀၁၉ရက်ထုတ်ဤသတင်းစာ၏ စာမျက်နှာ (၂၄) ငြင်းချက်ထုတ်ရန် ဆင့်စာကြော်ငြာတွင် (မြင့်စိန်)ဒုတိယခရိုင်တရားသူကြီး(၁၅) ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ရှားလှကျေးရွာ၊ အလက စတုတ္ထတန်းမှ မောင်လမင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစောဆန်းအောင် ၈/ဆဖန(နိုင်)၀၅၅၁၀၉ ဖြစ်ပါကြောင်း။ **ဦးစောဆန်းအောင်**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ဝွေးပင်ကျေးရွာ၊ အထက(ခွဲ) နဝမတန်းမှ မောင်ပြည့်စုံလင်း၏ ဖခင်အမည်မှန်မှာ ဦးစောဆန်းအောင် ၈/ဆဖန(နိုင်)၀၅၅၁၀၉ ဖြစ်ပါကြောင်း။

**ဦးစောဆန်းအောင်**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ရှားလှကျေးရွာ အလက ဆဋ္ဌမတန်းမှ မဆောင်းနှင်းအေး၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်းစိန် ၈/ဆဖန(နိုင်)၀၅၅၁၂၄ ဖြစ်ပါကြောင်း။

**ဦးကျော်လင်းစိန်**

### ဦးမျိုးအောင်၊ ဦးစန်းတင့်နှင့်သက်ဆိုင်သူများသိရှိစေရန်ကြေညာခြင်း

မြောင်းမြမြို့၊ (၇)ရပ်ကွက်၊ ၄-လမ်းမကြီး၊ အမှတ်-၁၃၃တွင်နေထိုင်သူ ကျွန်တော် ဦးထွန်းမြင့်ပိုင်ဆိုင်သည့် ပရိဘောဂဆက်စီ(ဂရေးရောင်)၊ ယာဉ်အမှတ်-6L/၉၀၆၁ မော်တော်ယာဉ်ကို လပွတ္တာမြို့၊ (၆)ရပ်ကွက်တွင်နေထိုင်သူ ဦးမျိုးအောင်(ခ)ဦးစိန်ကွန့်အား လချုပ်စနစ်ဖြင့် ငှားရမ်းထားခဲ့ပါသည်။ ထို့အတူ ကျွန်တော်ဦးထွန်းမြင့်သည် လပွတ္တာမြို့၊ (၇)ရပ်ကွက်နေထိုင်သူ ဦးစန်းတင့်(ခ)ဦးအုန်းဟန်ကိုလည်း ပရိဘောဂ၊ အဖြူရောင် မော်တော်ယာဉ်အမှတ်-၃E/၂၅၇၈ ကိုလည်းလချုပ်စနစ်ဖြင့် ငှားရမ်းထားရှိခဲ့ပါသည်။ ယခုအခါကျွန်တော့်ထံမှ လချုပ်စနစ်ဖြင့် ကားငှားရမ်းသွားကြသော ဦးမျိုးအောင်နှင့်ဦးစန်းတင့်တို့သည် ငှားရမ်းကာလပြည့်သော်လည်း ငှားရမ်းခနှင့် ငှားရမ်းအသုံးပြုထားကြသည့် ကားတို့အား ကျွန်တော့်ထံသို့ လက်ရောက်အပ်နှံပေးချေမှုတစ်စုံတစ်ရာမပြုဘဲ ကားနှင့်လူပါ ဆက်သွယ်မှုမရရှိဘဲ ပျောက်ဆုံးလျက်ရှိနေပါသည်။ ထို့ကြောင့် ဦးမျိုးအောင်နှင့်ဦးစန်းတင့်တို့သည် ကျွန်တော်ပိုင်ကားများအား ၂၈-၂-၂၀၁၉ရက် နောက်ဆုံးထားပြီး လက်ရောက်အပ်နှံ၍ ငှားရမ်းအသုံးပြုထားသော ငှားရမ်းခငွေများကို ပေးချေရှင်းလင်းကြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ကျွန်တော်ပိုင်ကားများအား ၎င်းတို့မှထပ်ဆင့် ငှားရမ်း/လွှဲပြောင်း/ရောင်းချပေါင်နှံခြင်းများကို တစ်ဆင့်ဆောင်ရွက်ထားခဲ့ပါက ယင်းနှင့်သက်ဆိုင်သူများသိရှိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ယင်းသို့သက်ဆိုင်ဆောင်ရွက်ထားမှုများရှိခဲ့လျှင် ကျွန်တော့်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ရှင်းလင်းနိုင်ပါကြောင်း သက်ဆိုင်သူများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းမြင့်**
**၁၄/မမန(နိုင်)၀၂၁၆၄၅**
**ဖုန်း-၀၉-၇၈၈၈၁၀၂၉၉၊ ၀၉-၂၅၂၉၂၉၀၉၀**

### ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ အလက (ဖာကေ)အဋ္ဌမတန်းမှ မောင်ကိုရှန် (ကျောင်းဝင်အမှတ်-၈၀၃)၏ ဖခင်အမည်မှန်မှာ ဦးအေစိုင်း၁/မမန(နိုင်)၀၃၁၄၃၆ ဖြစ်ပါကြောင်း။ **ဦးအေစိုင်း**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ရှားလှကျေးရွာ၊ အလက အဋ္ဌမတန်းမှ မသဲစု၏ဖခင်အမည်မှန်မှာ ဦးကျော်မြင့်ဦး ၈/ဆဖန(နိုင်)၀၅၉၆၈၉ ဖြစ်ပါကြောင်း။ **ဦးကျော်မြင့်ဦး**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ရှားလှကျေးရွာ၊ အလက ဆဋ္ဌမတန်းမှ မရွှန်းလဲ့ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဘိုးနီ ၈/ဆဖန(နိုင်) ၀၀၈၄၆၄ဖြစ်ပါကြောင်း။

**ဦးဘိုးနီ**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ရှားလှကျေးရွာ၊ အလက ဆဋ္ဌမတန်းမှ မောင်ကြယ်စင်သူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မိုး ၈/ဆဖန(နိုင်)၀၉၆၀၁၉ ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်မိုး**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ရှားလှကျေးရွာ၊ အလကမှ သတ္တမတန်းမှ မခိုင်စံပယ်နှင့် တတိယတန်းမှ မောင်ညီညီအောင်တို့၏ ဖခင်အမည်မှန် ဦးဘိုရွှေ ၈/ဆဖန(နိုင်)၀၅၅၁၃၂ ဖြစ်ပါကြောင်း။ **ဦးဘိုရွှေ**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ရှားလှကျေးရွာ၊ အလကမှ သတ္တမတန်းမှ မောင်မင်းကိုဇော်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဗိုလ် ၈/ဆဖန(နိုင်)၀၅၅၀၈၃ဖြစ်ပါကြောင်း။

**ဦးဆန်းဗိုလ်**

### ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အထက(ယုန်သလင်း) သတ္တမတန်း(C)မှ မောင်ရဲမှန်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဦး ၁၄/ဟသတ(နိုင်)၂၆၄၉၇၈ ဖြစ်ပါကြောင်း။ **ဦးစိုးနိုင်ဦး**

### ဖခင်အမည်မှန်

ရေစကြိုမြို့နယ်၊အထက (အလယ်ဆောင်) နဝမတန်းမှ မအိန္ဒြာမျိုး၏ ဖခင်အမည်မှန်မှာ ဦးလှအောင် ၈/ရစက(နိုင်) ၀၉၁၂၃၉ ဖြစ်ပါကြောင်း။ **ဦးလှအောင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ ဒုန်းဒူထန်ရပ်ကွက်နေ ဦးသန်းနိုင်၏ သမီး တပ်ကုန်းမြို့(MRTV)မှ မငွေ(ခ) မငွေနှောင်းငယ် ၁၃/ဖခန(နိုင်) ၀၄၃၉၄၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၀၊ နည်းဥပဒေ-၂၂)**

**မြဝတီခရိုင်တရားရုံး**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၃၅နှင့်ဆက်နွယ်သည့်**

**၂၀၁၈ခုနှစ် တရားမဇာရီမှုအမှတ်-၁၅**

| | | |
|---|---|---|
| ကမ္ဘောဇရတနာဘဏ် (၎င်း၏ကိုယ်စားဗိုလ်ကြီးစိုးစံ-ငြိမ်း) | နှင့် | ၁။ ဦးခင်ရွှေ<br>၂။ ဒေါ်ချိုချိုစမ်း |
| **တရားနိုင်** | | **တရားရှုံးများ** |

အမှတ်(၁၉၂)၊ ခိဋ္ဌာန်အောင်ဘုရားလမ်း၊ (၄)ရပ်ကွက်၊ မြဝတီမြို့(ယခုနေရပ်လိပ်စာမသိ)နေ အမှတ်(၂)တရားရှုံး ဒေါ်ချိုချိုစမ်းသိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၃၅တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကမ္ဘောဇရတနာဘဏ် (၎င်း၏ကိုယ်စားဗိုလ်ကြီးစိုးစံ-ငြိမ်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ် မတ် ၁၁ရက်(၁၃၈၀ပြည့်နှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းဇော်ဦး)**
**ဒုတိယခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၃)ရပ်ကွက်/ရလပ(မ)၊ ပိတောက်လမ်း၊ အမှတ်-၇၉၆ရှိပေ(၄၀×၆၀)မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုပြောဆိုသူ ဦးခင်မောင်အေး ၈/နမန(နိုင်)၀၉၃၀၃၀ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝေအောင်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၇၄၅)**
**အမှတ်-၁၀၆၉(ခ)၊ အောင်ဇေယျလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်**
**ဖုန်း-၀၉-၄၂၅၂၉၂၉၃**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၁၉)၊ ဧရိယာ ၀ ဒသမ ၀၄၉ ဧကအား ဒေါ်စန္ဒာ (ဘ)ဦးကိုကိုကြီး ၉/မရမ(နိုင်)၀၅၆၃၁၂ မှ မှတ်ပုံတင်ကျမ်းကျိန်လွှာ အမှတ် (၂၂၀/၂၀၁၉)၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးသိန်းဇော်ဦး ၉/တကန(နိုင်)၁၀၈၃၇၇ (ဘ)ဦးတင်သန်းအမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၃၅)ကို ဒေါ်စန်းနုမာ ၉/ညဥန(နိုင်)၁၃၂၀၈၀ (ဘ)ဦးညွန့်သိန်းမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးသန်းဇော် ၁၂/ဥကမ(နိုင်)၁၂၆၇၆၂၊ ဒေါ်နီလာအေး ၁၄/ဖပန(နိုင်)၁၃၉၂၁၄တို့နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ဦးတင်ဖြိုး ၅/မမတ(နိုင်)၀၈၂၇၉၂၊ ဦးပြည့်ဖြိုးသူ ၁၂/သဃက(နိုင်)၁၆၁၁၉၀ နှင့် ဦးပြည့်စုံကိုကို ၁၂/သဃက(နိုင်)၁၆၁၆၇၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းဦးသန်းဇော်၊ ဒေါ်နီလာအေးတို့နှင့် ကျွန်ုပ်၏မိတ်ဆွေများ ဆောင်ရွက်ထားသည့် လုပ်ငန်းနှင့်ပတ်သက်၍ ငွေရေးကြေးရေးကိစ္စရပ်များ၊ စာရင်းရှင်းလင်းခြင်းကိစ္စရပ်များအား ကျွန်ုပ်၏မိတ်ဆွေများထံသို့ ဆောင်ရွက်ပေးရန် ပျက်ကွက်နေပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း လူကြီးမင်းတို့အနေဖြင့် လာရောက်ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုလိုက်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတင်ဖြိုး၊ ဦးပြည့်ဖြိုးသူ၊ ဦးပြည့်စုံကိုကိုတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်း(သန်လျင်) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၃) (၂၉-၁၀-၂၀၀၂)**
**LL.B;CBL;DBL;DML;DIL;DA Psy:Wipo (Switzerland)**
**အမှတ် ၁၆ ဘီ၊ အခန်း (A-၃)၊ ရေတွင်းကြီးလမ်း၊ (၃)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၄၃၀၉၆**

## အများသိစေရန်ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ အုတ်ဖြတ်ကျေးရွာ၊ အိမ်အမှတ် ၁၇ နေ ဒေါ်စိုးစိုးခိုင် ၇/ကမရ(နိုင်)၀၅၃၀၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာအုပ်စု၊ ဆက်သွယ်ရေးလမ်းမကြီးဘေး၊ ကွင်းအမှတ် ၅၁၃၊ မြေကွက်အမှတ် A-၃၆၊ ၃၇၊ ပေ(၄၀×၆၀)ရှိ မြေကွက်သည် ဒေါ်စိုးစိုးခိုင်က မူလပိုင်ရှင်ဖြစ်သူထံမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းအရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်ဖြစ်ပြီး ဥပဒေနှင့်အညီ ပိုင်ဆိုင်လျက်ရှိနေပါသည်။ အဆိုပါမြေကွက်၏ ဒေါ်စိုးစိုးခိုင်အမည်ပါ အရောင်းအဝယ်စာချုပ်စာတမ်းမှာ ၂၀၁၈ခုနှစ် ၁၂လပိုင်းခန့်က ပျောက်ဆုံးသွားခဲ့ပါသည်။ ထိုသို့ပျောက်ဆုံးမှုအပေါ် ဒေါ်စိုးစိုးခိုင်က မူလပိုင်ရှင်ဖြစ်သူနှင့်ဆက်သွယ်၍ အရောင်းအဝယ်စာချုပ် ပြန်လည်ချုပ်ဆိုရန် ဆောင်ရွက်လျက်ရှိနေပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်အား ဒေါ်စိုးစိုးခိုင်၏ ခွင့်ပြုချက်မရဘဲ၊ မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်သည်ကို သိရှိပါက ဒေါ်စိုးစိုးခိုင်၏ နစ်နာဆုံးရှုံးမှုအဝဝကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုးခိုင် ၇/ကမရ(နိုင်)၀၅၃၀၃၃ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးနန္ဒာလင်း LL.B** | **ဒေါ်ချယ်ရီဝင်း LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၃၄၇၅** | **စဉ်-၁၁၂၇၄** |
| **ဖုန်း-၀၉-၂၅၆၃၅၂၃၈၇** | **ဖုန်း-၀၉-၄၂၁၀၀၉၆၉၈** |

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန် (ခ)ရပ်ကွက်၊ အိမ်အမှတ် သ/၉(၄)နေ ဒေါ်ခြိမ့်ခြိမ့်ဖြူ ၉/ခမစ(နိုင်)၀၆၁၄၃၀ သွင်းကုန်ကြော်ငြာလွှာ ခရမ်းအမှတ် ID NO-120975 (19-11-2018 Sein Sabai Phyu Co.,Ltd ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၉၉၈၁၉၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၆၅၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးအောင်မြင့်သန်းအမည်ပေါက် ပါမစ်မြေကွက်အား ဦးခွန်ဦး (ဘ)ဦးထွန်းရှိန် ၁၂/သဃက(နိုင်)၀၁၂၀၅၉ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၃၈၉/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း ၁၊ ဦးပိုင်/မြေကွက်အမှတ် ၃၂၀/၄၈၉၊ ဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ ဒေါ်စမ်းစမ်းကြည်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မြစန်းလှ (ဘ)ဦးကြည်ကင်း ၉/မနမ(နိုင်)၀၈၁၉၉၉ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မလဲ့အိအိထွန်း ၁၂/တမန(နိုင်)၁၁၀၆၈၀ သည် မိဘ၏ဆုံးမစကားကိုနားမထောင်ဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**မိခင်-ဒေါ်မြင့်မြင့်ရီ**
**၁၂/တမန(နိုင်)၀၅၁၅၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ ဦးပိုင်/မြေကွက်အမှတ် ၃၅/၂၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်အိအိထွေး (ဘ)ဦးအောင်သန်း ၈/မကန(နိုင်)၁၆၂၉၁၆ မှ မြေကွက်နေရာမှန်ကန်ကြောင်းထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း ၁၊ ဦးပိုင်/မြေကွက်အမှတ် ၃၈၅/၈၀၈၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးဘိုးခွေးအမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်ထင်အောင် (ဘ)ဦးအောင်ရွှေ ၉/ပမန(နိုင်)၀၂၂၉၅၆ မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ် သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ရန် ဆောင်ရွက်ထားမှု လွှတ်တော်သို့ ရှင်းလင်းတင်ပြ



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ရန် ဆောင်ရွက်ထားမှု**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ပထမအကြိမ် ပြည်ထောင်စု လွှတ်တော်သက်တမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီကို အဖွဲ့ဝင် ၁၀၉ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် ယင်းကော်မတီတွင် ပါဝင်သည့် ကိုယ်စားလှယ်ဦးရေ များပြားလွန်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီကို အဖွဲ့ဝင် ၃၁ ဦးဖြင့် ထပ်ဆင့်ဖွဲ့စည်းခဲ့ရာတွင် ယင်းကော်မတီတွင် ပါဝင်သည့် ကိုယ်စားလှယ်ဦးရေ နည်းပါးခြင်းတို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးကြန့်ကြာခဲ့ရပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းဆောင်ရွက်မှုများကို အရေးကြီး အဆိုတင်သွင်းသည်မှ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေအတည်ပြုသည်အထိ ၂၂ လတိုင်တိုင် အချိန်ကြာမြင့်စွာ ဆောင်ရွက်ခဲ့ကြောင်းကို လေ့လာတွေ့ရှိခဲ့ရပါကြောင်း။

ထို့ကြောင့် ယခုတစ်ကြိမ်တွင် မနည်းလွန်း မများလွန်းသော ကိုယ်စားလှယ်အရေအတွက်ဖြစ်သည့် ၄၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီဖွဲ့စည်းရေးအတွက် ပြည်ထောင်စုလွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီ ၁၄ ခုနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အသီးသီးက တာဝန်ခံများနှင့် ပြည်ထောင်စု လွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အစည်းအဝေးများ ကျင်းပခဲ့ပါကြောင်း၊ ပူးပေါင်းကော်မတီတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီ ၁၄ ခု၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာပါတီ၊ အစုအဖွဲ့ကိုယ်စားပြုကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်

*စာမျက်နှာ ၆ ကော်လံ ၁* ❐


ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပစဉ်။

# ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ယနေ့တပို့တွဲလပြည့် (ဖေဖော်ဝါရီ ၁၉ ရက်) ညနေပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ တာဝေးစက်ဘီးအားကစားကွင်း၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် မဲနှိုက်ရွေးချယ်ထားသော သတ်မှတ်နေရာများ၌ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆

## သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၂၂၊ ၂၃၊ တွင် ဖော်ပြထားပါသည်။

## ရွှေပြည်သာ ဝါးတရာ စက်မှုဇုန် အထပ်သား စက်ရုံ မီးလောင် တစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရ

စ၁-၁၃

"ရွှေပင်နားမှ ရွှေကျေး"
ဂုဏ်ထူးဦးသိန်းနိုင်
● ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
● ပညာရေးဘော်ဒါ (၈၊၉၊၁၀ တန်းများသာ)
မူလတန်းအတွက် အထူးစီစဉ်ထားရှိမှု
စံပြုအပ်သော အတန်းများဖြစ်သည်။
ကျောင်းပျော်ရေး၊ ပေါင်းသင်းဆက်ဆံရေးကိုမဏ္ဍိုင်ပြုသည့်
ကောင်းမြတ်သည့် အပြုအမူ၊ အလေ့အထကောင်း လေ့ကျင့်ပေးသည်။
ခေတ်မီသင်ကြားရေးကို သုံးသည်။
အင်္ဂလိပ်စကား အခြေခံနိုင်နင်းရေး၊
ပန်းချီ၊ဂီတ၊ကစားခုန်စားတို့နှင့် ပြည့်စုံစေသည်။
အလယ်တန်းအတွက် အထူးအစီအစဉ်
ခေတ်အမီဆုံးနည်းများဖြင့်သာ လေ့ကျင့်ပြီး
ဆရာ၊ ဆရာမတို့က အပျက်အကွက်မရှိ သင်ကြားသည်။
ကွန်ပျူတာ၊ သိပ္ပံလက်တွေ့၊ အင်္ဂလိပ်စာ 4 kills၊
ဂီတ၊ ပန်းချီအစုံအလင် ...
(၁) စည်းကမ်းကို တန်ဘိုးထား လိုက်နာသူတိုင်း လူချွန်လူကောင်းဖြစ်စေရမည်။
(၂) ပညာရည်တိုးတက်မှုအစီရင်ခံစာကို လစဉ်ပေးပို့၍ ညှိနှိုင်းတိုင်ပင်ကြသည်။
(၃) ကြော်ငြာထားသော ဆရာကြီးများအားလုံး နှစ်စ နှစ်ဆုံး အပျက်အကွက်မရှိ သင်ကြားကြောင်း အာမခံစာချုပ်ချုပ်ပေးသည်။ ဝါရင့်လက်ထောက် ဆရာ၊ဆရာမများစွာ Study Guide ဆရာပေါင်းများစွာ အထူးပါဝင်အားဖြည့်ထားသည်။ တပည့်ဝဟိုပြုသင်ကြားနည်းကို သုံးသည်။
(၄) စာသင်ခန်းအတွင်းမှာပင် အပြီးတိုင် နားလည် ကျွမ်းကျင်စေသည်။
(၅) အကြောက်တရားဖြင့် အုပ်ချုပ်ခြင်းမဟုတ်၊ အသိတရားဖြင့် နွေးထွေးလှိုက်လှဲစွာ မေတ္တာဖြင့်အုပ်ချုပ်သည်။
(၆) ပညာထီးဝန်းရိပ်တွင် ခိုလှုံသူတပည့်တိုင်း၏ လိုအပ်ချက်ကို စောင့်ကြည့်အကဲဖြတ်၍ လိုသမျှ ဖြည့်စွက်ပေးပြီး ငြိမ်းချမ်းပျော်ရွှင်စေသည်။
(၇) အဆောင်နေတပည့်တို့ကို သားသမီးများအဖြစ် လက်ခံကာ လိုလေသေးမရှိအောင် ဘက်ပေါင်းစုံမှ စောင့်ရှောက်သည်။ ကိုယ်ရော စိတ်ပါ ကျန်းမာ ချမ်းသာစေသည်။
(၈) ဘော်ဒါနေ ကျောင်းသား၊ကျောင်းသူများအတွက် အဆင့်မြင့်နေထိုင်ရေး ခံတွင်းအတွေ့ဆုံးကိုယ်တိုင်ချက် နံနက်စာ၊ နေ့ ည ထမင်း ဟင်း၊ လေ့ကျင့်သင်ကြားရေး အထပ်ထပ် ကိုယ်တိုင်လာရောက်လေ့လာပါ။
(၉) ကျပန်းစကား၊ ဟောပြောပွဲ ၊စကားရည်လုပွဲတို့ဖြင့် လူတလုံး သူတလုံးဖြစ်အောင် လေ့ကျင့်ပေးသည်။
၁၉၉၃ ခုနှစ်ကတည်းက ယနေ့ထိ အစဉ်တစိုက်သင်ကြားပြီး အအောင်မြင်ဆုံးဖြစ်ခဲ့သည်မှာ တစ်နိုင်ငံလုံး အသိပင်။
SKY NET ရုပ်သံ
တက္ကသိုလ်ဝင်တန်း သင်ခန်းစာများကို (၅)နှစ်တိုင်တိုင် ပို့ချနေကြသော Brand Brain Study Camp ပဋ္ဌမအကြိမ်ထိ တောက်လျှောက်ပို့ချခဲ့ကြသော ဆရာ၊ဆရာမများသာ ဤကျောင်း၌ သင်ကြားကြသည်။
◆ မြန်မာစာ – ဂုဏ်ထူးဦးသိန်းနိုင်
◆ အင်္ဂလိပ်စာ – ဆရာနေအုပ်(စိန်ပေါလ်)
– ဂုဏ်ထူးဦးအောင်ခိုင်
◆ သင်္ချာ – ဒေါက်တာညီညီ(Ph.D)
◆ ရူပဗေဒ – ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဓာတုဗေဒ – ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
– ဆရာ ဇော်လင်းအောင်
◆ ဇီဝဗေဒ – ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ ဘောဂဗေဒ – စိုင်းစိန်မြင့်အောင်
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမ ဒေါ်ကြည်ကြည်တင် M.Sc(Final)
အစဉ်အလာ ကြီးမားလှစွာသော
နွေမြန်မာစာ
စာစီစာကုံးတန်းများ
၈၊ ၉ ၊၁၀ သင်ရိုးကုန်တန်းခွဲများ
မတ်လ (၉) ရက် ဖွင့်မည်။
ကျောင်းသားသစ် လက်ခံပြီ
အ.ထ.က
နွေဒသမတန်း
မတ်လ (၇) ရက် ဖွင့်မည်။
အ.ထ.က အတန်းစုံ
ဧပြီလ (၂၇) ရက် ဖွင့်မည်။
● ခြံအမှတ် ၂၈ (A)+၂၈ (B)၊ ဋ္ဌစ္ဆိတဲအိမ်ရာ၊ (ORANGE SUPER MART) နှင့်ကပ်လျက် ရွှေနားပန်ဘုရားလမ်း၊ ဝေဇယန္တာလမ်းမကြီး၊ သင်္ကန်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄ ၂၀၁၃၀၇၂၇၊ ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၄၅၆၇၆ ၂၅၄၅

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့

# ထွက်ပေါ်လာဦးမယ့် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးမှု ပုံရိပ်သစ်




ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အိမ်ရာတိုက်ခန်းဟောင်းများနှင့် လမ်းဆုံတစ်နေရာကို တွေ့ရစဉ်။

**ဝေယံဦး**

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အကောင်အထည်ဖော်နေချိန်မှာ ရန်ကင်းမြို့နယ်မှာရှိတဲ့ ရန်ကင်းအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ ဂျပန်အစိုးရတို့ပူးပေါင်းပြီး အသစ် ပြန်လည်တည်ဆောက်မယ်လို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။

ရန်ကင်းအိမ်ရာစီမံကိန်းနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တွေနဲ့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေဟာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက ရန်ကင်းအိမ်ရာတိုက်ခန်းတွေမှာ နေထိုင်ကြသူတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံတဲ့အခါ အိမ်ရာစီမံကိန်းအသစ် ပြန်လည်တည်ဆောက်မယ့် အစီအစဉ်တွေနဲ့ လက်ရှိနေထိုင်သူတွေရဲ့ ရွှေ့ပြောင်းစရိတ်ထုတ်ပေးမယ့် အခြေအနေတွေကို ရှင်းပြခဲ့ပါတယ်။

တကယ်တော့ ရန်ကင်းအိမ်ရာကို ၁၉၅၄ ခုနှစ်က စတင်တည်ဆောက်ခဲ့တာဖြစ်လို့ သက်တမ်း ၆၅ နှစ်ခန့်ရှိနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း အခုဆိုရင် အိမ်ရာ

**အချပ်ပို(ခ)သို့**

# တစ်ခေတ်ဆန်းလာသော ရန်ကုန်မြို့ နွေရာသီကျောင်းပိတ်ရက်နှင့် အားကစားသင်တန်းများ

**● သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**မကြာမီ ကာလတွင် မြန်မာနိုင်ငံ၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှ အခြေခံပညာအလယ်တန်းအဆင့် အတန်းတင်စာမေးပွဲများ ပြီးဆုံးတော့မည်ဖြစ်သည်။ မျိုးဆက်သစ်ကျောင်းသားလူငယ်များ အတန်းတင်စာမေးပွဲများပြီးဆုံး၍ နွေရာသီကျောင်းပိတ်ရက်(အားလပ်ရက်)များ စတင်ခံစားခွင့်ရကြတော့မည်ဖြစ်သည်။ ပညာသင်ကြားဆည်းပူးနေကြရသော လူငယ်များအနေဖြင့် နှစ်တစ်နှစ်ပညာသင်နှစ် ပြီးဆုံးသွား၍ အားလပ်သွားကြပြီဟု ယေဘုယျခြုံငုံသုံးသပ်လျှင် မှားမည်မဟုတ်။ ထိုသို့ဆိုရခြင်းမှာ ခေတ်စနစ်နှင့်အညီ ဘဝအတွက် တိုးတက်မှုလမ်းကြောင်းများက ဆီးကြိုလင့်နေပေပြီ။**

နွေရာသီကျောင်းပိတ်ရက် (အားလပ်ရက်များ)တွင် အချိန်အခါနှင့် နေရာဒေသပေါ်မူတည်ကာ အညွန့်တလူလူတက်နေသော လူငယ်မောင်မယ်များအတွက် နွေရာသီအားကစားသင်တန်းများ၊ ကျောင်းများ၊ ခေတ်ရေစီးကြောင်းနှင့်အညီ ကွန်ပျူတာသင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ သင်တန်းများ စသည်ဖြင့် လူငယ်များအတွက် အခွင့်အလမ်းကောင်းများက ဆီးကြိုနေကြသည်မှာ များပြားလှပေသည်။

"စာမေးပွဲတွေပြီးလို့ သားနှစ်ယောက်စလုံးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖွင့်လှစ်ပေးတဲ့ နွေရာသီကျောင်းပိတ်ရက် ဂျူဒိုအားကစားသင်တန်းမှာ သွားအပ်ထားပါတယ်။ တစ်ပတ်ကို သုံးရက် အချိန်ပိုင်းပဲ သင်ပေးတာပါ။ အချိန်ပိုင်းပဲဆိုတော့ နွေရာသီကျောင်းပိတ်ရက်မှာ သူတို့အတွက် အခွင့်အလမ်းကောင်းတစ်ခုအနေနဲ့ရော စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာနဲ့

**အချပ်ပို(ခ)သို့**



ဂျူဒိုအားကစားသင်တန်း

**နွေရာသီကျောင်းပိတ်ရက်၌ ကျောင်းသားလူငယ်များ အားလပ်ချိန် အခွင့်အခါသမယတွင် စိတ်ဝင်စားစရာ သင်တန်းကိုယ်စီက စောင့်မျှော်နေကြပြီဖြစ်**

**တစ်ခေတ်ဆန်းလာသော ရန်ကုန်မြို့ နွေရာသီ ကျောင်းပိတ်ရက်နှင့် အားကစားသင်တန်းများ...မှ**

ကြံ့ခိုင်မှုပိုင်းကအစ ခံနိုင်ရည်ရှိဖို့ ရည်ရွယ်ပြီး အခုဂျူဒိုသင်တန်းမှာ သွားအပ်လိုက်တာပါ။ နှစ်ယောက်စလုံးကလည်း သင်ချင်တယ်ဆိုတော့ ပိုပြီးအဆင်ပြေသွားတာပေါ့။ သင်တန်းကြေးကလည်း နည်းပါတယ်"ဟု တာမွေမြို့နယ် ၁၅၆ လမ်းမှ ဦးမြင့်မောင်က နွေရာသီကျောင်းပိတ်ရက်တွင် သားနှစ်ယောက်ကို ဂျူဒိုသင်တန်းသွားရောက်အပ်နှံထားမှုနှင့် ပတ်သက်၍ ပြောသည်။

**နှစ်သက်ရာသင်တန်း ရွေးချယ်ခွင့်ရ**

ယခုအခါ များမကြာမီ နွေရာသီကျောင်းပိတ်ရက်၌ ကျောင်းသားလူငယ်များ အားလပ်ချိန်အခွင့်အခါသမယတွင် စိတ်ဝင်စားစရာ သင်တန်းကိုယ်စီက စောင့်မျှော်နေကြပြီဖြစ်သည်။ အတတ်ပညာရပ်ပိုင်းဆိုင်ရာ သင်တန်း၊ စိတ်ဓာတ်ခွန်အားပိုင်းဆိုင်ရာသင်တန်း၊ ဘာသာတရားနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာသင်တန်း၊ နည်းပညာပိုင်းဆိုင်ရာသင်တန်း၊ ကိုယ်လက်ကျန်းမာစေရန် အားကစားသင်တန်း စသည်ဖြင့် အမျိုးမျိုးရှိကြသည်။ နွေရာသီရေကူးသင်တန်း၊ ဂျူဒိုသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်း၊ လက်ဝှေ့သင်တန်း၊ မြန်မာ့ရိုးရာသိုင်းသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ဘတ်စကက်ဘော သင်တန်းစသည်ဖြင့် လူငယ်များ ဝါသနာပါရာ



ရေကူးသင်တန်းတစ်ခု၌ လေ့ကျင့်သင်ကြားနေမှုကို တွေ့ရစဉ်။



မြန်မာ့ရိုးရာသိုင်းပညာ သရုပ်ပြကွက်တစ်ခုကို တွေ့ရစဉ်။

သင်တန်းများကို ကြိုက်နှစ်သက်ရာ ရွေးချယ်ခွင့်ရနေသည်။

**လူငယ်များအတွက် အခွင့်အလမ်း**

အထူးသဖြင့် မြန်မာနိုင်ငံ၏လမ်းပန်းဆက်သွယ်ရေးကအစ ကဏ္ဍပေါင်းစုံမှ အထူးတိုးတက်လျက်ရှိသည့် စီးပွားရေးမြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့တော်ကြီးတွင် မျိုးဆက်သစ်လူငယ်များ မိမိကြိုက်နှစ်သက်ရာ သင်တန်းများကို ရွေးချယ် တက်ရောက်ခွင့်ရနေသည်က အခွင့်အလမ်းကောင်းတစ်ရပ်ပင် ဖြစ်နေသည်။

"ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနအနေနဲ့ နွေရာသီကျောင်းပိတ်ရက်တွေမှာ အလျဉ်းသင့်သလို အားကစားသင်တန်းလေးတွေ ဖွင့်လှစ်ပေးပါတယ်။ ရေကူးသင်တန်း၊ ဂျူဒိုသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်း၊ ကရာတေးဒိုသင်တန်း၊ လက်ဝှေ့သင်တန်း စတဲ့အားကစားနည်းမျိုးစုံကို ကာလတိုအနေနဲ့ အချိန်ပိုင်းလေးတွေကန့်သတ်ပြီး သင်ကြားပေးနေပါတယ်။ သင်တန်းကြေးတွေကိုလည်း အတတ်နိုင်ဆုံး လျှော့ပေါ့ကောက်ခံပြီး ဖွင့်လှစ်ပေးထားပါတယ်။ ဒါပေမယ့် လူငယ်တွေအနေနဲ့ မိဘတွေနဲ့ ပတ်ဝန်းကျင်က တိုက်တွန်းလို့မဟုတ်ဘဲ ကိုယ်ကိုယ်တိုင် ဝါသနာအရင်းခံလို့ လာရောက်တက်တဲ့သူတွေ ဖြစ်စေချင်တယ်"ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားသင်တန်းနည်းပြတစ်ဦးက ပြောသည်။

**မှန်မှန်ကန်ကန်ရွေးချယ်ဖို့ လိုအပ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်ပေးလျက်ရှိသော အားကစားသင်တန်းများရှိသကဲ့သို့ အခြေခံပညာအထက်တန်းကျောင်းများ ကိုယ်စီကလည်း နွေရာသီအားကစားသင်တန်းများ၊ နည်းပညာပိုင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိခြင်းကြောင့် ယနေ့ရန်ကုန်မြို့တွင်း မျိုးဆက်သစ်လူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက် (အားလပ်ရက်များ) တွင် တစ်ခေတ်ဆန်းလာသော အားကစားသင်တန်းကျောင်းများကို မှန်ကန်စွာရွေးချယ်တတ်ဖို့ လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**အတတ်ပညာရပ်ပိုင်းဆိုင်ရာ သင်တန်း၊ စိတ်ဓာတ် ခွန်အားပိုင်းဆိုင်ရာ သင်တန်း၊ ဘာသာတရားနှင့် ယဉ်ကျေးမှုပိုင်း ဆိုင်ရာ သင်တန်း၊ နည်းပညာပိုင်းဆိုင်ရာ သင်တန်း၊ ကိုယ်လက် ကျန်းမာစေရန် အားကစား သင်တန်း စသည်ဖြင့် အမျိုးမျိုးရှိ**

**ထွက်ပေါ်လာဦးမယ့် ရန်ကုန်မြို့ပြဖွံ့ဖြိုးမှု ပုံရိပ်သစ်....မှ**

အဆောက်အအုံတွေဟာ ကြံ့ခိုင်မှုလျော့နည်းလာပြီး အချို့အဆောက်အအုံတွေဆိုရင် မိုးယိုမှု၊ ပျက်စီးမှုတွေ ရှိလာနေပါတယ်။ နေထိုင်သူတွေအတွက်လည်း အန္တရာယ်ရှိလာတဲ့အပြင် ရန်ကုန်မြို့ပြရဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်မြှင့်တင်ဖို့လည်း လိုအပ်နေပါတယ်။

**အိမ်ရာစီမံကိန်း ပြန်လည်တည်ဆောက်ဖို့လိုအပ်**

ရန်ကင်းအိမ်ရာမှာ နေထိုင်သူတွေအတွက်လည်း နေထိုင်မှုအဆင့်မြင့်မားရေးနဲ့ ဘေးကင်းစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် အိမ်ရာစီမံကိန်းကို ပြန်လည်တည်ဆောက်ဖို့တော့ လိုအပ်နေတာအမှန်ပါပဲ။

ရန်ကင်းအိမ်ရာစီမံကိန်းဟာ အကျယ်အဝန်းဧက ၉၀ ခန့်ရှိပြီး ရန်ကင်းမြို့နယ်မှာ ၁ ရပ်ကွက်မှ ၆ ရပ်ကွက်အထိရှိကာ လက်ရှိမှာ တိုက်ခန်းပေါင်း ၃၂၆၁ ခန်း ရှိနေပါတယ်။ အဲဒီတိုက်ခန်းတွေအနက် ကျူးကျော်အဖိဆွဲထားတဲ့ တိုက်ခန်းပေါင်းက ၁၀၉၉ ခန်း တည်ရှိနေပြီး ကျူးကျော်အဆောက်အအုံကလည်း ၆၀၀ ကျော် ရှိနေတယ်လို့ မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ကောက်ယူထားတဲ့ စာရင်းတွေအရ သိရပါတယ်။

**စံချိန်စံညွှန်းမီစွာ အကောင်အထည်ဖော်**

ဒါကြောင့်မို့ ရန်ကင်းအိမ်ရာ စီမံကိန်းကို အသစ်ပြန်လည်တည်ဆောက်တဲ့အခါ တိုက်ခန်းပေါင်း ၃၀၀၀ ကျော် ထည့်သွင်းတည်ဆောက်ရမယ့် စီမံကိန်းဖြစ်ပါတယ်။ တည်ဆောက်တဲ့အခါမှာလည်း စနစ်တကျနဲ့ စံချိန်စံညွှန်းမီစွာ အကောင်အထည်ဖော်မှာဖြစ်ပြီး ရေစနစ်၊ မီးစနစ်၊ ကျန်းမာရေး၊ သန့်ရှင်းရေး စတဲ့အခြေခံအချက်တွေကို ကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုအိမ်ရာစီမံကိန်းအသစ် တည်ဆောက်တဲ့အခါ လက်ရှိ ရန်ကင်းအိမ်ရာမှာ နေထိုင်သူတွေ

**အချပ်ပို(ဃ)သို့**















# အပန်းလည်းပြေစေ ကျန်းမာမှုလည်းပြည့်စေ စာပေအသိလည်းတိုးကြပါစေ

**တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်**

* **လယ်တောက အပြန်**
**ပန်ချင်တယ်ခရေဖူးဆိုလို့**
**မောင်ခူးကာပေး၊**
* **မနက်တုန်းဆီက**
**ကြော့ဆုံးကို မောင်မြင်တော့**
**သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့**
**ဂုဏ်တင့်တယ်လေး။ ။**

သည်ကဗျာလေးကို ငယ်ငယ်ကတည်းက ကြိုက်ခဲ့သည်။ ကဗျာဆရာကြီး "မင်းသုဝဏ်"၏ ကဗျာတိုလေးဖြစ်သည်။ ကျေးလက်ဆန်သော ကဗျာလေးဖြစ်လင့်ကစား အလွန်အင်မတန်မှ အဓိပ္ပာယ်ကျယ်ဝန်းလှသည်ဟု ကဗျာသင်ပေးသော ဆရာများက ဆိုခဲ့ကြသည်။

ထိုကဗျာကိုပင် မြန်မာသံပိုင်နိုင်သော ကွယ်လွန်သူ ရုပ်ရှင်မင်းသား အကယ်ဒမီ သုမောင်က "နှောင်းတမြေ့မြေ့"ဇာတ်ကားထဲတွင် ဇာတ်ဝင် သီချင်းတစ်ပုဒ်အဖြစ် ဆိုထားသည်။ စာရေးဆရာကြီး "မြတ်ထန်"၏ ဝတ္ထုဖြစ်သည်။ ဝတ္ထုအမည်ကလည်း "နှောင်းတမြေ့မြေ့" ပင် ဖြစ်သည်။ ကောင်းပြီးရင်းကောင်းသကဲ့သို့၊ ကြိုက်ပြီးရင်း ကြိုက်ခဲ့ရသည်။

**နှုတ်က အထပ်ထပ်ရွတ်ဖတ်မိ**

အမှတ်မထင် ထိုကဗျာလေးက ယခု အလုံမြို့နယ် သခင်မြပန်းခြံအတွင်း၌ ဖတ်လိုက်ရခြင်းဖြစ်သည်။ ဝမ်းသာစွာဖြင့် တစ်ခေါက်တည်းမက လေးငါးခေါက်အထိပင် နှုတ်က အထပ်ထပ်ရွတ်ဖတ်မိသည်။

ဗီနိုင်းဖြင့် အထောင်ဘုတ်ချိုးကာ တစ်ဖက်တွင် ဆရာကြီး၏ ရုပ်သွင်ကို မင်ခြစ်ဖြင့် ရေးဆွဲထားပြီး တစ်ဖက်တွင် ဆရာကြီး၏ ဘဝမှတ်တမ်းကို ဖော်ပြထားသည်။ တစ်ဖက်တွင် ယင်းကဗျာလေးကို ဖော်ပြထားခြင်းဖြစ်သည်။

နောက်တစ်ပုဒ်မှာ ကဗျာဆရာကြီး "တင်မိုး"၏ "ညို့သည်ကြီး"ဟု အမည်ပေးထားသော ကဗျာတိုလေးပင်ဖြစ်သည်။

**ဆေးလိပ်လည်းတို**
**နေလည်းညိုပြီ**
**ငါ့ကို ပြန်ပို့ကြပါလေ။ ။**

သံဝေဂကဗျာလေးဖြစ်သည်။ "လိုရင်းတိုရှင်း"ဟု ပင်ဆိုရမည်လားမသိပေ၊ သုံးကြောင်းတည်းဖြင့် အဓိပ္ပာယ်ပြည့်ဝသော ကဗျာလေးဖြစ်သည်။ စာရှုး ပေရှုးဘဝကတည်းက အလွန်ကြိုက်ခဲ့ရသော ကဗျာလေးဖြစ်သည်။ ယခု အများပြည်သူတို့ လာရောက်ရာအရပ်တွင် ထင်လင်းစွာ တွေ့မြင်ရခြင်းပင် ဖြစ်သည်။ ဝမ်းသာမိပါသည်။

ပန်းခြံအတွင်း ကုန်းမြင့်အရိပ်အာဝါသရှိသော နှစ်နေရာတွင် ဆရာ သိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာဒေါင်းနွယ်ဆွေ၊ ဆရာတင်မိုး၊ ဆရာဒဂုန်တာရာ၊ ဆရာမြသန်းတင့်၊ ဆရာဇန်းမော်တင်အောင်၊ ဆရာမ လူထုဒေါ်အမာ၊ ဆရာမောင်ထင်တို့၏ မင်ခြစ်ပုံတူ၊ ကိုယ်ရေးအကျဉ်း၊ စာကဗျာ ကောက်နုတ်ချက်များကို တွေ့ရ ဖတ်ရသည်။ တန်ဖိုးကြီးလှပေစွ၊ မြန်မာ့စာပေလောက၏ မီးရှူးတန်ဆောင်ကြီးများ ဖြစ်ကြသည်။

ရန်ကုန်မြို့ရှိ ပန်းခြံများကို ဝင်ကြေးကောက်ခံမှုပယ်ဖျက်ပြီးနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက အဆင့်မြင့်ပန်းခြံများအဖြစ် ပြန်လည်ပြုပြင်၍ အများပြည်သူတို့ လွတ်လပ်စွာ အနားယူ အပန်းဖြေခွင့်ပြုခဲ့သည့်နောက်ပိုင်း ပန်းခြံတိုင်းလိုလို စည်ကားခဲ့သည်။

**ဖျော်ဖြေပွဲများဖြင့် သက်ဝင်လှုပ်ရှား**

မြို့လယ်ကောင်ရှိ မဟာဗန္ဓုလပန်းခြံဆိုလျှင် အပတ်စဉ် ဖျော်ဖြေပွဲများဖြင့် စီစဉ်ပေးခဲ့သည့်အပြင် အများပြည်သူတို့နှင့် သက်ဆိုင်သော ပွဲလမ်းသဘင်နှင့် အထိမ်းအမှတ်ပွဲများ ကျင်းပခွင့်ပြုခဲ့ရာ ပိုမိုသက်ဝင်လှုပ်ရှားမှုများဖြင့် ပြည့်စုံလာခဲ့သည်။

ပန်းခြံတစ်ခုသည် ပြည်သူအများ လွတ်လပ်စွာ အနားယူနိုင်ခြင်း၊ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ခြင်း၊ ကလေးငယ်များ အတားအဆီးမဲ့ လွတ်လပ်စွာ ဆော့ကစားနိုင်ခြင်းတို့ဖြင့် ပြည့်စုံစေရာ၏။

ထိုသို့သော ပန်းခြံများထက် ယခု သခင်မြပန်းခြံ၌ စာပေပညာရှင်တို့၏ ရုပ်သွင်၊ စာပေပညာရှင်များ၏ဘဝ၊ စာပေပညာရှင်တို့၏ ကဗျာ၊ စာ၊ အဆိုအမိန့်ကောက်နုတ်ချက်များကို တစ်ခဏတာ အတွင်း ဖတ်လိုက်ရခြင်းက ပန်းခြံလာပြည်သူများအတွက် အလင်းတန်းလေးတစ်ခုကို ဖြတ်သန်းစေခြင်းပင်ဖြစ်ပေသည်။

ယနေ့ လူကြီး၊ လူငယ် အတော်များများသည် စာအုပ်စာပေများနှင့် တဖြည်းဖြည်းချင်း အလှမ်းဝေးလာကြပြီဖြစ်သည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသော ဆောင်ပုဒ်လေးမျှကိုပင် မဖတ်ရှုကြတော့ပေ။

လက်တစ်ဝါးစာမျှရှိသော လက်ကိုင်ဖုန်းလေးများ၏ မျက်နှာပြင်ဆီသို့သာ မျက်လုံးနှင့် အာရုံတို့က နေ့စဉ်နှင့်အမျှ၊ အချိန်နှင့်အမျှ ရောက်ရှိနေကြပြီဖြစ်သည်။ ယခင်က ခရီးသွားခရီးလာ ယာဉ်များပေါ်၌ ဘာသာရေးစာအုပ်လေးများကိုသော်လည်းကောင်း၊ ဝတ္ထု၊ မဂ္ဂဇင်းတို့ ဖတ်ရှုမှုအလေ့အထသည် တစ်စတစ်စ ပျောက်ကွယ်လာပြီး လက်ကိုင်ဖုန်းလေးများဖြင့်သာ အချိန်ကုန်စေခဲ့ကြသည်။ သို့သော် ထိုလက်ကိုင်ဖုန်းလေးများဖြင့် ဓာတ်ပုံရိုက်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်သို့ တင်ကြခြင်းအပေါ် "ခရေစီ" ဖြစ်လာကြသည်။ အရှုံးထဲက အမြတ်ယူကြရမည်သာဖြစ်သည်။

**စာပေအသိအမြင်များ ကူးစက်နိုင်**

အထက်က ဆိုသကဲ့သို့ ထင်သာမြင်သာ အလွယ်တကူ ဖတ်လိုက်ရသော စာလေးတစ်ပိုဒ်၊ ကဗျာလေးတစ်ပုဒ် အကြိုက်တွေ့ကြ၊ လက်ကိုင်ဖုန်းလေးဖြင့် ရိုက်ကြ၊ တင်လိုက်နိုင်ပါက တစ်ယောက်အစ တစ်ရာ ဆိုသကဲ့သို့ စာပေအသိ၊ စာပေအမြင်လေးများ ကူးစက်သွားနိုင်မည်ဖြစ်ရာ သခင်မြပန်းခြံကဲ့သို့ အခြားအခြားသော ပန်းခြံတို့တွင်လည်း တစ်ခေတ်တစ်ခါက စာပေပညာရှင်ကြီးများ၏ ရုပ်သွင်၊ ဘဝမှတ်တမ်း၊ ကဗျာစာကောက်နုတ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်ပါက ပိုမိုပြည့်စုံသော ပြည်သူတို့အတွက် အပန်းလည်းပြေကြစေရာ ကျန်းမာမှုလည်း ပြည့်စေရာ၊ အခြားဗဟုသုတ၊ အသိအမြင်တို့လည်း တိုးပွားစေရာ ဥယျာဉ်ကြီးများအဖြစ် မျှော်လင့်ရေးသားမိပါသည်။ ။



ရန်ကုန်မြို့ရှိ သခင်မြပန်းခြံ၌ လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်။

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးအတွက် ဖော်ဆောင်ပေးမည့်သူကို ရွေးချယ်ကြပါစို့ . . .

■ မျိုးမင်းသိန်း(မရမ်းကုန်း)



ရန်ကုန် မြို့တော် စည်ပင်ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ဖေဖော်ဝါရီ ၁၈ ရက်က ထုတ်ပြန်ခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲရလဒ်များကို ဧပြီ ၁ ရက်မှ ဧပြီ ၃ ရက်အတွင်း ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့တော် စည်ပင်ရွေးကောက်ပွဲတွင် ပြည်သူများအနေဖြင့် ပါတီကို မကြည့်ဘဲ လူကိုကြည့်၍ မဲပေးကြရန် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

**လူကိုကြည့်ပြီး မဲပေးကြပါ**

"ကျွန်တော်တို့ကော်မရှင်က လွတ်လပ်တဲ့အဖွဲ့အစည်းပါ။ ဘယ်နိုင်ငံရေးပါတီရဲ့ လွှမ်းမိုးမှုမှ မခံဘူး။ ပါတီကိုမကြည့်ကြပါနဲ့၊ လူကိုကြည့်ပြီး မဲပေးကြပါ။ ဒါကတော့ ရဲရဲတင်းတင်း ပြောတယ်။ တိုင်းပြည်ကောင်းဖို့၊ မိမိတို့မြို့နယ် ကောင်းဖို့ ပြောတာပါ။ အလုပ်မလုပ်တဲ့လူကို ရွေးမိရင် မိမိတို့မြို့နယ်ပဲ ဒုက္ခရောက်မယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် လူကိုကြည့်ကြပါ"ဟု ဦးအောင်ခိုင်က ပြောသည်။

စည်ပင်ရွေးကောက်ပွဲ ယှဉ်ပြိုင်ရန်အတွက် မြို့တော် ကော်မတီဝင်နေရာ ခြောက်ခုတွင် ကိုယ်စားလှယ်လောင်း ၂၇ ဦး၊ မြို့နယ်ဥက္ကဋ္ဌနေရာများအတွက် ကိုယ်စားလှယ်လောင်း ၁၀၀၊ မြို့နယ်အဖွဲ့ဝင် တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ၇၅ ဦးနှင့် အဖွဲ့ဝင် (၂) နေရာအတွက် ကိုယ်စားလှယ်လောင်း ၇၂ ဦး ယှဉ်ပြိုင်မည်ဖြစ်ရာ ကိုယ်စားလှယ်စုစုပေါင်း ၂၇၄ ဦး ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီ ၁၈ ရက်က သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိုယ်စားလှယ် ၂၇၄ ဦးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ကိုယ်စားလှယ် ၉၁ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ကိုယ်စားလှယ် ၂၃ ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၁၆၀ တို့ ဖြစ်သည်။

ပါတီကိုယ်စားပြု ကိုယ်စားလှယ်များသည် ပါတီအလံနှင့် ပါတီလိုဂိုများကို အသုံးပြုခွင့်ရမည် ဖြစ်သည်။

**ဝန်ဆောင်မှုပေးတဲ့အဖွဲ့အစည်း**

"ရွေးကောက်ပွဲ တရားမျှတမှုထက် ပိုအရေးကြီးတာက စည်ပင်သာယာရေးဆိုတာက အရောင်မရှိ ဝန်ဆောင်မှုပေးတဲ့အဖွဲ့အစည်း၊ ဘယ်ပါတီမို့ လုပ်မပေးနိုင်ဘူး ပြောလို့မရဘူး။ ဝန်ဆောင်မှုအဖွဲ့အစည်းမှာ အရောင်အသွေးပါနေတာက မဖြစ်သင့်ဘူး။ ကြံ့ခိုင်ရေးက နိုင်တဲ့နေရာ NLD က အကူအညီလာတောင်းရင် မပေးဘူးလား။ NLD ကနိုင်တဲ့နေရာ ကြံ့ခိုင်ရေးက အကူအညီလာတောင်းရင် မပေးဘူးလား။ အရောင်တွေပါနေတဲ့အတွက် ရေရှည်မှာ ပြဿနာတွေဖြစ်လာလိမ့်မယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ထွက်ပြီး တစ်သီးပုဂ္ဂလ ဝင်ရောက်အရွေးချယ်ခံမည့် စည်ပင်ကော်မတီဝင် စာရင်းလျှောက်ထားသူ ဦးဝင်းချိုက အင်တာဗျူးတစ်ခုတွင် ပြောကြားထားသည်။

ပါတီကိုယ်စားပြုသူများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများသည် အားစိုက်၍ ပြင်းပြင်းထန်ထန်ကြိုးစားရမည်ဟု မြို့တော်ကော်မတီဝင် အမှတ်(၄)နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးမျိုးမြင့် ( MKT) ဆောက်လုပ်ရေးဥက္ကဋ္ဌက ပြောကြားထားသည်။

**လူတော်လူကောင်းများရွေးချယ်**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥပဒေတွင် နိုင်ငံရေးပါတီဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် တားမြစ်မထားသည့်အတွက် နိုင်ငံရေးပါတီ ကိုယ်စားပြု ယှဉ်ပြိုင်သူများကို ဥပဒေအရ ခွင့်ပြုထားခြင်းဖြစ်ကြောင်းနှင့် လူတော်လူကောင်းများကို ရွေးချယ်မဲပေးကြရန် ပြည်သူများသို့ တိုက်တွန်းကြောင်း ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောကြားထားသည်။

ရွှေပြည်သာမြို့နယ်အတွင်း ကြည့်မည်ဆိုပါက စည်ပင်ရွေးကောက်ပွဲအတွက် တစ်သီးပုဂ္ဂလ သုံးဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ သုံးဦးတို့ကို ကိုယ်စားလှယ်လောင်းများအဖြစ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်က အတည်ပြုပေးခဲ့ပြီဖြစ်ကြောင်း ရွှေပြည်သာမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**အတည်ပြု ရွေးချယ်**

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနေရာအတွက် ဦးသိန်းနိုင် တစ်သီးပုဂ္ဂလ အမှတ်(၈)ရပ်ကွက်နေသူနှင့် ဦးသိန်းဇံ NLD ပါတီ အမှတ်(၈)ရပ်ကွက်နေသူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်(၁) နေရာအတွက် ဦးမောင်မောင်ညွန့် တစ်သီးပုဂ္ဂလ အမှတ်(၁၁) ရပ်ကွက်နေသူနှင့် ဦးသီဟသူ NLD ပါတီဝင် အမှတ်(၁၀)ရပ်ကွက်နေသူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်၂ နေရာအတွက် ဦးဝင်းအောင် တစ်သီးပုဂ္ဂလ အမှတ်(၁၅) ရပ်ကွက်နေသူနှင့် ဦးသိန်းထိုက် NLD ပါတီဝင် အမှတ်(၂၀)ရပ်ကွက်နေသူတို့ကို ရွေးကောက်ပွဲကော်မရှင်မှ စိစစ်ပြီးဖြစ်၍ ကိုယ်စားလှယ်လောင်းများအဖြစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အတည်ပြုရွေးချယ်ခဲ့ပြီးဖြစ်သည်။

ရွေးချယ်ထားပြီးဖြစ်သည့် ကိုယ်စားလှယ်လောင်းများသည် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ မတ် ၂၈ ရက်အထိ မဲဆွယ်စည်းရုံးခွင့်ပေးထားကြောင်း၊ မတ် ၃၁ ရက်တွင် ရွေးကောက်ပွဲကျင်းပပေးမည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲရလဒ်များ ဧပြီ ၁ ရက်မှ ဧပြီ ၃ ရက်အထိ သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကော်မရှင်မှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ ။

**ပါတီ ကိုယ်စားပြုသူများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများသည် အားစိုက်၍ ပြင်းပြင်းထန်ထန် ကြိုးစားရမည်**

---

**အချပ်ပို(ခ)မှ**

ယာယီရွှေ့ပြောင်းနေထိုင်နိုင်ဖို့ ရွှေ့ပြောင်းစရိတ်တွေလည်း ထုတ်ပေးသွားမှာဖြစ်ပါတယ်။ တည်ဆောက်ရေးကာလဟာ နှစ်အနည်းငယ် ကြာမြင့်နိုင်တာမို့ ရွှေ့ပြောင်းစရိတ်ထုတ်ပေးတဲ့အခါ အဆင်ပြေအောင် ဆောင်ရွက်သွားမယ်လို့ ရန်ကင်းအိမ်ရာမှာ နေထိုင်သူတွေနဲ့ တွေ့ဆုံပွဲမှာ တာဝန်ရှိသူတွေက ရှင်းပြပါတယ်။

အိမ်ရာစီမံကိန်းတည်ဆောက်ပြီးစီးသွားတဲ့အခါ လက်ရှိနေထိုင်သူတွေကို စည်းကမ်းတကျနဲ့ ပြန်လည်နေရာချပေးမှာဖြစ်တာမို့ အခုအချိန်မှာ စနစ်တကျနဲ့ စိစစ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။



ရန်ကုန်မြို့ကို မြို့ပြဖွံ့ဖြိုးဖို့အတွက် မြို့နယ်အလိုက် ခွဲခြားသတ်မှတ်ထားတာကိုကြည့်ရင် လက်ရှိမြို့ပြ သဘာဝပတ်ဝန်းကျင်စနစ်ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာ၊ မြို့ပြဖွံ့ဖြိုးမှုများအား ထိန်းသိမ်းနိုင်ရန် သတ်မှတ်ထားတဲ့ ဧရိယာများနဲ့ သမိုင်းအမွေအနှစ်များ စုဝေးတည်ရှိရာဧရိယာ၊ မြို့ပြဖွံ့ဖြိုးမှုအား တိုးမြှင့်ဆောင်ရွက်ရန် ဧရိယာ၊ မြို့ပြဖွံ့ဖြိုးမှုများကို စနစ်တကျပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်မယ့် ဧရိယာတွေဆိုပြီး ရှိပါတယ်။

**ရန်ကုန်မြို့ဖွံ့ဖြိုးလာအောင်ဆောင်ရွက်**

အဲဒီမှာမှ ရန်ကင်းမြို့နယ်ဟာ မြို့ပြဖွံ့ဖြိုးမှုများကို စနစ်တကျပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမယ့်ဧရိယာထဲမှာ ပါဝင်ပါတယ်။ ဒါကြောင့် ရန်ကင်းမြို့နယ်ထဲမှာ ပါဝင်နေတဲ့ ရန်ကင်းအိမ်ရာစီမံကိန်း ပြန်လည်တည်ဆောက်ရေးဟာလည်း ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုကို စနစ်တကျတိုးတက်လာအောင် ဆောင်ရွက်ခြင်းဖြစ်တယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဦးစားပေးအနေနဲ့ ရန်ကင်းအိမ်ရာစခန်းစီမံကိန်းကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေခြင်း ဖြစ်ပါတယ်။

**ရန်ကင်းမြို့နယ်ရှိ အိမ်ရာဟောင်းတချို့ကို တွေ့ရစဉ်။**

အခုဆိုရင် ရန်ကင်းမြို့နယ်ဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးမှုပုံရိပ်သစ်တွေ ထွက်ပေါ်နေတဲ့ မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ အထပ်မြင့် လူနေတိုက်ခန်းအဆောက်အအုံတွေ၊ ဟိုတယ်စီမံကိန်းတွေ၊ ရှော့ပင်းမောနဲ့ နိုင်ငံတကာအဆင့်မီရုံးခန်းတွေ၊ အထပ်မြင့်အဆောက်အအုံစီမံကိန်းအသစ်တွေနဲ့ ဖွံ့ဖြိုးမှုအရှိန်ကောင်းနေတဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။

**မြို့ပြပုံရိပ်သစ် ထွက်ပေါ်လာတော့မှာဖြစ်**

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ နေ့စဉ်သက်ဝင်လှုပ်ရှားနေတဲ့ ရန်ကင်းမြို့နယ်မှာ အခုလို ရန်ကင်းအိမ်ရာစခန်းစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ ဂျပန်တို့ ပူးပေါင်းဆောင်ရွက်တော့မှာဖြစ်တဲ့အတွက် ရန်ကုန်မြို့ပြရဲ့ တိုးတက်ဖွံ့ဖြိုးမှုပုံရိပ်သစ်ကို မကြာမီကာလမှာ မြင်တွေ့ထွက်ပေါ်လာတော့မှာပဲ ဖြစ်ပါတယ်။ ။